www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် [illegible] အမှတ် ၅၀၁၄၆ [illegible] ၂၀၀၇
မျက်နှာဖုံးခွင့်ပြုချက် [illegible]

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ မတ်လ
အုပ်ရေ ၅၀၀

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

ထုတ်ဝေသူ
[illegible] (သိန်းမင်းစာပေ)
အမှတ် [illegible] လမ်း၊ ကျောက်မြောင်း
[illegible]မြေ။

ဦးကျော်စိန် ([illegible] အော့ဖ်ဆက်)
[illegible] လမ်း၊ ကျော[illegible]မြို့နယ်

အဖုံးပုံနှိပ်
ဦးကျော်စိန် ([illegible])
[illegible]၊ ၃၃ [illegible] ကျောက်တ[illegible]မြို့နယ်

၁၀၀၀ ကျပ်

[illegible]ဒ်ပျူတာ
[illegible] City

# မာယာကြာညိုအိုင်
# စွဲမက်သျှင်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အခန်း (၁)

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် 'ခင်ခင်မေ' က 'ငါတို့ရွာကို လိုက်လည်ပါလား မကြာညို' ဟု ဖိတ်ခေါ်စဉ်က သူမသည် ခင်ခင်မေတို့ရွာကို လိုက်လည်ဖို့ စိတ်ဝင်စားခြင်း လုံးဝမရှိခဲ့ပါ။

သူမသည် ရှားရှားပါးပါး အားလပ်ရက်ကို ဘုရားဖူးခရီးမျိုး ဒါမှမဟုတ် ငပလီလို၊ ကွမ်းသာယာလိုနေရာမျိုးတွင် အပန်းဖြေရတာမျိုးပဲ လုပ်ချင်မိသည်။ ဝေးလံသည့် တောရွာတစ်ရွာတွင် ပျင်းရိခြောက်သွေ့စွာ အချိန်မဖြုန်းချင်ပါ။

ရန်ကုန်မှာ မွေးဖွားပြီး ရန်ကုန်မှာပင် ကြီးပြင်းလာခဲ့

www.burmeseclassic.com



သည့် ရန်ကုန်သူတစ်ယောက်ပီပီ သူမက စည်စည်ကားကား နေရတာကိုပဲ သဘောကျမိသည်။

လျှပ်စစ်မီးမရှိ၊ စားချင်တာလည်း မစားရ၊ လမ်းပန်း ဆက်သွယ်ရေးလည်း ခက်ခဲသည့် ကျေးလက်တောရွာတစ်ရွာ တွင် အားလပ်ရက်ကို ဖြုန်းတီးပစ်လိုက်ရမှာ နှာမြောစရာ ကောင်းသည်ဟု သူမက ထင်မိသည်။

ခင်ခင်မေကို အားနာသည့်အတွက် ခါးခါးသီးသီးတော့ မငြင်းမိ။ ကြည့်ကောင်းအောင်ပဲ ပြောမိသည်။

"ငါက ဘုရားဖူးသွားချင်တာ ခင်ရဲ့" ဟု သူမကပြော တော့ ခင်ခင်မေက အလိုက်ကန်းဆိုးမသိဘဲ ဝမ်းသာအားရ ပြန်ပြောသည်။

"ဟာ... အတော်ပဲ မကြြာညို၊ ငါတို့ရွာရဲ့ အနီး ပတ်ဝန်းကျင်မှာ ရှေးဟောင်းဘုရားတွေ၊ စေတီတွေမှ အများ ကြီးပဲ။ ဖူးစိမ်းပါလေ့"

သူမက စိတ်ညစ်သွားပြီး ရှောင်လွှဲလိုက်ရပြန်သည်။

"ငါပြောတာက တန်ခိုးကြီးဘုရားတွေ ဖူးချင်တာ





ခင်ရဲ့။ မရောက်ဖူးတဲ့နေရာဒေသက တန်ခိုးကြီးဘုရားပေါ့ ဟာ"

ခင်ခင်မေကလည်း လုံးဝ အလျှော့မပေးပါ။

"ဩော်... မကြာညိုရယ်၊ ရှေးဘုရားတွေက ပိုတောင် တန်ခိုးကြီးသေးတယ်။ ငါတို့ရွာနားက ဘုရားအိုကြီးမှာ လပြည့်ညတွေမှာဆို ဘယ်သူလာလှူမှန်းမသိဘဲနဲ့ ပန်းတွေ အပြည့်ဖြစ်နေတတ်တာဟဲ့"

"ဟင်... ဟုတ်လား"

သူမက အနည်းငယ်စိတ်ဝင်စားသွားချိန်တွင် ခင်ခင်မေ က အားရပါးရ ထပ်လောင်းပြီး ပြောသည်။

"ဟုတ်တယ်ဟ ပန်းတွေ ဘုရားကို ဘယ်သူလာလှူ တယ်ဆိုတာကို သိချင်လို့ သွားစောင့်ကြည့်ကြတာလဲ အကြိမ် ကြိမ်ပဲ။ တစ်ခါမှ မအောင်မြင်ကြဘူး။ ဘုရားရင်ပြင်မှာ စောင့်နေကြရင်း စောင့်နေတဲ့လူတွေ အားလုံး တစ်ပြိုင်နက် တည်း အိပ်ငိုက်သွားပြီး သတိပြန်ဝင်လာတာနဲ့ ပန်းတွေက ဘုရားကို လှူထားပြီးသား ဖြစ်နေရော။ အခါခါ စောင့်

www.burmeseclassic.com



ကြည့်တိုင်း၊ အခါခါ အဲဒီအတိုင်း ဖြစ်နေလို့ အခုဆိုရင် ဘယ်သူကမှ ဆောင့်ကြည့်မနေတော့ဘူး။ ထူးဆန်းတဲ့ ကိစ္စတစ်ခုက နှစ်တွေကြာလာတော့ ရိုးသွားပြီဆိုပါတော့ဟာ"

"ဟင်... ဒါဆို ခုထိ ပန်းတွေကို ဘယ်သူလာလှူတယ်ဆိုတာ မသိသေးဘူးပေါ့"

"အေး... မသိကြသေးဘူး။ ပန်းတွေကတော့ လပြည့်ညတိုင်း ဘုရားရင်ပြင်ပေါ်မှာ လှလှပပ ဝေဝေဆာဆာပဲ။ အထူးသဖြင့် ကြာညိုပန်းတွေ ဘုရားမှာ လှူထားတာ ဘယ်လောက် ထူးခြားထားသလဲ"

ကြာညိုပန်းဆိုသည့်အတွက် သူမက စိတ်ဝင်စားမိသွားသည်။ ဘာဖြစ်လို့လဲဆိုတော့ မေကြာညိုဆိုသည့် အမည်ကို ပိုင်ဆိုင်ထားသည့် သူမသည် ကြာညိုပန်းများကို ချစ်မြတ်နိုးလွန်းလို့ပဲ ဖြစ်သည်။

"နေဦး ခင်၊ နင်တို့ရွာရဲ့နာမည်က ဘယ်လိုခေါ်လဲဟင်။ သွားရတာရော ခက်ခဲသလား"

"ငါတို့ရွာက ကြာညိုအိုင်ရွာတဲ့။ ရန်ကုန်ကနေ မနက်





အစောကြီး ကားနဲ့သွားရင် ရွာကို ညဘက်တော့ ရောက်သွားတာပေါ့ဟာ။ အဲ... ရထားနဲ့သွားရင်တော့ ရွာကို တိုက်ရိုက် မရောက်လို့ မြို့မှာ တစ်ညအိပ်ရလိမ့်မယ်"

သေချာတာကတော့ ကြာညိုအိုင်ရွာဆိုသည့် အမည်သည် သူမကို ဖမ်းစားလိုက်သလို ဖြစ်သွားခြင်းပဲ ဖြစ်လေသည်။

"ကြာညိုအိုင် ကြာညိုအိုင်၊ ရွာနာမည်လေးက လှလိုက်တာဟာ။ နေပါဦး နင်တို့ရွာမှာ တကယ်ရော ကြာညိုအိုင်ရှိလို့လား ခင်ရဲ့"

"ရှိတာပေါ့ဟဲ့။ အိုင်ကြီးမှ နည်းနည်းနောနောမဟုတ်ဘူး။ တစ်ဧကစာလောက်တောင် မကဘူး။ အဲဒါ နွေရာသီ ရေနည်းတဲ့အချိန်ကို ပြောတာနော်။ မိုးရာသီမှာဆိုရင် ကြာညိုအိုင်ကြီးက ငါးဧကတောင် မကဘူး၊ အကျယ်ကြီးပဲ"

"ကြာညိုပန်းတွေရော အများကြီးပဲလား"

"အေးပေါ့၊ မိုးတွင်းမှာဆို ရေပြင်တစ်ခုလုံး ကြာညိုတွေချည်းပဲ။ တစ်ရွာလုံးလဲ ကြာညိုပန်းနံ့တွေ သင်းထုံနေ



www.burmeseclassic.com

www.burmeseclassic.com



တာဟာ၊ အခုအချိန်တော့ ကြာညိုတွေ နည်းနေပြီ။ ဒါပေမဲ့ ဒီအချိန်ပွင့်တဲ့ ကြာညိုတွေက အပွင့်ပိုကြီးတယ်"

"အိုကော နင်တို့ရွာကိုပဲ ငါ အလည်လိုက်ခဲ့တော့မယ် ခင်"

သူမပြောလိုက်တာနှင့် ခင်က ဝေးခနဲ ထအော်လေသည်။

"ဟဲ့... ဘာဖြစ်တာတုံး"

"ဝမ်းသာတာလေဟာ၊ ဝမ်းသာတာပေါ့။ သူငယ်ချင်းတွေအားလုံးက နင်လိုက်မှ လိုက်ကြမှာတဲ့။ နင်မလိုက်ရင် ဘယ်သူမှ မလိုက်ဘူးလို့ ငါ့ကို အတိအလင်း ပြောထားကြတာ။ ကိုကောင်းဇော်ထွဋ်က အဆိုးဆုံးပဲ"

"ဘုရားရေ ဇော်ထွဋ်ပါလိုက်မှာ ဟုတ်လား"

"အေးလေ ငါတို့တစ်အုပ်စုလုံး သွားမှာ၊ ဇော်ထွဋ်က ဘာကြောင့် ကျန်ခဲ့ရမှာလဲ။ အထူးသဖြင့် နင်ပါ ပါလာမှတော့ ဒီကောင်က ပိုလို့တောင် ကျန်နေခဲ့ချင်မှာ မဟုတ်ဘူး"

"ဒုက္ခပါပဲဟာ၊ ဒီကောင်ပါလာရင်တော့ နားငြီးရဦး





မှာပဲ စိတ်ပျက်တယ်"

"စိတ်မပျက်ရအောင် ဇော်ထွဋ်ကို နင် ပြန်ချစ်လိုက်ပေါ့ မကြာညိုရယ်။ နင်နဲ့သူသာ ချစ်သူတွေ ဖြစ်သွားရင် သူပြောတဲ့စကားတွေလဲ နင့် နားငြီးမှာ မဟုတ်တော့ဘူး။ ပြောရရင် ဇော်ထွဋ်က သနားစရာပါဟာ၊ နင့်ကို ချစ်လွန်းလို့ အစစအရာရာ အနွံအတာခံနေခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"တော်စမ်းပါဟာ"

"မတော်နိုင်ဘူး မကြာညို၊ နင်နဲ့ငါ နှစ်ယောက်တည်းရှိတုန်း မေးပါရစေဦး။ နင် ဇော်ထွဋ်ကို ဘာကြောင့် လက်မခံတာလဲဟင်။ သူ့ဆီမှာ နင် သဘောမကျတဲ့အကြောင်း ဘာရှိနေလို့လဲ။ ပြောစမ်းပါဦး"

သူမက ခင်မေးတာကို စိတ်မရှည်စွာ ပြန်ဖြေမိသည်။

"မချစ်တာ မချစ်လို့ပေါ့ဟာ၊ ဘာအကြောင်းရှိရဦးမှာလဲ ကဲ..."

"အမယ် အဲဒီလို လက်လွှတ်စပယ်ကြီး ဖြေလို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ မေကြာညို။ နိုင်လုံတဲ့ အကြောင်းပြချက်တော့ ရှိကို ရှိရမှာပေါ့ဟာ။ ဇော်ထွဋ်ခမျှာ ဘယ်လောက် သနားစရာ ကောင်းထားသလဲ"

"တဲ... နင် အဲဒီစကားတွေ ဆက်ပြောနေရင် ငါ လုံးဝ မလိုက်တော့ဘူး ဒါပဲ"

သူမက အနိုင်ပိုင်းပစ်လိုက်တော့မှ ခင်ခင်မေက ငြိမ်သက်သွားသည်။ သူငယ်ချင်းတွေအားလုံးက ဇော်ထွဋ်နှင့် သူမကို သဘောတူကြသည်။ ဖြစ်သွားစေချင်ကြသည်။

ဇော်ထွဋ်ကိုလည်း ဝိုင်းဝန်းပြီး မီးထိုးပေးကြသည်။ ခက်တာက သူမ၏ စိတ်ခံစားချက်ပဲ ဖြစ်သည်။ ဇော်ထွဋ်ကို သူငယ်ချင်းလိုပဲ ချစ်သည်။ ချစ်သူလို ချစ်ကြည့်လို့မရ။

အမှန်အတိုင်း ဝန်ခံရလျှင် အစပိုင်းတုန်းက ဇော်ထွဋ်ကိုပဲ သူငယ်ချင်းသံယောဇဉ်ဖြင့် ပြန်ချစ်မလို ဖြစ်သည်။

အကယ်၍သာ သူမသည် ရွှေတိဂုံဘုရား ရင်ပြင်၌ ထူးခြားသည့် မိန်းမကြီးတစ်ယောက်နှင့် မဆုံတွေ့ခဲ့ဘူးဆိုလျှင် အခုလောက်ဆို ဇော်ထွဋ်နှင့်သူမ ချစ်သူတွေ ဖြစ်နေ





လောက်ပြီ။

ထူးခြားဆန်းကြယ်သည့် မိန်းမကြီးတစ်ယောက်နှင့် ဆုံတွေ့ခဲ့ရသည့်အတွက် ဇော်ထွဋ်၏အချစ်ကို လက်မခံဖြစ်သေးတာ ဖြစ်သည်။

ထိုနေ့က အဖြစ်အပျက်များသည် စဉ်းစားတိုင်း အသစ်ဖြစ်နေဆဲပဲ ရှိသေးတာ သေချာလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ထိုနေ့သည် သူမ၏ မွေးရက်ကြာသပတေးနေ့ ဖြစ်တာမို့ အမိဋ္ဌာန်ပုတီးစိပ်ရန် ရွှေတိဂုံဘုရားသို့ သူမတစ်ယောက်တည်း မနက်စောစောတွင် ရောက်လာခဲ့တာ ဖြစ်သည်။

အမိဋ္ဌာန်ပုတီးကို အေးအေးဆေးဆေး စိပ်ချင်သည့်အတွက် မေကြာညိုက အဖော်ခေါ်မလာခဲ့။ အဖော်ပါလာလျှင် ပုတီးစိပ်ရတာ စိတ်မဖြောင့်ဘဲ နောက်ဆံငင်နေရမှာ အားနာနေရမှာစိုးလို့ပဲ ဖြစ်သည်။

ကြာသပတေးထောင့်တွင် ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး သူမက ပုတီးစတင်စိပ်လိုက်သည်။





အမိဋ္ဌာန်ပုတီး ပတ်ရေပြည့်အောင်စိပ်ပြီးနောက် မေတ္တာသုတ်ရွတ်ဖတ်နေစဉ်မှာပင် မေကြာညိုသည် သူမကို တစ်စုံတစ်ယောက်က စူးစိုက်ကြည့်ရှုနေသည်ဟူသည့် ခံစားချက်ကို စတင်ခံစားရလေတော့သည်။

သူမက နံဘေးဝန်းကျင်သို့ ကြည့်လိုက်သည်။ သူမကို စူးစိုက်ကြည့်နေသူအား မတွေ့ရ။ စိတ်ထင်လို့ပါဟု တွေးရင်း သူမက မျက်စိမှိတ်၍ မေတ္တာသုတ်ကို ဆက်လက်ရွတ်ဆိုပွားများနေဆဲ သူမအနားသို့ တစ်စုံတစ်ယောက် လာရောက်ပြီး ညင်သာစွာ ထိုင်လိုက်တာကို သတိပြုမိလိုက်သည်။

ဘုရားရင်ပြင်၌ လူအမြောက်အမြား ရှိနေတာမို့ သူမက အထွေအထူး ကြောက်မနေမိဘဲ ဘုရားဖူးသူတစ်ယောက်ယောက်ပဲ ဖြစ်လိမ့်မည်ဟု တွေးကာ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်မိသည်။

အတော်ကြာလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့မှ သူမနံဘေးတွင် အညိုရောင် ယောဂီဝတ်စုံကို ဝတ်ဆင်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အသက်ငါးဆယ်ကျော်အရွယ် မိန်းမကြီးတစ်ယောက် ထိုင်နေတာကို တွေ့လိုက်ရလေသည်။

ထူးဆန်းတာကတော့ ထိုမိန်းမကြီးသည် သူမကို မပြုံးမရယ်သော မျက်နှာဖြင့် တည်ကြည်စွာ စူးစိုက်ကြည့်နေခြင်းပဲ ဖြစ်လေသည်။

ရုတ်တရက်မို့ မေကြာညိုက ကြောင်အအဖြစ်သွားပြီး သူမကို စိုက်ကြည့်နေသည့် မိန်းမကြီးအား ပြုံးပြလိုက်မိသည်။ မိန်းမကြီးသည် သူမ၏အပြုံးကို အပြုံးနှင့် မတုံ့ပြန်ဘဲ ခေါင်းညိတ်ပြ၍ အသိအမှတ်ပြုဟန် လုပ်ပြလေသည်။

ထို့နောက် ထိုမိန်းမကြီးသည် မပြုံးမရယ်ဘဲ လေးနက်တောက်ပြောင်သော မျက်လုံးများဖြင့် သူမ၏'မျက်ခုံးနှစ်ခုအကြား နှာယောင်နေရာကို စူးစိုက်ကြည့်ကာ ရှေ့ဖြစ်ဟောသလိုပုံစံမျိုးဖြင့် သူမကို တစ်ခွန်းချင်း ပြောလေတော့သည်။

"မိန်းကလေး မင်းရဲ့ဖူးစာရှင်ဟာ မင်းကို အတိတ်ဘဝကနေ စောင့်နေတယ်။ မင်း သူနဲ့ လက်ထပ်ရလိမ့်မယ်။





ဘယ်လိုမှ ရှောင်လွှဲလို့မရဘူး။ သူနဲ့ လက်ထပ်ကိုထပ်ရမှာပဲ။ သုံးဂဏန်းကို မြင်နေရတယ်။ သုံးရက်၊ သုံးလ၊ သုံးနှစ်အတွင်း ဖြစ်ရမယ်။ ဒါကြောင့် မင်း ချစ်သူမထားပါနဲ့။ ချစ်သူထားလိုက်တာနဲ့ ဒုက္ခတွေ့ရလိမ့်မယ်"

မိန်းမကြီးသည် ထိုစကားများကို အဆက်မပြတ်ပြောပြီးတာနှင့် သူမကို နှုတ်မဆက်ဘဲ သူမရှေ့မှ ထွက်ခွာသွားလေတော့သည်။

အံ့သြနေသည့် မေကြာညိုသည် ထိုမိန်းမကြီးကို တားမြစ်ဖို့ မေ့လျော့နေပြီး ခပ်ကြောင်ကြောင် ငေးကြည့်နေဆဲ။ ထိုမိန်းမကြီးသည် သူမ၏ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေတော့သည်။

ပုံမှန်အားဖြင့် မေကြာညိုသည် ဗေဒင်မေးခလေ့မေးထမရှိသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။

ဗေဒင်၊ မနော၊ ဓာတ်စီး၊ နတ်စီး စသည့်အရာများသည် သူမနှင့် အတော်ကို စိမ်းပြတ်တာ သေချာသည်။ ထို့ကြောင့် ထိုကိစ္စများကို ယုံလည်းမယုံ၊ အားကိုးအားထားလည်းမပြု၊



www.burmeseclassic.com

www.burmeseclassic.com



စပ်စပ်စုစုလည်း မလုပ်ဘဲ သူ့မဘာသာ သူမ နေခဲ့တာ ဖြစ်သည်။

ကျောင်းတက်တုန်း သူငယ်ချင်းတွေက ဗေဒင် အရမ်းမှန်လို့ဆိုပြီး သွားမေးကြလျှင်တောင် သူမက အဖော်အဖြစ် လိုက်ပါသွားလေ့ရှိသူ မဟုတ်။ သူမ၏ လက်သုံးစကားက...

"ဗေဒင်တွေ မနောတွေ ငါမယုံပါဘူးဟာ၊ လူတစ်ယောက်ရဲ့ အနာဂတ်ကို ဗေဒင်ဆရာက အတပ်ပြောနိုင်တယ်ဆိုတာ ဘယ်လောက် ယုတ္တိတန်ထားသလဲ။ ဗေဒင်ဆရာ လုပ်ခိုင်းတဲ့ ယတြာကို လုပ်လိုက်တာနဲ့ပဲ ကံကောင်းသွားရကောလား။ မဖြစ်နိုင်ပါဘူးဟာ၊ ငါကတော့ ဘယ်တော့မှ ဗေဒင်မေးမှာ မဟုတ်ဘူး။ ဒါကြောင့် ဗေဒင်ဆရာအိမ်ကို သွားဖို့ ငါ့ကို အဖော်လာစပ်ရင် မှားသွားလိမ့်မယ်" ဟု အမြဲတစေ ပြောခဲ့တာ ဖြစ်သည်။

တကယ်လည်း သူမက ထိုကိစ္စတွေကို မယုံကြည်ပါ။ မယုံလို့ ဝေးဝေးနေခဲ့သည့်သူမကို အမည်မသိ မိန်းမကြီး တစ်ယောက်က ဟောကိန်းလိုလို၊ အကြားအမြင်လိုလိုနှင့်





မယုံနိုင်စရာ စကားတွေ လာပြောသွားခြင်းသည် သူမ့်အတွက် ရယ်စရာဖြစ်သော်လည်း ထူးဆန်းစွာပင် သူမက မရယ်နိုင်ဘဲ စိတ်အာရုံများ မှိုင်းညို့သွားရလေတော့သည်။

အဲဒီမိန်းမကြီးဟာ ဘယ်သူလဲ။

ဘယ်လိုရည်ရွယ်ချက်နဲ့ သူမကို ဒီလိုစကားတွေ လာပြောရတာလဲ။

ဘာအဓိပ္ပာယ်လဲ။

စဉ်းစားကြည့်ပေမယ့် အဖြေကတော့ ထွက်မလာ။ ထိုမိန်းမကြီးသည် စိတ်မနှံ့သူ တစ်ယောက်များ ဖြစ်နေမည်လားဟု တွေးမိသော်လည်း ထိုအတွေးကို သူမကိုယ်တိုင် သဘောကျခြင်း မဖြစ်မိပါ။ မဖြစ်နိုင်ဘူးဟုလည်း ထင်မြင်မိသည်။ ဘာကြောင့်လဲဆိုတော့ ထိုမိန်းမကြီးမျက်လုံးများသည် တည်ကြည်လေးနက်၍ တောက်ပနေသောကြောင့် ဖြစ်လေသည်။

ထိုမျက်လုံးများသည် ဘယ်လိုနည်းနှင့်မှ ရူးသွပ်နေသူ တစ်ယောက်၏ မျက်လုံးမျိုး မဟုတ်တာ သေချာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်လုံးများသည် စိတ်အင်အား ကြီးမားသူ၊ အမြော်အမြင်ရှိသူတစ်ယောက်၏ မျက်လုံးများ ဖြစ်သည်ဟုလည်း သူမက အကဲခတ်မိသည်။

ဒါဆို ထိုမျက်လုံးများကို ပိုင်ဆိုင်ထားသူတစ်ယောက်၏ နှုတ်ထွက်စကားသည် အဓိပ္ပာယ်မဲ့စကားများ မဖြစ်နိုင်ဟု မေကြာညိုက ကောက်ချက်ဆွဲမိပြန်သည်။

ဒါပေမဲ့ ထိုမိန်းမကြီး ပြောသွားသော စကားများသည် အဓိပ္ပာယ်မရှိသော အသုံးအနှုန်းများ ဖြစ်နေပြန်သည်။

သူမရဲ့ ဖူးစာရှင်ဟာ အတိတ်ဘဝကနေ စောင့်နေသတဲ့။ သူမကလည်း ထိုသူနဲ့ပဲ လက်ထပ်ရမတဲ့။ ထိုစကား၏ အဓိပ္ပာယ်ကို ဘယ်လို ကောက်ယူရပါ့မလဲ။ အတိတ်ဘဝဆိုတာ ဘာကိုပြောတာလဲ။ အတိတ်ဆိုတာပြီးခဲ့တာ ကျန်ခဲ့တာတွေ ဖြစ်သည်။ ဒီတော့ အတိတ်ဘဝထဲက ဖူးစာရှင်ကို လက်ရှိဘဝက သူမအနေဖြင့် ဘယ်လိုလက်ထပ်ရပါ့မလဲ။ လုံးဝ မဖြစ်နိုင်။

ထိုမိန်းမကြီးသည် ဘယ်လိုမှ ရှောင်လွှဲလို့မရဘူးဆို





သည့် စကားကိုလည်း ထည့်သွင်းပြောဆိုသွားသေးသည်။ ပြီးတော့ သုံးဂဏန်းမြင်တယ်၊ သုံးရက်၊ သုံးလ၊ သုံးနှစ်အတွင်း ဖြစ်ရမယ်ဟုလည်း အချိန်ကာလကိုပါ ကန့်သတ်ပေးသွားလေသည်။

ဒီလောက်နှင့် မပြီးသေး။ သူမချစ်သူထားလျှင် ဒုက္ခရောက်ရမည်ဟုလည်း ပြောဆိုသွားသေးသည်။ ဒါ ဘာသဘောလဲ။ ယုံကြည်လက်ခံရမည်လား။ အရူးစကားအဖြစ် မေ့ပျောက်ထားလိုက်ရမှာလား။

တွေးရင်း တွေးရင်း မေကြာညိုက မူးနောက်လာတော့သည်။ အဖြေရအောင်လည်း တွေးတောနိုင်ခြင်း မရှိခဲ့ပါ။ ခက်တာက သူမသည် ထိုအဖြစ်အပျက်ကို ပေါ့ပေါ့တန်တန် သဘောထားကြည့်လို့ မရဘဲဖြစ်နေရတာပဲ ဖြစ်တော့သည်။

"အလကားပါ' အလကားပါ" ဟု ရေရွတ်နေသည့်ကြားထဲမှ ' ထိုမိန်းမကြီးနှင့် ထိုမိန်းမကြီး ပြောသွားသည့် အကြောင်းအရာများက သူမ၏ ရင်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားပြီး နေရာယူလာသည့်အခါမှာတော့ မယုံဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



သည့်ကြားထဲကပင် မေကြာညိုက ချစ်သူရည်းစား မထားဝံ့တော့ဘဲ ဖြစ်သွားရလေသည်။

ဒီလိုနဲ့ပဲ ဇော်ထွဋ်၏အချစ်ကို လက်ခံလုဆဲဆဲ အနေအထားမှ ခေါင်းခါသည့်အနေအထားသို့ ရောက်ရှိသွားခဲ့ရတာဖြစ်သည်။ ခုထိတော့ အမည်မသိ မိန်းမကြီး၏ ဟောကိန်းများသည် သူမထံသို့ ဆိုက်ရောက်မလာသေးပါ။

သို့သော် သူမကတော့ မမေ့လျော့နိုင်သေးဘဲ ဇော်ထွဋ်ကိုရော၊ အခြားယောကျ်ားများကိုပါ ချစ်သူအဖြစ် မရွေးချယ်နိုင်သေးဘဲ ယောင်ဝါးဝါး ရှိနေခဲ့တာ နှစ်ပတ်လည်ခဲ့ပြီဖြစ်လေသည်။

အခါအခွင့်သင့်တိုင်း ရွှေတိဂုံဘုရား ရင်ပြင်ပေါ်၌ ထူးခြားသည့် မိန်းမကြီးကို ရှာဖွေကြည့်မိသော်လည်း ယနေ့တိုင် မတွေ့ရသေးပါ။

ထိုမိန်းမကြီး ပြောသွားသည့် အကြောင်းအရာများကိုလည်း မိသားစုအတွင်းမှာရော၊ သူငယ်ချင်းများကိုပါ လုံးဝမပြောပြဖြစ်ခဲ့သေးပါ။ အခုအကြောင်း တိုက်ဆိုင်တာနှင့်





မေကြာညိုက ထိုအဖြစ်အပျက်များကို သတိတရ ဖြစ်မိလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"ဘုရားရေ မေကြာညို ကြောင်ကြောင်ကြီး ငေးနေလိုက်တာ ငါပြောတာကိုရော ကြားရဲ့လား"

ခင်ခင်မေက ထအော်တော့မှပဲ သူမ သတိပြန်ဝင်လာသည်။

"ဟင်... ဘာ... ဘာပြောလိုက်တာလဲဟင်"

"အမယ်လေး သေပါတော့ဟယ်၊ နင် ဘာတွေ စဉ်းစားနေတာလဲဟာ"

မေကြာညိုက ခပ်တည်တည် ပြန်ပြောလိုက်သည်။

"ကြာညိုအိုင်ဆိုတာကို စိတ်ဝင်စားနေတာနဲ့ နင်ပြော





တာကို မကြားလိုက်ဘူး ခင်ရယ်၊ ဘာလဲဟင် နင် ဘာပြောလိုက်တာလဲ"

ခင်ခင်မေက သူမကို မျက်စောင်းထိုးသည်။

"ငါပြောတာ ဇော်ထွန်းကားနဲ့ သွားမယ်လို့ပြောတာ၊ ငါတို့အုပ်စုက မိန်းကလေး လေးယောက်၊ ယောကျ်ားလေး နှစ်ယောက်ပေါင်း ခြောက်ယောက်ဆိုတော့ ကားပေါ်မှာနေရာ ချရလွယ်တာပေါ့ဟာ ယောကျ်ားလေးနှစ်ယောက်က ကား တစ်လှည့်စီမောင်း၊ ငါတို့ မိန်းမလေးယောက်ကတော့ စကားတွေပြော၊ အစားတွေစား၊ ကဲ ဘယ်လောက် ဟန်ကျထားသလဲ"

"ဟုတ်ပါပြီ သွားတာက ဘယ်သူ့ကားနဲ့ ဘယ်လိုပဲသွားသွား ကိစ္စမရှိပါဘူးဟာ၊ အခု ငါသိချင်တာက ကြာညိုအိုင်အကြောင်းပဲ ခင် လုပ်ပါဟာ၊ ငါ့ကို ကြာညိုအိုင်အကြောင်း ပြောပြစမ်းပါ"

သူမက မေးတော့ ခင်ခင်မေက သူ့ရွာ၊ သူ့ဒေသ အကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ပြောပြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရွာကို ကြာညိုအိုင်ရွာလို့ ဘာကြောင့်ခေါ်တာလဲ ဆိုတော့ရွာရဲ့ တောင်ဘက်မှာ ကြာညိုတွေချည်းပဲ ပွင့်တဲ့ ရေအိုင်ကြီးရှိလို့ပေါ့ဟာ၊ အဲဒီရေအိုင်ကြီး ဘယ်အချိန်ကတည်းက ရှိခဲ့တယ်ဆိုတာကိုရော၊ အဲဒီ ရေအိုင်ကြီးဟာ သဘာဝ အိုင်လား၊ လူတွေဖန်တီးထားတဲ့အိုင်လားဆိုတာကိုပါ ဘယ်သူမှ အသေအချာ မသိကြဘူးဟ၊ ငါ့အဘိုးပြောတော့ သူတို့ ငယ်ငယ်လေးကတည်းက ကြာညိုအိုင်ရှိနေတာတဲ့။ အဘိုးရဲ့ အဘိုးကလဲ သူ ငယ်ငယ်လေးကတည်းက ကြာညိုအိုင်ရှိနေတယ်လို့ ပြောပြခဲ့ဖူးတယ်တဲ့။ ကဲ... ဒါဆို အဲဒီရေအိုင်ကြီးရဲ့ သက်တမ်းကို နင်မှန်းဆကြည့်ပေါ့ဟာ"

ခင်ခင်မေက ပြောလက်စ စကားကို ရပ်ပြီး အမောဖြေသည်။ စိတ်ဝင်စားလွန်းနေသည့်အတွက် ဘူမက အသက်မရှူနိုင်သလို ဆက်မပြောဘဲ ရပ်တန့်ပစ်လိုက်သည့် ခင့်ကိုလည်း စိတ်တိုမိသေးသည်။ ခဏကြာနားပြီးမှ ခင်ခင်မေက ဆက်ပြောလေသည်။

"ထူးခြားတာက ကြာညိုအိုင်ကြီးရဲ့ အနီးအနားမှာ

သိန်းမင်းစာပေ



ရှေ့ဟောင်းဘုရားတွေ ရှိနေတာပဲဟ၊ ဘုရားတွေက ပြိုကျပျက်စီးနေတာဆိုတော့ တချို့ကို ပြန်ပြုပြင်ထားတယ်။ ဘုရားပျက်ပေါ်ကနေငုံပြီး နောက်ထပ် စေတီတည်ထားလိုက်တာဆိုတော့ မူလလက်ရာကို မှန်းရခက်တာပေါ့ဟာ"

"နင်ပြောတဲ့ လပြည့်ညတိုင်း ပန်းတွေလာလှူထားတယ်ဆိုတဲ့ ဘုရားကရော ပြန်မွမ်းမံထားတဲ့ ဘုရားပဲလား ခင်"

"မဟုတ်ဘူးဟ၊ အဲဒီဘုရားကတော့ ရှေးဘုရားပါပဲ။ ဘယ်သူမှ ပြန်ပြင်မထားဘူး။ နင်ရောက်ရင် ဖူးရမှာပါ။ ဆုတောင်းလဲ အရမ်းပြည့်တာပဲ။ အဓိဋ္ဌာန်ရင်လဲ အောင်တယ်"

"ဘယ်တော့ သွားကြမှာလဲခင်"

"အမယ် အခုမှ အရမ်းသွားချင်နေပြီပေါ့ ဟုတ်စ၊ ပထမတုန်းကတော့ နင့်မျက်နှာကို ငါ သိပါတယ်နော်။ တောကြိုအုံကြားဆိုပြီး လိုက်မလည်ချင်ဘူး မဟုတ်လား"

ခင်ပြောတာ မှန်နေသည့်အတွက် သူမက ပြုံးပြီးပဲ

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေလိုက်ရသည်။ ဒီတော့ ခင်က သူမကို နောက်ထပ် အကြောင်းအရာအသစ်တစ်ခု ထပ်မံပြောပြပြီး ကြာညိုအိုင်သို့ အလည်လိုက်ချင်အောင် တိုး၍ ဆွဲဆောင်လေသည်။

"ကြာညိုအိုင်နဲ့ ပတ်သက်တဲ့ ထူးခြားချက်ကို ပြောရဦးမယ် မေ၊ ဟိုတုန်းက ကြာညိုအိုင်ကြီးရဲ့ အလယ်မှာ ကျွန်းတစ်ကျွန်းရှိတယ်တဲ့။ နေသာတဲ့ အချိန်တွေမှာဆိုရင် အဲဒီကျွန်းကို မသဲမကွဲ လှမ်းမြင်ရတယ်တဲ့"

မေကြာညိုက တအံ့တသြ ဖြစ်သွားမိပြီး သေချာအောင် ထပ်မေးလိုက်မိသည်။

"နေသာတဲ့အချိန်တွေမှာတောင် မသဲမကွဲဘဲ မြင်ရတယ် ဟုတ်လား ခင်"

"အေးဟ ငါ့အဘိုးက အဲဒီလို ပြောပြခဲ့တာပဲ။ ကြာညိုအိုင်ကြီးရဲ့အလယ်ခေါင်ဟာ အမြဲတစေ မြူခိုးတွေနဲ့ ပိတ်ဆို့နေတတ်တာပဲတဲ့။ အဲဒါကြောင့် ကျွန်းကိုလဲ သဲသဲကွဲကွဲ မမြင်ရဘူးတဲ့။ အဘိုးတို့ကလေးဘဝတုန်းကတော့ ရွာထဲကသတ္တိကောင်းကောင်း၊ ဗလတောင့်တောင့်နဲ့ မကြောက်တတ်တဲ့





ကာလသားသုံးယောက် အဲဒီကျွန်းဆီသို့ လှေလှော်ပြီး သွားခဲ့ကြဖူးတယ်တဲ့ဟ"

"ကျွန်းပေါ်ကို ရောက်ခဲ့ကြလား ခင်"

မေကြာညိုက အမောတကော မေးလိုက်တော့ ခင်က ခေါင်းခါပြသည်။

"မရောက်ခဲ့ဘူးတဲ့ဟ၊ လှေလှော်တာနဲ့ ရေအိုင်အလယ်မှာရှိတဲ့ ကျွန်းနေရာမှာ မြူခိုးတွေလိုလို၊ မီးခိုးငွေ့တွေလိုလို အဖြူရောင် အခိုးအငွေ့တွေ ကြောက်စရာကောင်းအောင် ထုထည်နဲ့ ဖြစ်လာတယ်တဲ့။ လူကြီးတွေက မသွားဖို့ တားပေမယ့် ကာလသားသုံးယောက်က နားမထောင်ဘဲ ဆက်သွားကြတယ်တဲ့ဟ။ ကမ်းနဲ့ အတော်လှမ်းလှမ်းကိုလည်း ရောက်ရော ကြာညိုအိုင်ရေပြင်ဟာ လေမတိုက်ဘဲ ဝုန်းဒိုင်းကျဲ ဘောင်ဘင်ခတ်လာလို့ ကြောက်လန့်ပြီး ဆက်မသွားတော့ဘဲ ပြန်လာခဲ့ကြတယ်တဲ့လေ"

"အို... ဒါဆို ကျွန်းကို မရောက်ခဲ့ကြဘူးပေါ့"

"အေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ်ရော၊ ဘယ်သူမှ မကြိုးစားကြတော့ဘူးလား"

"ဟော့အေး အရင်တုန်းက လူကြီးသူမတွေက အယူသီးကြသလို ကြောက်လဲကြောက်တတ်ကြတယ်လေ မေကြာညို ရဲ့။ ဒီလို ရေပြင်က ဘောင်ဘင်ခတ်သွားတာ အိုင်ကြီးရဲ့ အလယ်ခေါင်မှာ အခိုးအငွေ့တွေ ဖြစ်လာတာကို မြင်လိုက်ကြတော့ နောက်ထပ် ကြိုးစားရဲတဲ့သူ မရှိကြတော့ဘူးပေါ့။ ဘယ်လောက်အထိ ကြောက်သွားကြသလဲဆိုရင် ကြာညိုအိုင်ထဲကို ဘယ်သူမှ မဆင်းရဲတော့တဲ့အထိပဲ။ လှေတွေလဲ မထားတော့ဘူး ဒီနေ့အထိပဲဟာ"

"ရေလယ်မှာရှိတယ်ဆိုတဲ့ ကျွန်းရော ခုထိရှိသေးလား"

"မရှိတော့ဘူးဟ၊ တစ်ခါတစ်ခါတော့ ရေလယ်မှာ မြူခိုးတွေဖွဲ့ပြီး ကျွန်းလိုလို ဘာလိုလို တစ်ခုခုရှိသလိုမျိုး ထင်ရပေမယ့် အများအားဖြင့်တော့ ဘာမှ မတွေ့ရတော့ပါဘူးဟာ။ ဒါပေမဲ့ ကြာညိုအိုင်ထဲကိုတော့ ဘယ်သူမှ မဆင်းဝံ့သေးတာအခုထိပဲလေ"





ခင်ခင်မေပြောတာတွေကို စိတ်ဝင်စားလွန်းသည့်အတွက် အခုချက်ချင်းပဲ ကြာညိုအိုင်ကို ပြေးသွားကြည့်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာရလေသည်။

"တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲနော်။ အစက ဘာဖြစ်လို့ မပြောပြရတာလဲ ခင်ရာ"

"စကားမှ မစပ်မိတာဟဲ့"

"ဒါနဲ့ နင်တို့ရွာက ရွာကြီးလားဟင်"

"ရွာအကြီးကြီးတော့ မဟုတ်ဘူးဟ၊ ဟိုတုန်းကတော့ အတော် စည်စည်ကားကား ရှိမယ့်ပုံစံပါပဲ။ အခုတော့ အိမ်ခြေလဲနည်း၊ လူလဲနည်းပေါ့ဟာ ရွာခံလူကြီး သူမတွေရှိတဲ့ မိသားစုတွေလောက်မဲ ရွာမှာဆက်နေကြပြီးတော့ အတော်များများက မြို့မှာ အခြေချကုန်ကြတာကိုး။ လူတွေပြောင်းသွားကြတယ်။ ပြောင်းသွားတဲ့လူတွေရဲ့ နေရာကို နောက်ထပ် လူအသစ်တွေလဲ အစားထိုး ရောက်မလာဘူး။ အဲဒီတော့ ရွာမှာ လူတွေ အိမ်တွေနည်းသွားရတော့တာပေါ့။ ငါတို့မိသားစုတောင် အဘိုးနဲ့အဘွားကြောင့်မပြောင်းမရွှေ့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ နေရတာဟ၊ အဘိုးတို့သာ မရှိရင် ရန်ကုန်ကို ပြောင်းလာခဲ့တာကြာပြီပေါ့”

“ဟင်… နင့်အဘိုး ရှိသေးတယ် ဟုတ်လား”

“အေးလေ၊ ငါတို့အမျိုးက အသက်ရှည်တဲ့အမျိုးဟ၊ အဘိုးကဆို အသက်ကိုးဆယ်ကျော်နေပြီ၊ အဘွားလဲ ကိုးဆယ်ကျော်ပဲ။ ဒီတော့ သူတို့က ကြာညိုအိုင်မှာပဲ ခေါင်းချချင်ကြတယ်လေ။ တစ်ရပ်တစ်ရွာကို မပြောင်းချင်ကြဘူးပေါ့ဟာ”

“သိပ်ကောင်းတာပဲ။ ဒါဆို နင်အဘိုးက ကြာညိုအိုင်အကြောင်းတွေ ပြောပြနိုင်သေးတာပေါ့နော်”

“အမယ်လေး မေးလို့ကတော့ ပြောပြီးသားပဲ။ ငါ့အဘိုးက ကြာညိုအိုင်နဲ့ ပတ်သက်တာတွေကို အတော်စိတ်ဝင်စားတာ။ မနက်မိုးလင်းတာနဲ့ ကြာညိုအိုင်ဘက်ကို လမ်းလျှောက်ထွက်တော့တာပဲ။ အင်မတန် နေမကောင်းမှသာ မသွားဘဲနဲ့နေတာ မေရဲ့။ အဘွားကဆို ကြာညိုအိုင်က ဥစ္စာစောင့်မတစ်ယောက်နဲ့ အဘိုးနဲ့ကြိုက်နေတယ်လို့တောင်





ပြောယူရတဲ့အထိပဲဟေ့”

ခင်ခင်မေစကားထဲ၌ အကြောင်းအရာ အသစ်အဆန်းတစ်ခု ထပ်မံပါလာသည့်အတွက် မေကြာညိုက စိတ်ဝင်စားမိပြန်သည်။

“ဥစ္စာစောင့်မ ဟုတ်လား ခင်၊ ကြာညိုအိုင်မှာ တကယ်ပဲ ဥစ္စာစောင့်မရှိသလား”

“မသိပါဘူးဟာ၊ ရှေးရိုးဆန်ပြီး အယူသီးတဲ့လူကြီးတွေကတော့ ကြာညိုအိုင်ဟာ ဥစ္စာစောင့်တွေနေတဲ့ နေရာ၊ ဘာညာနဲ့ ပြောကြတာပေါ့ဟာ၊ တချို့လဲ မြင်ဖူးတယ်၊ တွေ့ဖူးတယ်လို့ ပြောကြတာပါပဲ။ ငါကိုယ်တိုင် မြင်ဖူးတာ မဟုတ်တဲ့အတွက် အပြောရခက်တယ်”

“စိတ်ဝင်စားပြီးရင်း စိတ်ဝင်စားရင်းပဲ ခင်၊ အမြန်သွားဖို့ စီစဉ်စမ်းပါဟာ။ အဲဒီ ကြာညိုအိုင်ကြီးကိုရော၊ ကြာညိုအိုင်က ဥစ္စာစောင့်ဆိုတာတွေကိုပါ ငါ မြင်ချင်လှပြီ”

သူမစကားကြောင့် ခင်က မျက်လုံးပြူးသွားပြီး ထိတ်ထိတ်ပျာပျာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာမေရဲ့။ ကြာညိုအိုင်ကို တွေ့ရဖို့ပဲ ငါ အာမခံနိုင်တာနော်။ ဥစ္စာစောင့်နဲ့တွေ့ဖို့အတွက်တော့ ငါလဲ အာမမခံနိုင်ဘူး။ ငါကိုယ်တိုင်လဲ တစ်ခါမှ မမြင်ဖူးဘူး"

"အေးလေ၊ နင် မမြင်ဖူးတာနဲ့ပဲ ငါကပါ မတွေ့ရတော့ဘူးလား၊ မတွေ့တွေ့အောင် မြေလှန်ပြီးတော့ကို ရှာပစ်လိုက်ဦးမှာ"

"နင်တကယ်ပြောနေတာလား မေကြာညို၊ မလုပ်နဲ့နော် အဲဒီနေရာက မလွယ်ဘူး"

"မလွယ်ဘူး ဟုတ်လား၊ မလွယ်ဘူးဆိုတာ ဘာကိုပြောတာလဲ ခင်ရဲ့"

မေကြာညိုက တကယ် နားမလည်လို့မေးလိုက်တော့ ခင်က မျက်နှာပျက်သွားလေသည်။ ပြီးတော့ တစ်စုံတစ်ယောက် ကြားသွားမှာ စိုးရိမ်သည့်ဟန်ဖြင့် လေသံကို နှိမ့်၍ ပြောသည်။

"မလွယ်ဘူးဆိုတာ မြေကြမ်းတာကိုပြောတာ မေရဲ့"

သူမက ပိုလို့ပင် နားမလည်ဘဲ ဖြစ်သွားရလေတော့သည်။





"မြေကြမ်းတာကို ပြောတာ ဟုတ်လား။ အဲဒါ ဘာလဲ"

"ဒုက္ခပါပဲ မေရာ၊ ဒီလိုပုံစံနဲ့ နင့်ကို အလည်ခေါ်သွားရမှာတောင် ငါလန့်လာပြီနော်၊ ဟိုရောက်ရင် စပ်စပ်စုစုတွေ မလုပ်ပါဘူးဆိုတဲ့ကတိ ငါ့ကိုပေးစမ်းပါဟာ"

"ဘာဖြစ်လို့လဲ"

"စပ်စုပြီး ရှာရှာဖွေဖွေ လုပ်တတ်တဲ့လူတိုင်း ဒုက္ခရောက်တတ်ကြလို့ပေါ့ဟာ၊ ကြာညိုအိုင်ဟာ အမှားအယွင်း အတိမ်းအစောင်း လုံးဝ မခံတဲ့နေရာဟ၊ ငါ ငယ်ငယ်တုန်းက ရွာကိုအလည်လာတဲ့ တက္ကသိုလ်ကျောင်းသားတစ်ယောက် ကြာညိုအိုင်ထဲကို ခုန်ဆင်းလို့ ရေနစ်သေသွားတာကို ကြားဖူးတယ်"

"သူ ရေမကူးတတ်လို့ဖြစ်မှာပေါ့ဟာ"

တော်ရုံကိစ္စတွေကို မယုံတတ်သည့်သူမက ဆင်ခြေပေးလိုက်တော့ ခင့်မျက်နှာက ဆီးရွက်လောက်ပဲ ရှိတော့သည်။

"တော်ပြီ တော်ပြီ မေ၊ ငါ နင့်ကို မခေါ်တော့ဘူး။ ငါတို့ တခြားနေရာပဲ သွားကြစို့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် မခေါ်ချင်ရင် အစကတည်းက မခေါ်နဲ့ပေါ့ဟဲ့။ အခုမှ ရှုံ့ချည်နှပ်ချည် လာမလုပ်နဲ့ မရဘူး။ မခေါ်လဲ လိုက်မယ်။ ခေါ်လဲလိုက်မယ် ဒါပဲ"

သူမက ရွတ်နောက်နောက်ပုံစံဖြင့် ပြန်ပြောလိုက်တော့ ခင်မျက်နှာက တည်သွားပြီး အလေးအနက်အသံဖြင့် သူမကို သတိပေးလေသည်။

"ငါတကယ်ပြောတာနော် မကြာညို၊ အခုကတည်းက ကြိုတင်ပြီး သတိပေးထားမယ်။ ကြာညိုအိုင်ထဲကို လူကြီးသက်သက်ပဲဖြစ်ဖြစ်၊ လေနဲ့ပဲဖြစ်ဖြစ် လုံးဝ မဆင်းမိပါစေနဲ့"

"ဆင်းတော့ ဘာဖြစ်မှာမို့လဲဟင်"

"ဆင်းမိတဲ့လူတွေအားလုံးဟာ အသေဆိုး နဲ့ သေကြရလို့ပေါ့ဟာ ငါတို့ရဲ့ ကြာညိုအိုင် ရွာမစည်ကား ဘဲ တဖြည်းဖြည်းနဲ့ ခြောက်သွေ့လာရတာဟာလဲ အဲဒီအကြောင်းကြောင့်ပဲလေ။ ကြာညိုအိုင်ကြီးကို ကြောက်ကြလို့ ကြာညိုအိုင်ရွာကိုလဲ ဘယ်သူမှ လာအခြေမချကြတာပေါ့ဟာ"





မယုံဘူးဆိုပေမယ့် မကြာညိုက နည်းနည်းတော့ လန့်သွားသည်။ ခင်သည် မဟုတ်ကဟုတ်ကတွေ ပြောတတ်သူမဟုတ်ပါ။ ဒီကိစ္စက နောက်ပြောင်စရာကိစ္စလည်း မဟုတ်။

"ကြောက်စရာကောင်းရင် နင်တို့က ဘာကြောင့် အဲဒီမှာ ဆက်နေနေရတာလဲ ခင်ရယ်"

"ကိုယ့်ဘာသာ ကိုယ်နေတတ်ရင် ကြောက်စရာ မကောင်းပါဘူး မေ၊ လောဘကြောင့်သာ ကြောက်စရာကောင်းရတာပဟာ"

"လောဘကြောင့် ဟုတ်လား"

ခင်က သက်ပြင်းချပြီး ခေါင်းညိတ်ပြသည်။ ပြီးမှ ဆက်ပြောသည်။

"ကြာညိုအိုင်ရဲ့ အောက်ခြေမှာ ရတနာသိုက်ရှိတယ်၊ ဥစ္စာစောင့်တွေ နေကြတယ်တဲ့။ လူအတော်များများက ယုံကြည်တယ် မေရဲ့။ ကြာညိုအိုင်ရဲ့ ရေအောက်ကို ငုပ်နိုင်ရင် ရတနာတွေ ရလိမ့်မယ်လို့ တချို့ကလဲ ပြောကြတယ်။ တချို့ကကျတော့ ကြာညိုအိုင်ကြီးထဲက ကျွန်းကိုရအောင်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဲဒီကျွန်းပေါ်အရောက်သွားနိုင်ခဲ့ရင် ရတနာတွေ ရလိမ့်မယ်လို့ အခိုင်အမာ ပြောကြပြန်တယ်။ အဲဒီမှာတင် လောဘသားတွေဟာ ကြာညိုအိုင်ထဲက ဘယ်သူမှ မမြင်ရတဲ့ ရတနာဥစ္စာတွေကို ငမ်းငမ်းတက်ဖြစ်ပြီး ကြာညိုအိုင်ကြီးထဲမှာပဲ အသက်ပျောက်ကုန်ကြရတာပေါ့။ ကြာညိုအိုင်ကြီးရဲ့ အောက်ခြေကိုငုပ်ပြီး မသေတဲ့လူဆိုလို့ တစ်ယောက်ပဲရှိတယ်။ အဲဒီလူဟာလဲ သွက်သွက်လည်အောင် ရူးသွားရတာပဲလေ။ လူတွေ ရေအောက်မှာ လူတွေရှိတယ်။ အိမ်တွေရှိတယ်။ ရွှေတွေရှိတယ်လို့ပြောပြီး ရူးသွားတာပဲ။ အဲဒီလိုအကြောင်းတွေရှိနေလို့ ငါက နင့်ကို မစပ်စုဖို့တားရတာ မေရဲ့"

မေကြာညိုက အံ့ဩထိတ်လန့်သွားရသလို ကြာညိုအိုင်ကြီးရှိရာသို့ ချက်ချင်း ပြေးသွားချင်စိတ်တွေလည်း တဖွားဖွား ဖြစ်ပေါ်လာတာ ထူးဆန်းသည်။

ဖြစ်နိုင်လျှင် အခုချက်ချင်းပင် သွားလိုစိတ်တွေ ဖြစ်ပေါ်နေသည်။ သူမကို ခင်ခင်မေက မေးသည်။

"နင် သွားချင်သေးရဲ့လား မေ၊ ကြောက်ပြီး မသွားချင်တော့ရင်လဲ အားမနာနဲ့နော်၊ တခြားနေရာကိုသွားဖို့ပဲ စီစဉ်လိုက်မယ် သိလား"

အဲဒီအခါမှာတော့ သူမက ပိုင်ပိုင်နိုင်နိုင်ပဲ ပြောလိုက်သည်။

"တခြား ဘယ်နေရာကိုမှ မသွားဘူး ခင်ရေ၊ နင်တို့ရွာကိုပဲ အလည်လိုက်မှာ၊ အမြန်သွားဖို့ အမြန်သာ စီစဉ်ပေတော့"

အဲဒီလိုနှင့်ပင် ထိုနေ့မှ သုံးရက်မြောက်သောနေ့တွင် ကြာညိုအိုင်ရွာသို့ သူမတို့ သူငယ်ချင်းခြောက်ယောက် အုပ်စုသည် ကိုယ်ပိုင် ဟိုင်းလပ်ကားလေးဖြင့် ထွက်လာဖြစ်သွားလေတော့သည်။

သူမတို့ ထွက်လာသည့်နေ့သည် ရာသီဥတုသာယာသော နတ်တော်လပြည့်နေ့ဖြစ်ပြီး ရန်ကုန်မှ စထွက်လာချိန်သည် နံနက် နှစ်နာရီတိတိ ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သူမတို့အုပ်စုသည် တက္ကသိုလ် ပထမနှစ် စတက်ကတည်းက ခင်မင်ပြီး တပူးတွဲတွဲနေခဲ့သူများ ဖြစ်လေသည်။

မိန်းကလေးက လေးယောက်။ ယောက်ျားလေးက နှစ်ယောက်ဖြစ်ပြီး သူမတို့ အချင်းချင်းသာ သူငယ်ချင်းဖြစ်နေကြတာ မဟုတ် မိသားစုတွေနှင့်ပါ ခင်မင်ရင်းနှီးနေကြတာ ဖြစ်သည်။

"ဇော်ထွင့် အိပ်ရေးမဝဘူးဆိုပြီး ကားမောင်းရင် အိပ်မငိုက်နဲ့နော်။ ဟဲ့ သက်ဦး ဇော်ထွင့် အိပ်မငိုက်အောင် နင့်က စကားလေးပြောပေး ဘေးကထိုင်ပြီး နင်အိပ်ပြမနေနဲ့"





မို့က ကားခေါင်းခန်းကို လှမ်းပြီး ဆရာလုပ်သည်။ သက်ဦးက ပြန်လှည့်အော်သည်။

"ဇော်ထွင့်က ပြောတယ်။ သူအိပ်မငိုက်အောင် ခေါင်းခန်းမှာ မကြာညို လာထိုင်ပေးပါတဲ့"

မကြာညိုက စိတ်တိုပြီး ပြန်အော်လိုက်သည်။

"ပြောလိုက်စမ်း သက်ဦး၊ မကြာညိုတော့ လာထိုင်မှာ မဟုတ်ဘူး။ တိရစ္ဆာန်ရုံထဲက မျောက်မောင်းမတစ်ယောက်ပဲ လာထိုင်လိမ့်မယ်လို့"

သက်ဦးက အသံသေး အသံကြောင်နှင့် ပြန်အော်သည်။

"ရပါတယ် အတူတူပါပဲတဲ့ ခင်ဗျာ၊ ကျွန်တော်ပြောတာ မဟုတ်ပါဘူး ဇော်ထွင့် ပြောတာပါ"

"ခွေးဝဲစား"

ရန်ကုန်ကစထွက်ပြီဆိုကတည်းက တဝါးဝါး တဟားဟားရယ်မောပြီး ပျော်ပျော်ပါးပါး သွားခဲ့ကြတာ ဖြစ်သည်။

ယောက်ျားလေးနှစ်ယောက်က ကားခေါင်းခန်းတွင် ထိုင်တာမို့ နောက်ဘက်၌ မကြာညိုတို့ လေးယောက်ပဲရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဓော်ထွင့်၏ ကားလေးသည် နောက်ဘက်တွင် ထိုင်ခုံများ မရှိသလို အမိုးကလည်း ယာယီအမိုးကလေးပဲ တပ်ထားတာ ဖြစ်သည်။

မကြာညိုတို့ မိန်းကလေး လေးယောက်သည် ကားနောက်ခန်းတွင် ဖျာကိုခင်း၊ ဖျားအပေါ်ကမှ ဂွမ်းကပ်ထူထူများကိုခင်း၍ ထိုင်လိုက်လာကြလေသည်။

ဆောင်းရာသီမို့ အေးလှသည့်အပြင် ကားသွားသည့်အရှိန်ဖြင့် တိုးဝင်သည့်လေများကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းသည့်အတွက် သူမတို့လေးယောက်က ပူးကပ်ထိုင်ကြပြီး စကားတွေ ရေပက်မဝင်အောင် ပြောကြတော့သည်။

ပထမဦးဆုံးပြောသည့် အကြောင်းအရာက သူမနှင့် ဓော်ထွင့်ကိစ္စပဲ ဖြစ်လေသည်။

"အခုလို ခရီးတွေဘာတွေ သွားတော့ ဓော်ထွင့်က အရမ်းအားကိုးရတာပဲနော်။ ဘယ်သူမှ လှည့်ကြည့်စရာမလိုဘဲနဲ့ သူတစ်ယောက်တည်း စီစဉ်သွားတာ အကွက်ကိုစေ့နေတာပဲ။ တကယ်တော်တဲ့ကောင်လေးပါ မေရဲ့၊ နင် သူ့ကို





အား မကိုးချင်ဘူးလား"

သော်က စမေးသည်။

"ကျွတ် နင် အားကိုးချင်ရင်ကိုးပေါ့။ ဘာဖြစ်လို့ ငါ့ကို ဆွဲထည့်နေရတာလဲ"

မေကပြောတော့ သော်ကလည်း အရှုံးမပေးဘဲ ပြန်ပြောသည်။

"ဟဲ့... သူကမှ ငါ့ကို မကြိုက်တာ မေရဲ့၊ သူကဘာ ကြိုက်ပါလား ငါကလဲ သူ့ကို အားကိုးပစ်လိုက်မှာပေါ့မဟဲ့၊ ရုပ်ရည်၊ စိတ်သဘောထား၊ မိသားစုအသိုင်းအဝိုင်း ဘာတစ်ခုမှ ပြောစရာမလိုတဲ့ဟာ ချက်ချင်းကို အဖြေပေးပစ်လိုက်မှာ"

"နည်းနည်းလောက် လျှော့ပါဦး ဒေါ်ရွှေသော်"

"အို... မလျှော့ဘူး၊ လုံးဝ မလျှော့ဘူး"

ခေါင်းခန်းမှ နှစ်ယောက် ဘယ်လိုမှ မကြားနိုင်သည့်အတွက် ခင်တို့အုပ်စုက ပြောချင်ရာတွေပြောပြီး တဝါးဝါး တဟားဟား ရယ်ကြသည်။ မေကိုလည်း ဓော်ထွင့်ကို ပြန်မချစ်သည့်ကိစ္စဖြင့် ဝိုင်းပြောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အံ့ရော မေရယ်၊ နှင့်အသည်းကဲ့ တော်တော်မာတာ ပဲ။ တကယ့်ကို သူငယ်ချင်း သံယောဇဉ်ကလေးနဲ့ နှင် သူ့ကို စဉ်းစားသင့်တာပေါ့"

"အေးလေ ဇော်တွင့်ခမျာ နှင့်ကို ဘယ်လောက်ချစ် သလဲ အလကား သက်သက်နဲ့ နှင် သူ့ကို ရက်စက်နေတာ"

"အေးလေဟယ် နှင့်မှာ ရည်းစားရှိလို့ သူ့အချစ်ကို လက်မခံနိုင်တာဆိုရင်လဲ ထားလိုက်ပါတော့။ အခုတော့ အသားလွတ်ကြီး"

ခင်ရယ်၊ မို့ရယ်၊ သော်ရယ်က သူမကို တစ်ယောက် တစ်လှည့် အပြစ်တင်နေသည့်အတွက် စိတ်တိုလာသည့် မေကြာညိုက သူငယ်ချင်းတွေကို မပြောပြခဲ့ဖူးသည့်အကြောင်း ကို ပြောမိသွားလေသည်။

"ဟဲ့ သူ့ကို သူငယ်ချင်း သံယောဇဉ်ကြီးလွန်းလို့ ချစ်သူမတော်တာပေါ့ တော်းမတွေရဲ့။ သူနဲ့ငါ ချစ်သူဖြစ်သွား ခဲ့ရင် ဒုက္ခရောက်သွားလေမလားလို့ စိုးရိမ်ပြီး ပြန်မချစ်ဘဲ ထားတာ၊ နားလည်လား၊ ငါ့ကို ရက်စက်တယ်လို့ မစွပ်စွဲ နဲ့"





မပြောလိုက်သည့်စကားကြောင့် ကျန်သုံးယောက်က တအံ့တသြ ဖြစ်သွားပြီး ဝိုင်းမေးကြတော့သည်။

"ဘာလဲ မေ၊ ဘာဒုက္ခရောက်မှာလဲ"

"ဘာလဲဟ၊ ငါတို့ကို ရှင်းရှင်းလင်းလင်း ပြောပြစမ်း ပါ"

"အေးလေ၊ နှင့်စကားက ရင်တုန်စရာကြီး"

အဲဒီတော့ မေကြာညိုက ရွှေတိဂုံဘုရားတွင် တွေ့ခဲ့ သည့် မိန်းမကြီးနှင့် ထိုမိန်းမကြီးပြောခဲ့သည့် စကားများကို ပြန်ပြောလိုက်မိလေသည်။

သူမပြောပြတာတွေကို ခင်တို့သုံးယောက်က ပါးစပ် အဟောင်းသားနှင့် နားထောင်ကြပြီး နောက်အထိတ်တလန့် မှတ်ချက်များကို ပေးကြလေတော့သည်။

သော်က အလျင်ပြောသည်။

"ဘုရားရှေ့ထူးဆန်းလိုက်တာ မေရယ်။ အဲဒီမိန်းမကြီး ပြောပုံအရဆိုရင် နှင်က သိုက်ကလာတဲ့သူများလား မသိဘူး"

"ဟင်... ဘယ်လိုလဲ သော်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလဲဟာ နင်က သိုက်ကနေပြီး လူလာဖြစ်ရင် သိုက်ထဲမှာ နင့်ရဲ့ ဖူးစာရှင် ကျန်ရစ်ခဲ့မယ်ဟာ အဲဒီမှာ နင့်ကို သူက လက်ထပ်ဖို့ စောင့်နေတာဖြစ်မှာပေါ့"

သော်ပြောတာကို မကြာညိုက ရယ်မောပစ်လိုက်သည်။

"နင်ကလဲဟာ မဟုတ်ကဟုတ်ကတွေ မပြောစမ်းပါနဲ့၊ သိုက်ဆိုတာ ဘာကိုပြောတာလဲ။ ကြွက်သိုက်လား၊ ငှက်သိုက်လား ပြော"

"ဟဲ့… မေ၊ ဘာဖြစ်လို့ အဲဒီလိုမျိုးတွေ ပြောနေရတာလဲ"

သော်က အလန့်တကြား တားမြစ်သည်။

"ငါမှ မယုံတာ သော်ရဲ့"

"နေပါဦး၊ ငါပြောတာကို မယုံဘူးဆိုရင် နင်က ဘာဖြစ်လို့ နင်ရဲ့ချစ်သူဖြစ်သွားတာနဲ့ ဇော်ထွဋ် ဒုက္ခတွေ့ရမယ် ဆိုတာကို ဘာကြောင့် ယုံနေသလဲ"

"ယုံတယ်လို့လဲ ငါမပြောမိပါလား"





"အိုး… မယုံဘူးဆိုရင် နင်ဇော်ထွဋ်ကို ပြန်ချစ်လိုက်မှာပေါ့။ ယုံလို့သာ ပြန်မချစ်တာ"

သော်ပြောတာ မှန်ချင်နေသည့်အတွက် မကြာညိုက ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်သွားသည်။ မို့ကလည်း သော်ပြောတာကို ထောက်ခံမဲပေးပြန်သည်။

"ဟုတ်တယ် မကြာညို၊ ငါ့အဘွားကပြောတာ ခဏခဏကြားဖူးတယ်။ သိုက်ကလာတဲ့လူတွေဟာ သူတို့မလာခင်မှာ ကတိပေးထားခဲ့ရတယ်တဲ့ ဥပမာဟာ ဘယ်နှနှစ်ပဲ လူ့ပြည်မှာနေပြီး ပြန်လာခဲ့ပါမယ်လို့ တချို့ကလဲ လူ့ပြည်မှာ အိမ်ထောင်မပြုပါဘူးလို့ပေါ့ဟာ၊ ပေးထားခဲ့တဲ့ ကတိအတိုင်း နေရတယ်တဲ့ဟာ၊ ကတိဖျက်ရင် သိုက်က ချက်ချင်းပြန်ခေါ်ရောတဲ့"

"ပြန်ခေါ်တော့ ဘာဖြစ်လဲ မို့ရဲ့"

"ဟဲ့… ပြန်ခေါ်တယ်ဆိုမှတော့ သေပြီပေါ့ဟ"

မကြာညိုက ရယ်ချင်စိတ်ကို ထိန်းပြီး မို့ကိုမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆဲ... မိုးရဲ့ကိုယ်လျှိုဖြစ်မလာခင် ဟိုဘက်ဘဝက ပေးထားခဲ့တဲ့ ကတိတွေကို ဘယ်သူက သိတော့မှာလဲ။ သိ အောင်မသိနိုင်တဲ့အတွက် ကတိမပျက်အောင်ရော ဘယ်လို လုပ် ထိန်းမလဲ"

မိုးက ပြန်မဖြေနိုင်ဘဲ ငြိမ်ကျသွားလေသည်။

ဒီတော့မှ မေကြာညိုက ထပ်ပြောလိုက်သည်။

"နင်တို့ပြောသလို ငါက သိုက်ကလာတယ်ဆိုရင် အခုနဲ့ သက်သေပြမလဲ။ ဒဲ... ငါ အဲဒီမိန်းမကြီးပြောတဲ့ စကားတွေကြောင့် စိတ်ထဲမှာ တစ်မျိုးကြီးပဲဟာ၊ အဲဒါကြောင့် ဖော်ထွင်ရဲ့အချစ်ကိုပါ လက်မခံဘဲထားလိုက်တာ"

သော်တို့ငြိမ်သွားမှ ခင်က မထင်မှတ်သည့် မေးခွန်းတစ် ခုကို ကောက်ကာငင်ကာ မေးသည်။

"နေဦးလေ၊ နင့်အမေပြောဖူးတယ်နော်။ နင့်ကို ကိုယ်ဝန်ဆောင်တုန်းက ကြာညိုပန်းတွေအများကြီးထဲကနေ အလှဆုံးတစ်ပွင့်ကို ရွေးယူပြီး ရင်ခွင်ထဲမှာ ပိုက်ထားလိုက် တာ ကလေးလေး ဖြစ်သွားတယ်ဆိုတာလေ"





ခင် မေးတော့မှပဲ မေမေ အမြဲတမ်းပြောပြသည့် အိပ်မက်အကြောင်းကို သူမက သတိရလိုက်မိသည်။

သူမကို ကိုယ်ဝန်ဆောင်စဉ်က ခင်ပြောသည့်အိပ်မက် အကြောင်းကို သူမက သတိရလိုက်မိသည်။

သူမကို ကိုယ်ဝန်ဆောင်စဉ်က ခင်ပြောသည့်အိပ်မက် ကို မေက အထင်ကရမက်ခဲ့ဖူးသည်ဟု ပြောသည်။

ကြာညိုပန်းပွင့်ကြီးကနေ ကလေးလေး ဖြစ်သွားသည့် အတွက် သားယောကျ်ားလေးမွေးဖွားခဲ့လျှင် မောင်ကြာညိုဟု နာမည်ပေးမည်။ သမီးလေး မွေးဖွားလျှင် မေကြာညိုဟု နာမည်ပေးမည်ဟု စိတ်ကူးထားပြီး သူမကိုမွေးတော့ ထိုစိတ် ကူးအတိုင်း မေကြာညိုဟု မှည့်ခေါ်ခဲ့ကြောင်း မေမေပြောပြ လို့ သိခဲ့ရသည်။

ခင်က ဘာကြောင့် ထိုအကြောင်းကို မေးရတာလဲ။

"အင်းလေ မေမေ ခဏခဏ ပြောပြလွန်းလို့ နင်ရော တောင်သိနေပြီပဲ။ အဲဒါ ဘာဖြစ်လို့လဲ ခင်ရဲ့"

သူမက မေးတော့ ခင်က ထိတ်လန့်စရာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခုကို ဆက်စပ်ပြသည်။

"နှင့်အမေရဲ့ အိပ်မက်ထဲက ကြာညိုပန်းနဲ့ ငါတို့ရွာက ကြာညိုအိုင်နဲ့များ ပတ်သက်နေမလားဘဲ မေ၊ နှင်စဉ်းစားကြည့်စမ်း၊ အိပ်မက်ထဲမှာ တခြားပန်းတွေ ထည့်မက်ရင်ရရက်သားနဲ့ ဘာဖြစ်လို့ ကြာညိုပန်းကိုမှ မက်ရတာလဲ။"

သူမကိုယ်တိုင် အထိတ်တလန့် ဖြစ်သွားရပေမယ့် မေကြာညိုက ခင့်ကိုတော့ လှောင်ပြောင် ရယ်မောပေးလိုက်သည်။

"အမယ်လေး ခင်ရယ်၊ နှင့်ဟာက ဘာမှမဆိုင်တဲ့ နေရာဒေသ နှစ်ခုနဲ့ လူတွေကို စိတ်ကူးယဉ်ပြီး ပတ်သက်ပေးတဲ့ ဇာတ်လမ်းကြီးပဲ။ ဝတ္ထုဆိုရင်တော့ ဖတ်လို့ကောင်းမှာသေချာတယ်"

မေက ရယ်မောပေမယ့် ခင်တို့သုံးယောက်က မရယ်ကြဘဲ ထိုအကြောင်းအရာကိုပဲ အတည်ကြီးတွေနှင့် ဆက်ပြောသည်။

"မရယ်နဲ့ မေ၊ ကြာညိုအိုင်ကြီးမှာ သိုက်တွေရှိတယ်။





ဥစ္စာစောင့်တွေရှိတယ်ဆိုတာ ခေတ်အဆက်ဆက်က ပြောနေကြတဲ့ စကားဟာ၊ ငါ့အထင် နှင်လဲ ကြာညိုအိုင်သိုက်ကလာတာပဲ ဖြစ်ရမယ်"

"မဟုတ်တာဟာ အဲဒါတွေ ငါ မယုံပါဘူး"

ဇဝေဇဝါစိတ်ကြောင့် မေ့အသံက အားပျော့သွားသည်။

ခင်ကတော့ အားကြိုးမာန်တက် ဆက်ပြောလေသည်။

"ဟဲ... မယုံလို့မရဘူး မေ၊ လောကမှာ မမြင်ဖူး၊ မကြုံဖူးတိုင်း မယုံဘူးလို့ မျက်စိမှိတ်အော်နေရင်း အရှုံးပဲ"

"ဟုတ်တယ် မေ၊ ခင်ပြောတာ ဖြစ်နိုင်တယ်"

"နေစမ်းပါဦး မို့ရဲ့ နှင်က ဘာနဲ့သက်သေပြနိုင်လို့လဲ"

မေကြာညိုကမေးတော့ မို့က ဒိုးဒိုးဒေါက်ဒေါက်ပြန်ဖြေသည်။

"နှင် ခင်တို့ရွာကိုအလည်လိုက်ဖို့ စိတ်ဝင်စားသွားတာဟာ အကောင်းဆုံး သက်သေပဲပေါ့ မေရဲ့။ ငါတို့က နှင်လုံးဝမလိုက်ဘူးလို့ ကျိန်းသေတွက်ထားတာ နှင်ကတော့ရွာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ခေါင်တဲ့ဒေသတွေကို လုံးဝ မသွားချင်ပါဘူးလို့ အမြဲ တမ်းပြောနေကျ မဟုတ်လား။ ဟော... အခု ခင့်ဆီက ကြာညိုအိုင်အကြောင်းကို ကြားလိုက်တာနဲ့ နင် မငြင်းနိုင်ဘဲ လိုက်လာခဲ့တယ် မဟုတ်လား။ ဒါ နင့်ရဲ့ အတိတ်ဘဝနဲ့ ပတ်သက်လို့ပဲပေါ့”

ဟုတ်များဟုတ်နေမည်လားဆိုသည့် အတွေးတစ်စဝင်လာစာနှင့် သူမက ဘာမှပြန်မပြောနိုင်တော့ဘဲ တိတ်ဆိတ်သွားရလေတော့သည်။

“မေ နင့်ရဲ့ အတိတ်ဘဝက ဖူးစာရှင်ဆိုတာ ခင်တို့ရွာမှာ ရှိနေမလားပဲနော်။ တော်ကြာ နင်က ကြာညိုအိုင်ရွာသားနဲ့ အကြောင်းပါပြီး ဇော်ထွဋ်ခမျာ အသည်းကွဲရရှာတော့ မယ်ထင်ပါရဲ့”

“တော်စမ်းပါဟာ ပေါက်ကရရှစ်သောင်းတွေ”

ပါးစပ်ကသာ တားမြစ်လိုက်ပေမယ့် မေကြာညိုရင်ထဲမှာတော့ တစ်စုံတစ်ခု ဖြစ်သွားခဲ့ရတာ သေချာသည်။ ခင်တို့ပြောတာ ဟုတ်များ ဟုတ်နေလေမလားဆိုသည့် အတွေး





သည် သူမကို ငြိမ်သက်သွားစေပြီး အတွေးတွေပါ ရှုပ်လွှင့်သွားစေခဲ့တာ သေချာလေသည်။

ထို့ကြောင့် နောက်ပိုင်း ပြောဆိုနေသည့်စကားဝိုင်းထဲတွင် သူမ မပါဝင်တော့ဘဲ ငြိမ်သက်စွာ နေမိသွားလေတော့သည်။

ကားကလေးကတော့ အေးစက်သည့်လေများကို ထိုးခွဲ၍ ကြာညိုအိုင်ရှိရာအရပ်သို့ ဦးတည်ပြေးလွှားနေလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဥစ္စာစောင့်ဆိုတာ တကယ်ပဲရှိသလား၊ နားထောင်ကောင်းရုံ ဖန်တီးထားတဲ့ ပုံပြင်တွေများလား၊ သိုက်သမိုင်းတွေ၊ သိုက်တူးသည့် သိုက်ဆရာအကြောင်း စတာတွေဟာ လုပ်ကြံဖန်တီးထားတဲ့ ဇာတ်လမ်းတွေလား၊ တကယ့်အဖြစ်အပျက်တွေလား စသည့်အတွေးများကို တွေးတောရင်း မကြာညိုက မေးခွန်း အိပ်ပျော်သွားခဲ့ပြီး ဆူဆူညံညံအသံများကို ကြားရတော့မှပဲ လန့်နိုးလာရလေတော့သည်။

"မကြာညိုတို့များ စိမ်ကျနေလိုက်တာ ကြည့်စမ်း၊ စောင်ပုံထဲမှာ ကွေးလို့"





"အေးလေ ကားမောင်းလို့ လှုပ်နေတာကို ပုခက်လွဲပြီး ချော့သိပ်နေတယ်ထင်နေမှာပေါ့"

"ရေတစ်ခွက်ယူလာခဲ့စမ်း မျက်နှာသစ်ပေးလိုက်မယ်"

ခင်တို့သုံးယောက်၏အသံကို ကြားရပြီးမှ ဇော်ထွန်း၏ အသံကို ကြားရသည်။

"အိပ်ပါစေဟာ အနှောင့်အယှက် မပေးကြစမ်းပါနဲ့၊ မေ အိပ်ရေးပျက်ထားလို့ ပင်ပန်းနေတဲ့ဟာ"

"အောင်မာ အဖြစ်သည်းမနေနဲ့ သူတစ်ယောက်တည်း အိပ်ရေးပျက်တာလား ငါတို့က ပိုတောင်ပင်ပန်းသေးတယ်"

"အေးပါ နင်တို့ပင်ပန်းရင်လဲ ပါးစပ်ပိတ်ပြီးနေကြတော်ကြာ မေ နိုးသွားမယ်"

"ဇော်ထွန်းနော် မပြောချင်ဘူး"

"မပြောချင်ရင် မပြောနဲ့"

ဆက်အိပ်လို့မရတော့သည့်အတွက် မကြာညိုက ထထိုင်လိုက်ရသည်။ သူမတို့ကားလေးသည် ထမင်းဆိုင်တွေ စီတန်းရှိနေသည့် နေရာတွင် ရပ်ထားတာဖြစ်ပြီး နေရောင်



www.burmeseclassic.com

www.burmeseclassic.com



ခြည် မပွင့်တစ်ပွင့်ကိုပါ မြင်ရလေသည်။

"နားပူလိုက်တာဟာ အခု ဘယ်နေရာကို ရောက်နေပြီလဲ"

"ကဲ... နင်တို့လုပ်တာနဲ့ မေ နိုးသွားပြီ"

"မနိုးရင်လဲ ငါတို့က ရေလောင်းပြီးတော့ကို နှိုးပစ်တော့မှာပေါ့"

"တော်ကြပါဟာ အခု ဘာလုပ်ဖို့ရပ်တာလဲ"

သူမမေးတာကို သက်ဦးက ရှုံ့မဲ့ပြီး ပြန်ဖြေသည်။

"ကျန်းမာရေးအတွက် ရပ်တာလေဟာ၊ ပြီးတော့ မနက်စောစောစားရမယ်။ ပြီးရင် သိပ်မနားဘဲ ဆက်မောင်းရမှာ"

ဇော်ထွင့်က အခုရောက်နေသည့် နေရာ၏အမည်ကို ပြောသည်။ ခရီးသွားခြင်းနှင့် အကျွမ်းတဝင်မရှိလှသည့်အတွက် ထိုနေရာကို သူမ ကောင်းကောင်း မသိပါ။ ထို့ကြောင့် အသာလေးပဲ ငြိမ်နေလိုက်ရသည်။

"ကဲ... လာ... လာ မရွှေချော။ နိုးရင်လဲဆင်းတော်





မှလာခဲ့ ဗိုက်ဆာလှပြီ"

ကားပေါ်ကဆင်းပြီး ကိုယ်လက် အလျှင်သန့်စင်ကြသည်။ ပြီးတော့မှ ထမင်းဆိုင် တစ်ဆိုင်ထဲသို့ဝင်ပြီး ထမင်းစားကြသည်။

ဇော်ထွင့်က မေ့ကို အရိပ်တကြည့်ကြည့်၊ မေကတော့ မသိချင်ယောင်ဘဲ ဆောင်နေလိုက်သည်။

"အခုကတည်းက အဝစားထားနော်၊ လမ်းမှာ သိပ်မနားတော့ဘူး။ ညဦးမနက်ခင် ရွာကို ရောက်ချင်တယ်ဟာ"

ခင်က ပြောခြင်းဖြစ်သည်။

"အမယ် နင် မမောင်းရတိုင်း ကားမောင်းရတဲ့လူတွေကို စက်ရုပ်မှတ်နေသလား။ ဆောင်းတွင်းဆိုပေမယ့် နေ့လယ်ဘက်နေ့က တအားပူတာဟ"

"နောက်ခန်းက လိုက်ရတဲ့သူတွေလဲ မသက်သာပါဘူးဟာ"

"ဒါပေမဲ့ နင်တို့က ဇိမ်နဲ့လိုက်လို့ရတယ်လေ"

"ဘာမှ ဇိမ်မရှိဘူး။ ကားတစ်ချက်ဆောင့်တာနဲ့ ဒီစလုံ



www.burmeseclassic.com

www.burmeseclassic.com



ဝေရောပဲ”

သက်ဦးနှင့် ခင်တို့သုံးယောက်က အပြန်အလှန် စကားတွေများနေကြချိန်တွင် မေကတော့ တိတ်ဆိတ်စွာ ထမင်းငုံ့စားနေမိသည်။

ခါတိုင်းဆို မေက စကားအများဆုံးဖြစ်ပြီး အခု မေငြိမ်သက်နေသည့်အတွက် ဇော်ထွန်းက မေ့အရိပ်အကဲကိုကြည့်ပြီး မေးခွန်းတွေ ထုတ်နေတော့သည်။

“မေ နင် နေမကောင်းဘူးလား။ အိပ်ပျော်နေရာက လန့်နိုးသွားရလို့လား”

“ဟင်... ဘာမှ မဖြစ်ပါဘူး”

“ဘာမှမဖြစ်ဘူးသာဆိုရတယ် နင့်ပုံစံက လန်းလန်းဆန်းဆန်းလဲ မရှိဘူး”

“လန်းဆန်းပါတယ်ဟာ ငါက ဘာဖြစ်နေလို့တုံး”

မေက စိတ်တိုသံဖြင့် ပြန်ပြောလိုက်တော့ ဇော်ထွန်းက အလျှော့မပေးဘဲ ထပ်ပြောသည်။

“နင် ငေးငိုင်နေတာပါ မေရာ၊ ဘာလဲဟင် ကား





နောက်ခန်းမှာ ထိုင်ရတာ ပင်ပန်းလို့လား။ ဒါဆို နင် ငါနဲ့အတူတူ ရှေ့ခန်းမှာလာထိုင်လေ မေရဲ့”

“ဇော်ထွန်းနော်”

“မေကလဲဟာ၊ ငါက အကောင်းပြောတာပါ”

“တော်စမ်းပါဟာ ဘာမှ ပြောမနေနဲ့”

မေက ဟောက်ပစ်တာတောင် ဇော်ထွန်းက မရပ်ချင်သေး။ သော်တို့ ဝိုင်းအော်မှပဲ တိတ်သွားတော့သည်။

“ဟော့... ဟိုနှစ်ယောက် တိုးတိုးတိုးတိုးနဲ့ ဘာဖြစ်နေတာလဲ”

“အေးလေ နှစ်ကိုယ်ကြား ဘာတွေပြောနေသလဲ”

ဒီတော့မှ ဇော်ထွန်းက ရယ်ကျဲကျဲနှင့် သော်တို့စကားဝိုင်းထဲသို့ ရောနှောပါသွားလေသည်။

“စားစရာရှိတာ စား၊ ပြီးရင် သွားရအောင်ဟာ”

ခင်က လောသည်။

“နေပါဦး ခင်ရာ၊ နင့်ရွာက ထွက်ပြေးမှာမို့လို့လား” ဟု သက်ဦးကမေးတော့ ခင်က ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရွာကတော့ ထွက်မပြေးပါဘူး။ ဒါပေမဲ့ လပြည့်ညီဆိုတာ တစ်လမှ တစ်ရက်ပဲရှိတာလေဟာ"

ခင့်စကားကိုကြားတော့မှ မေကြာညိုက ခင်ပြောထားသည့် ကြာညိုအိုင်ရွာအနားမှ ရှေးဘုရားအကြောင်းကို သတိရမိသည်။ အခြားသူများကတော့ သိကြပုံမရပါ။ ထို့ကြောင့် ခင့်ကို ဝိုင်းမေးကြသည်။

"လပြည့်ညက ဘာဖြစ်သလဲဟ"

"နင်တို့ကို လပြည့်ညသန်းခေါင် မကျော်ခင် ရွာကို အရောက်ခေါ်ချင်လို့ပေါ့ဟာ"

"ဘုရားရှေ့ နင့်ဟာက ဂမ္ဘီရဝတ္ထုကြနေတာပဲ။ ပြောစမ်းပါဟ ရှင်းရှင်းလင်းလင်း ငါတို့ကို မျက်စိရော နားရော လည်သွားအောင် မလုပ်ပစ်စမ်းပါနဲ့"

သူမကလွဲပြီး တခြားလူတွေကို လပြည့်ညတွင် ဘုရား၌ ပန်းတွေ အပြည့်ရောက်လာတတ်ကြောင်း ခင်က ပြောပြထားပုံမရပါ။ အားလုံး ဝိုင်းမေးကြလွန်းတော့မှပဲ ခင်က သူမကို ပြောပြထားသည့် အကြောင်းအရာကို ပြောပြလေတော့





သည်။

"ငါတို့ရွာနားမှာ တန်ခိုးကြီး ရှေးဘုရားတစ်ဆူရှိတယ်ဟာ။ အဲဒီဘုရားက ဘယ်လောက်တန်ခိုးကြီးသလဲဆိုရင် လပြည့်ညတွေမှာ ရွာထဲကလူတွေ ဘယ်သူမှ သွားလှူတာမဟုတ်ဘဲနဲ့ ဘုရားရင်ပြင်မှာ ပန်းမျိုးစုံကို လာလှူထားတတ်တယ်ဟာ၊ အဲဒါ နှစ်ပေါင်းများစွာ ကြာနေပြီ။ တစ်ခါမှ မပျက်ကွက်သေးဘူး။ လာလှူတဲ့သူကို သိချင်လို့ စောင့်ကြည့်ရင်လဲ ဘယ်တော့မှ မအောင်မြင်ဘူး။ အဲဒါကြောင့် နင်တို့ကို လပြည့်ညအမီ ခေါ်သွားချင်တာပေါ့"

ခင့်စကားဆုံးတော့ မေကြာညိုကလွဲပြီး အားလုံး အံ့တသြ ဖြစ်သွားကြသည်။ ခင့်ကိုလည်း အပြစ်ဝိုင်းတင်ကြသည်။

"ခင်ကလဲ စောစောကတည်းက ပြောပြတာ မဟုတ်ဘူး။ အခုမှပဲ ပြောပြရတယ်လို့"

"အေးလေ ဒီလိုမှန်းသိထားရင် အခုထက် တစ်ရက်စောပြီး ထွက်လာခဲ့လိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ခင်ရာ၊ ကြိုတင်သိထားရင် ကြိုထွက်လာလို့ရတာပေါ့"

ခင်က မျက်နှာငယ်လေးနှင့် ပြန်ပြောသည်။

"မဟုတ်ဘူးဟ ငါတို့ ကြာညိုအိုင်ရွာသားတွေ စောင့်ထိန်းရတဲ့ စည်းကမ်းထဲမှာ အဲဒီကိစ္စကို လူသိရှင်ကြား ကျော်ကြားအောင် မလုပ်ရဘူးဆိုတာလဲ ပါတယ်"

ဒီတစ်ခါတော့ မေကြာညိုက စိတ်ဝင်တစား ဖြစ်သွားမိပြီး...

"ဘာဖြစ်လို့လဲ ခင်" ဟု ခပ်မြန်မြန်ပင် မေးလိုက်လေသည်။

"ဒီကိစ္စကို လူတွေသိပြီး အုတ်အော်သောင်းနင်း ဖြစ်တာနဲ့ တခြားမြို့ရွာက လူတွေရောက်လာကြပြီး ကြာညိုအိုင်အနားမှာ လူစိမ်းတွေနဲ့ စည်ကားနေမှာစိုးလို့ ဖြစ်မှာပေါ့ဟာ"

ခင့်အဖြေကို ဇော်ထွဋ်က စောဒကတက်သည်။

"လူစည်တော့ ဘာဖြစ်လဲ ခင်ရဲ့၊ နင်တို့ရွာစည်ကား





တာပေါ့ဟ။ ပြီးတော့ ရွာကလူတွေ စီးပွားတောင် ဖြောင့်ဦးမယ် မဟုတ်လား"

"နင်ပြောတာတော့ ဟုတ်တာပေါ့ဟာ၊ ဒါပေမဲ့ မလိုလားအပ်တဲ့တာတွေလဲ ဖြစ်နိုင်တယ် မဟုတ်လား။ လူတွေအများကြီး ငါတို့ရွာကို ရောက်လာရင် ကြာညိုအိုင်ကြီးရဲ့ သတင်းကလဲ ပြန့်နှံ့သွားမယ်။ ဒါဆို လောဘသားတွေက သိုက်တူးချင်ကြမယ်။ ကြာညိုအိုင်ထဲမှာ သိုက်ရှိချင်ရှိဦးမယ်။ မရှိချင်လဲ မရှိဘူး။ ဘာပဲဖြစ်ဖြစ် ရွှေငွေရတနာတွေကို ရလိုမှုနဲ့ တူးကြဖော်ကြလုပ်ရင် အနည်းဆုံးတော့ သဘာဝ ပတ်ဝန်းကျင် ပျက်စီးရမှာပဲ မဟုတ်လား"

"အေး ခင်ပြောတာလဲ ဟုတ်တာပဲ"

"ဒါနဲ့ အဲဒီစည်းကမ်းကို ဘယ်သူထုတ်ခဲ့တာလဲ ခင်ရဲ့"

"မသိဘူးဟ ငါ့အဘိုးပြောတော့ သူတို့ ငယ်ငယ်လေးကတည်းက အဲဒီစည်းကမ်းရှိနေတာတဲ့လေ"

"ဒါဆို ရှေးလူကြီးတွေ အမြော်အမြင်တော်ကြီးကြပါ



www.burmeseclassic.com

www.burmeseclassic.com



လားဟ"

"အမြော်အမြင်ကြီးတာလား၊ အယူသီးပြီး ကြောက်တတ်တာလားဟာ"

"အို... ဘာပဲဖြစ်ဖြစ် အဲဒီစည်းကမ်းချက်ကြောင့် ကြာညိုအိုင်ကြီး ခုထိရှိနေသေးတာကို ဘယ်သူငြင်းနိုင်မလဲ။ အဲဒါ ရှေးလူကြီးတွေ တော်ကြလို့ပေါ့ဟ"

"အကြောက်ကြီးတာပါဟာ"

စကားဝိုင်းကနေ အငြင်းအခုန်ဝိုင်း ဖြစ်လာသည့်အခါမှာတော့ ခင်က ထအော်တော့သည်။

"တော်ကြပါတော့ဟာ အချိန်ကုန်တယ် သွားရမယ့်ခရီးက အဝေးကြီး ကျန်သေးတယ်။ စားလို့ပြီးရင် သွားမယ်"

"အေးလေ နင်တို့ကလဲ ကလေးတွေမဟုတ်ဘဲ သိပ်နားပူတယ်"

မေကပါ ဝင်ပြောလိုက်တော့မှ ငြင်းသံခုန်သံတွေ ရပ်သွားသည်။

ထို့နောက် ကားပေါ်မှာ စားဖို့မုန့်များ၊ သောက်စရာ





ရေဘူးများကို အပြည့်အစုံဝယ်၍ သူမတို့ ကားလေးက ခရီးဆက်လာပြန်သည်။

အခုအခါမှာတော့ အားလုံး၏ ရင်ထဲဝယ် လပြည့်ညသန်းခေါင်မကျော်ခင် ကြာညိုအိုင်ကို ရောက်ဖို့အတွက်ပဲ ဆန္ဒစောနေကြတာ သေချာလေသည်။

ထို့ကြောင့် ကားကလေး၏ အပြေးနှုန်းကလည်း ပို၍မြန်ဆန်လာလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကားမောင်းသူတွေ ဘယ်လိုရှိမည် မသိ။ နောက်ခန်းက ထိုင်စီးလာရသည့် သူမတို့ပင် ညောင်းလာသည်။ ဇော်ထွဋ်နှင့် သက်ဦး နှစ်ယောက်က ကားကို တစ်ယောက်တစ်လှည့်စီ မောင်းနေချိန်တွင် ခင်ရယ်၊ မို့ရယ်၊ သော်ရယ် သုံးယောက်ကလည်း သူမတို့၏ ကြားဖူးနားဝ ဥစ္စာစောင့်ပုံပြင်၊ သိုက်ပုံပြင်များကို တစ်လှည့်စီ ပြောလာကြလေသည်။

မကြာညိုကတော့ နားထောင်သမားသက်သက် ဖြစ်သည်။ သူငယ်ချင်းတွေ ပြောနေကြသည့်အကြောင်းအရာသည် သူမနှင့် အတော်ကို စိမ်းလေသည်။





ဘာကြောင့်လဲဆိုတော့ မကြာညိုသည် အဘိုးအဘွားများနှင့် လက်ပွန်းတတီး ကြီးပြင်းလာခဲ့ရသူ မဟုတ်ဘဲ ပညာတတ်မိဘများနှင့် မြို့မှာသာ ကြီးပြင်းလာခဲ့ရသည့်အတွက် ဥစ္စာစောင့်ပုံပြင်များကို နားမထောင်ခဲ့ရလို့ဘဲ ဖြစ်သည်။

အခု နားထောင်ရတော့မှ နားထောင်လို့ အတော်ကောင်းပြီး စိတ်ဝင်စားဖွယ်ကောင်းကြောင်း စိတ်ထဲမှ ဝန်ခံရလေသည်။

ပထမဦးဆုံး မို့က ပြောသည်။

"ငါ ငယ်ငယ်တုန်းက အဘွားပြောပြတာကို နားထောင်ဖူးတယ်ဟ၊ လပြည့်ညတွေမှာ ဥစ္စာစောင့်တွေ သိုက်ပြောင်းတတ်တဲ့ အကြောင်းပေါ့။ ရေလမ်းခရီးဆိုရင် ရွှေလှေ၊ ငွေလှေတွေနဲ့ ပြောင်းကြတယ်တဲ့ဟ၊ ကုန်းလမ်းဆိုရင်တော့ ရွှေလှည်း၊ ငွေလှည်းတွေနဲ့ ပြောင်းကြတယ်လို့ ပြောတယ်။ တကယ်လို့ဟာ ဥစ္စာစောင့်ဟာ သူပိုင်ပစ္စည်းတွေကို စောင့်နေတဲ့ ဥစ္စာစောင့်ဖြစ်ရင် တောင်းယူလို့ရနိုင်တယ်ရဲ့။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကို စောင့်နေရတာဆိုရင်တော့ ဘုရားပစ္စည်းတွေ မှီ့ တောင်းရင်လဲ မပေးဘူးတဲ့...

"ငါ့အဘွားကပြောတယ်။ အဘွားတို့ ငယ်ငယ်တုန်းက အရမ်း ဆင်းရဲတဲ့ မိန်းမကြီးတစ်ယောက်ကို ဥစ္စာစောင့်က လှူဒါန်းစားသောက်ဖို့အတွက်ဆိုပြီး ရွှေမန်ကျည်းသီးတောင့် တွေ ပေးဖူးတယ်တဲ့။ အဲဒီမိန်းမကြီးက ဥစ္စာစောင့်တွေကို ကတိပေးတဲ့အတိုင်း အလှူအတန်းတွေလုပ်လို့ စီးပွားတွေ တက်ပြီး ဝက်ဝက်ကွဲ ချမ်းသာတာတဲ့ဟ"

မှီ့ ပြီးတော့ သော်က ပြောပြပြန်သည်။

"ငါ့ဘွားဘွားကြီးက ပြောပြတာတော့ သိုက်က ပြန် ခေါ်တဲ့အကြောင်းဟ၊ ဘွားဘွားကြီးရဲ့ ငယ်သူငယ်ချင်းက အရမ်းချောတာပဲတဲ့။ သူ့ရဲ့ မိဘတွေနဲ့ကို ဘာမှမဆိုင်ဘူး တဲ့။ သူ့ကိုမွေးပြီးမှ မိဘတွေလဲ ချမ်းသာလာကြတယ်တဲ့။ သူကတော့ သူ့ကိုယ်သူ သိုက်ကလာမှန်းသိတယ်တဲ့။ လူ့ ပြည်မှာ သာသနာပြုဖို့အတွက် သူ့ကို သိုက်က လွှတ်လိုက် တာတဲ့။ သူ့အသက် ဆယ်ရှစ်နှစ်ပြည့်ရင် သူလာခဲ့တဲ့ သိုက်





ထဲကို ပြန်သွားရမယ်ဆိုတာကိုလဲ မိဘတွေကို ပြောပြတယ် တဲ့။ သူ့နာမည်က မြနန်းမိုတဲ့ဟ..."

"သူ့ရဲ့ မိဘတွေကတော့ဟာ သူတို့သမီးလေး ငယ် ငယ်ရွယ်ရွယ်နဲ့ သေရမှာကို ဘယ်ကြည့်ရက်မလဲ။ ဒါကြောင့် ဆရာတွေနဲ့ သိုက်ကြိုးဖြတ်တယ်တဲ့"

ထိုနေရာအရောက်တွင် ငြိမ်မနေနိုင်ဘဲ မေကြာညိုက ဝင်မေးလိုက်မိသည်။

"သိုက်ကြိုးဖြတ်တယ်ဆိုတာ ဘာလဲဟ"

ဒီတော့ သော်က ပြန်ရှင်းပြသည်။

"သိုက်ကြိုးဖြတ်တယ်ဆိုတာဟာ သိုက်ကို ပြန်သွား ရမယ့်အချိန်မှာ မသွားရအောင် အသက်ထပ်တောင်းတာပေါ့။ အသက်ရှည်ရှည်နေရအောင်လို့ သိုက်ထဲက ပုဂ္ဂိုလ်တွေဆီမှာ မေတ္တာရပ်ခံတာပေါ့ဟာ"

"အဲဒါကို ဘယ်သူတွေ လုပ်ပေးတာလဲဟ"

"ဆရာတွေ ဘာတွေရှိမှာပေါ့ကွာ။ ဘွားဘွားကြီး ပြောပြတုန်းက ငါလဲ အသေအချာ မမေးထားလိုက်မိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခု ငါ့အဘွားလဲဆုံးသွားပြီလေ”

“ရပါပြီဟာ ရသလိုပဲ မှတ်သားထားပါ့မယ်။ ဆက်ပြောပါတော့”

ဒီတော့မှပဲ သော်က အာပေါင်အာရင်းနှင့် ဆက်ပြောလေသည်။

“ငါတို့အဘွားရဲ့ သူငယ်ချင်း မြနန်းမုံကို သိုက်ကြိုးဖြတ်တော့ သိုက်ထဲမှာ ကျန်ရစ်ခဲ့တဲ့ သူ့ရဲ့ ယောကျာ်းကအသက်တောင်းတာ တော်တော်နဲ့ မတိုးပေးဘူးတဲ့။ အရမ်းတောင်းလွန်းတော့မှ အသက်လေးဆယ်အထိ နေဖို့ခွင့်ပြုပေးတယ်တဲ့”

“အို… တော်သေးတာပေါ့။ ဆယ့်ရှစ်နှစ်ထက်စာရင် အသက်လေးဆယ်ဆိုတာ အကြာကြီးနေရမှာပဲ မဟုတ်လား”

“နေဦးဟ၊ အသက်လေးဆယ်ဆိုတာကိုလဲ ဒီအတိုင်းပေးတာတော့ မဟုတ်ဘူးတဲ့။ ကတိတစ်ခု တောင်းပြီးမှပေးတာတဲ့ဟ၊ လူ့ပြည်မှာ အိမ်ထောင်သားမွေးလုပ်ခဲ့ရင် ချက်ချင်းသိုက်ကို ပြန်လာရမယ်တဲ့”





“မြနန်းမုံရဲ့ မိဘတွေကလဲ သမီးလေး အသက်ရှည်စေချင်ဇောနဲ့ ကတိပေးကြတာပေါ့။ အဲဒီအချိန်မှာ မြနန်းမုံက အသက်ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်အရွယ် အချစ်တွေဘာတွေကိုလဲ နားမလည်သေးဘူးပေါ့ဟာ၊ အသက်ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်အရွယ်ကိုလဲ ရောက်လာရော ရက်ရက်စက်စက်လှတဲ့ မြနန်းမုံကို ချစ်တဲ့ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်လာတော့တာပဲတဲ့။ မြနန်းမုံရဲ့ မိဘတွေကလဲ သူတို့သမီးလေး အသက်ရှည်ရှည်နေရဖို့အတွက် ဘယ်သူနဲ့မှ မချစ်ကြိုက်အောင် ထိန်းသိမ်းကြတာပေါ့ဟာ…”

“မြနန်းမုံကိုယ်တိုင်လဲ သတိနဲ့ နေခဲ့တာပါပဲတဲ့။ ဒါပေမဲ့ အချစ်ဆိုတာ ဘယ်သူ့ကိုမဆို ဖမ်းစားနိုင်တဲ့ နတ်ဆိုးမဟုတ်လား။ ဒီတော့ဟာ အချစ်နဲ့ကင်းအောင်နေတဲ့ကြားထဲက မြနန်းမုံက လူငယ်တစ်ယောက်ကို ချစ်မိသွားရောတဲ့…”

အိမ်ထောင်မပြုပါဘူးလို့ ကတိပေးထားတဲ့ကြားထဲက သူ့ချစ်သူနဲ့ အိမ်ထောင်ပြုဖို့ ဆုံးဖြတ်တယ်တဲ့။ မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလဲ အတင်းဖျက်တာပေါ့ဟာ၊ ဘယ်လိုပဲဖျက်ဖျက်၊ ဘယ်လိုပဲတားတား မြနန်းမုံက သူ့ချစ်သူနဲ့ ခိုးရာလိုက်သွားရောတဲ့။ အဲဒီညမှာပဲ အနက်ရောင် မြွေဟောက်ကြီးတစ်ကောင်က မြနန်းမုံကို လာကိုက်သတ်ပြီး သေသွားတယ်တဲ့"

"အဲဒါ သိုက်က ပြန်ခေါ်သွားတာ ဖြစ်မှာပေါ့"

"အေးလေ၊ ဘွားဘွားကြီးကလဲ အဲဒီလိုပဲ ပြောတာပဲ။ မြနန်းမုံရဲ့ မိဘတွေဆိုရင် ရူးမတတ်ဘဲတဲ့ဟာ"

မေကာ တိတ်တိတ်လေး နားထောင်ရင်း ချိန်ထိုးစဉ်းစားကြည့်နေမိသည်။ မို့ပြောသည့် ဥစ္စာစောင့် ဇာတ်လမ်းကို မယုံဘူး။ မဖြစ်နိုင်ဘူးဟု စိတ်ထဲက ငြင်းဆန်နေမိပေမယ့် မတွေးဘဲလည်း မနေနိုင်ပါ။

ထိုအကြောင်းအရာက သူမကို ဖမ်းစားထားနိုင်ကြောင်း ဝန်ခံရပါလိမ့်မည်။ သူမ စိတ်များက မယုံနိုင်ခြင်းတစ်ဝက်၊ ယုံကြည်လိုခြင်းတစ်ဝက်နှင့် ဝေဝေဝါးဝါး ဖြစ်နေချိန်မှာပင် မို့က သူမကို လှမ်းပြောလေသည်။

"နင်လဲ သိုက်ကလာတာဆိုရင် သတိထားနော် မေ၊





နင့်မိဘတွေကို ပြောပြလိုက်ပြီး လုပ်စရာရှိတာ လုပ်ထားပေါ့"

"ဘာပြောရမှာလဲဟ"

"နင်က သိုက်ကလာတဲ့အကြောင်းပေါ့ဟဲ့"

"ပေါက်ပေါက်ရှာရှာဟာ၊ ငါက ဘယ်သိုက်ကလာရမှာတဲ့လာ။ နင်တို့ကလဲ ခေတ်ပညာတတ်တွေ လုပ်နေပြီးဒါတွေကို ယုံယုံကြည်ကြည် စွဲစွဲလမ်းလမ်း ပြောဆိုနေကြတာအံ့ရောပဲ။ ငါတော့ မယုံပါဘူးဟာ"

မေကြာညိုက ခပ်တည်တည် ပြောပစ်လိုက်သည်။ ဒါပေမဲ့ မို့တို့ကလည်း အလျှော့မပေးပါ။

"ခေတ်ပညာတတ်တာနဲ့ ဥစ္စာစောင့်ရှိတယ်ဆိုတာကို မယုံရတော့ဘူးလား။ လောကမှာ ခေတ်ပညာက ဖြေရှင်းမပေးနိုင်တဲ့ ကိစ္စတွေ အများကြီးပဲလေ။ ခေတ်ပညာတတ်တိုင်း ဘာကိုမှ မမြင်ရဘဲ လက်တွေ့ကျကျ မသိရဘဲ မယုံဘူးလို့ အော်ဟစ်နေရင် အဲဒါ တယူသန်စိတ်ပဲ"

"နင်ပြောသလိုဆိုရင် အရာရာကို မျက်စိမှိတ်ပြီး ယုံလိုက်ရတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



မေက မေးတော့...

“အဲ... ယုံသင့်မှ ယုံရမှာပေါ့”ဟု မိုးက ပြန်ပြောသည်။

“နင်ပြောနေတာကိုက ယောင်ဝါးဝါးကြီးပါ မိုးရာဟု ပြောပြီး မေက အနိုင်ပိုင်းပစ်လိုက်တော့ ရှုံးရှုံးရှဲရှဲနှင့် မိုးက စိတ်တိုသွားသည်။

ဒီတော့မှ ခင်က ဝင်ဖျန်ဖြေပြီး နောက်ထပ် ဥစ္စာစောင့် ပုံပြင်တစ်ခုကို ပြောပြလေသည်။

“ကဲပါဟယ် မေနဲ့မိုး ငြင်းမနေကြနဲ့။ ဥစ္စာစောင့် အကြောင်း၊ သိုက်အကြောင်းတွေကို လူတွေပြောဆိုနေကြတဲ့ နေရာမှာ ချဲ့ကားတာတွေ အပိုထည့်ဆောင်းပြီး ပြောတာတွေရှိ နိုင်တာပေါ့ဟာ။ ဒါပေမဲ့ အဲဒီလို ချဲ့ကားပြီး ပြောဖို့အတွက် ကလဲ အခြေခံအကြောင်းရင်းတော့ ရှိရမှာပဲ မဟုတ်လား။ ဒါကြောင့် မျက်စိမှိတ်ပြီး ယုံဖို့လဲမကောင်းဘူး။ လုံးဝ မယုံဘူးလို့ ခြေကန်ငြင်းဖို့လဲ မဖြစ်နိုင်ဘူး။ ဉာဏ်ပဲသုံးရမှာ ပေါ့ဟာ”

ခင်ပြောတာ နည်းလမ်းကျသည့်အတွက် မေကြာညို





က ငြိမ်နေလိုက်သည်။

ဒီတော့မှ စိတ်ဝင်စားဖွယ်အကြောင်းအရာ တစ်ခုကို ခင်က စတင်ပြောပြလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အခု ငါပြောမှာက ဒဏ္ဍာရီလဲမဟုတ်ဘူး။ ပုံပြင်လဲ မဟုတ်ဘူးနော်။ ငါတို့ရဲ့ ကြာညိုအိုင်မှာ တကယ်ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ဟာ၊ ငါတို့ အဘိုးအဘွားရဲ့ ကိုယ်တွေ့ပေါ့။ မယုံရင် ရွာရောက်တော့ ပြန်မေးကြည့်ပေါ့ဟာ၊ ငါ့အဘိုးနဲ့ အဘွားနှစ်ယောက်စလုံး သက်ရှိထင်ရှားရှိသေးတယ်"

ခင်ကပြောပြီး 'ဘယ်လိုလဲ' ဆိုသည့် ပုံစံမျိုးဖြင့် မေ့မျက်နှာကို လှမ်းကြည့်သည်။

"ပြောမှာ ပြောစမ်းပါဟာ" ဟု မေက အော်ပစ်လိုက်သည်။

"မဟုတ်ဘူးလေ၊ နင်က နားထောင်ချင်ပါ့မလားလို့"





"ပြောမှာသာ ပြော့စမ်းပါဆိုနေ"

ဒီတော့မှ ခင်က စပ်ဖြဲဖြဲမျက်နှာနှင့် စတင်ပြောပြသည်။

"ငါတို့ အဘိုးလူပျိုပေါက် အရွယ်လောက်တုန်းကပေါ့၊ ကြာညိုအိုင်သိုက်ကို တူးဖို့အတွက် သိုက်ဆရာတစ်ယောက်နဲ့ သူ့ရဲ့ တပည့်သုံးယောက် ရွာကို ရောက်လာကြတယ်တဲ့"

"သိုက်ဆရာဆိုတာ ဘာလဲခင်"

မေကြာညိုက မေးလိုက်တော့ ခင်က ပြန်ဖြေသည်။

"သိုက်ဆရာဆိုတာ သိုက်တူးတဲ့လူပဲ ဖြစ်မှာပေါ့ဟာ၊ ငါလဲ ကောင်းကောင်း မသိဘူး။ နင် သိချင်တာတွေကို အဘိုးနဲ့တွေ့မှပဲ မေးတော့မေရာ၊ အခု နင် ငါ့ကိုမေးနေရင်လဲ ငါ ကောင်းကောင်းဖြေနိုင်မှာမှ မဟုတ်ဘဲ။ ဒီတော့ ငါပြောတာကိုပဲ နားထောင်နော်။ ငါကလဲ ငါ့အဘိုးပြောပြတဲ့အတိုင်းပဲ နင့်ကို ပြောပြမှာ။ ငါ့အဘိုးနာမည်က ဦးမောင်နိုးတဲ့။ ကဲ... နားထောင်"

* * *



www.burmeseclassic.com

www.burmeseclassic.com



နွေဦးရာသီမို့ ကြာညိုအိုင်တစ်ဝိုက်က သာယာလွန်းလှသည်။ လယ်လုပ်ငန်းသိမ်းစအချိန် ဖြစ်သည့်အတွက် အဲလုပ်အားလပ်နေသော ကြာညိုအိုင်ရွာ၏ ကာလသားများသည် ကြာညိုအိုင်ကြီးနှင့် ပတ်သက်သည့်အကြောင်းအရာများကို အုပ်စုဖွဲ့ ပြောနေကြပြီး ထိုအထဲတွင် လူပျိုပေါက်အရွယ် မောင်ရိုးလည်း ပါဝင်လေသည်။

မောင်ရိုးသည် လူပျိုပေါက်အရွယ်သာ ရှိသေးတာမို့ ကာလသားစာရင်း မဝင်သေးဘဲ ကာလသားများ၏ နောက်လိုက်ပညာသင်အဆင့်ပဲ ရှိသေးတာမို့ စကားဝိုင်းတွင် နားထောင်သမား သက်သက်သာ ဖြစ်လေသည်။

သူသည် ကာလသားတွေ ပြောသမျှကို နားထောင်ရသည့်အလုပ်အား သဘောကျလွန်းသည့်အတွက် အိမ်မှာ ရေ ခပ်၊ နွားစာစဉ်း၊ ထင်းခွဲ စသည့်အလုပ်တွေ တူညီလုပ်ကိုင်ပေးပြီးတာနှင့် မောင်ရိုးက ကာလသားများ စုရုံးနေကြသည့် နေရာသို့ အရောက်သွားတော့သည်။

ကာလသားတွေ စုရုံးသည့်နေရာသည် ရွာထိပ်ညောင်





ပင်ကြီးအောက်တွင် ဖြစ်သည့်အတွက် အရိပ်အာဝါသ ကောင်းလွန်းလှသလို၊ ကြာညိုအိုင်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသည့် လေအေးအေးများကြောင့်လည်း နေလို့ အရမ်းကောင်းသည်။ ထို့ကြောင့် မောင်ရိုးက ထိုနေရာကို နှစ်သက် သဘောကျမိတာ ဖြစ်သည်။

ကာလသားတွေ ပြောကြတာကလည်း အကြောင်းအရာတွေ စုံလင်လှသည်။ အထူးသဖြင့် ကြာညိုအိုင်ကြီးမှ ဥစ္စာစောင့်မချောချောလေးတွေအကြောင်းကို သူ စိတ်ဝင်စားလွန်းလှသည်။ ကာလသားတွေကလည်း တခြားအကြောင်းအရာတွေထက် ဥစ္စာစောင့်အကြောင်းကိုပဲ မမောနိုင် မပန်းနိုင် ပိုပြောကြသည်။ မောင်ရိုးကလည်း ဘယ်နှစ်ကြိမ် နားထောင် နားထောင် ရိုးအီသွားခြင်း မရှိခဲ့ပါ။

အခုလည်း ကြာညိုအိုင်ကြီးမှ ဥစ္စာစောင့်အကြောင်းဖြင့် စကားဝိုင်းက စည်ကားနေလေသည်။ ပြောသူက ကာလသားခေါင်း ကိုမောင်ဘ ဖြစ်လေသည်။

"ပြီးခဲ့တဲ့ လပြည့်ညက ကြာညိုအိုင်ထဲမှာ လောင်းလှေ



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းတွေ့တယ်လို့ ကပ္ပိယကြီးက ပြောတယ်ကွ။ လှေကို လှော်နေတာက မိန်းကလေးတဲ့ ဆံပင်အရှည်ကြီးကို ဖြန့်ချထားတယ်တဲ့”

“ဟုတ်လား ကိုမောင်ဘ၊ ကပ္ပိယကြီးက ခင်ဗျားကို ပြောပြတာလား”

“ဟုတ်တယ်ကွ၊ ရွာထဲမှာ လျှောက်မပြောဖို့လဲ မှာလိုက်သေးတယ်”

“ဘာဖြစ်လို့လဲဗျ”

“ဪ... ဒီအကြောင်းကို လူတွေသိကုန်ပြီး သတင်းပြန့်ကုန်ရင် သိုက်တူးတဲ့ သိုက်ဆရာတွေ ရောက်လာမှာကြောက်လို့ပေါ့ကွာ၊ ကပ္ပိယကြီးကပြောတယ်။ သူတို့ပေါ်တယ်တုန်း က ကြာညိုအိုင်နား လောင်းလှေသွားသော်သိုက်ဆရာ ဆိုပြီး တပေါင်ရိုက်ပြီး သိုက်စာလိုလို ကျူဖူးတယ်တဲ့ကွ”

“သိုက်စာပေါ်ရင် သိုက်တူးလို့ရတာပေါ့ကွာ၊ အခုလောင်းလှေအိုင်ထဲမှာ တွေ့တယ်ဆိုတာကို သိုက်ဆရာတွေ





သာ ကြားသွားခဲ့ရင် သေချာပေါက် လာတူးကြမှာပဲ။ အဲဒါကြောင့် လပြည့်ညတုန်းက အိုင်ကြီးထဲမှာ လောင်းလှေတွေ့တဲ့အကြောင်း အိမ်ကလူကြီးတွေကိုတောင် ပြန်မပြောလေနဲ့ကြားကြလား”

မောင်ရုံးအပါအဝင် အားလုံးက ခပ်မြန်မြန် ကတိပေးလိုက်ကြရသည်။

“စိတ်ချပါ ကိုမောင်ဘရ၊ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး”

“ဒါနဲ့ ကပ္ပိယကြီးက အဲဒီလောင်းလှေနဲ့ မိန်းကလေးကို တွေ့ပြီး ဘာဆက်ဖြစ်သလဲဗျ”

“မိန်းကလေးက သူ့ဘက်ကို ကျောပေးထားလို့ မျက်နှာကို မမြင်ရဘူးတဲ့ကွ၊ ကပ္ပိယကြီးက သပြေကုန်းပေါ်မှာ ပုတီးစိပ်ရင်း မြင်ရတာဆိုတော့ ဝေးလဲဝေးတယ်လေ။ ဒါပေမဲ့ မိန်းကလေးလက်ထဲက လှော်တက်ကိုတော့ လရောင်ကြောင့် အသေအချာ သတိထားမိတယ်တဲ့။ ရွှေသားစစ်စစ်နဲ့ လုပ်ထားတဲ့ ဝင်းအိနေတဲ့ ရွှေလှော်တက်ကြီးတဲ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



**မောင်ရိုးက** 'ဟာ' ခနဲ ဖြစ်သွားပြီး ရွှေသားစစ်စစ် **လှော်တက်**ကြီးကို မြင်ယောင်ကြည့်မိသည်။

"ဟာဗျာ အဲဒီ ရွှေလှော်တက်ကြီးကိုသာ ရလိုက်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ ကျုပ်နဲ့ မိသက် ချက်ချင်း မင်္ဂလာဆောင်လို့ရပြီ မိသက်အမေကလဲ ကျုပ်ကို ဘယ်လောက် မျက်နှာသာပေးလိုက်မလဲ"

ကိုသံဒိုင်က အားရပါးရပြောတော့ ကျန်လူများက ဝါးခနဲ ထရယ်ကြသည်။ မောင်ရိုးကပါ ရောနှောရယ်မိသည်။

"ဟိတ်ကောင်တွေ ဒါ ရယ်စရာ မဟုတ်ဘူး"

ကိုမောင်ဘုက အော်လိုက်တော့ အားလုံး တိတ်သွားလေသည်။

"လောဘစကားကို မပြောနဲ့ သံဒိုင်၊ လောဘတက်မိရင် ဒုက္ခရောက်လိမ့်မယ်ကွ"

"ပါးစပ်ကပဲ ပြောတာပါ ကိုမောင်ဘုရယ်၊ ကျုပ်လဲ ရွှေလှော်တက်ကြီးကို သွားမယူရဲပါဘူးဗျာ"

"အေး... နောက် ပေါ့ပြက်ပြက်မပြောနဲ့။ ကြာညိုအိုင်





က အင်မတန်နက်ကြီးတာကွ၊ အခု မင်းပြောလိုက်တဲ့ စကားကိုတောင် သိုက်ထဲက ကြားသွားလောက်ပြီ"

ကိုမောင်ဘု စကားဆုံးတာနှင့် ကိုသံဒိုင်က မျက်စိမျက်နှာပျက်ပြီး ရေအိုင်ကြီးဘက်ကို လှမ်းကန်တော့သည်။

ရယ်ချင်ပေမယ့် မောင်ရိုးက မရယ်ရဲ။ ကြာညိုအိုင်နှင့် ပတ်သက်လျှင် သူလည်း ကြောက်လန့်တာပဲ ဖြစ်သည်။ ကိုမောင်ဘုလို သတ္တိရှိသည့်လူပင်လျှင် ကြောက်လန့်တာမို့ သူက ပိုလို့တောင် လန့်မိသေးသည်။

ကိုမောင်ဘုကလည်း အလကား ကြောက်တာတော့ မဟုတ်။ ကိုယ် တွေ့ကြုံခဲ့ရလို့သာ ကြောက်ခြင်းဖြစ်သည်။

ကြာညိုအိုင်ကြီး အလယ်ခေါင်ကျွန်းကို ရှာဖွေဖို့ ကျွန်းပေါ်တက်နိုင်ဖို့ ကိုမောင်ဘုက ခေါင်းဆောင်လုပ်ပြီး လှေတစ်စီးနှင့်သွားဖူးခဲ့သည်။

ကျွန်းကို တွေ့နိုင်ဖို့နေနေသာသာ ရေအိုင်ကြီး၏ အလယ်ကို ဦးတည်ပြီး လှေလှော်သွားတာနှင့်ပင် ကျွန်းရှိသည့်နေရာက အဖြူငွေ့ကြီးတွေ ပိန်းပိတ်အောင် ထွက်လာခဲ့၍



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြာညိုအိုင်ရေပြင်က လေမတိုက်ဘဲ ဘောင်ဘင်ခတ်လာခဲ့သည်။ ထို့ကြောင့် လှေကိုမထိန်းနိုင်ဘဲ ကုန်းပေါ်ပြန်တက်လာခဲ့ရလေသည်။

အဲဒီကတည်းက ကိုမောင်ဘုသည် ကြာညိုအိုင်သိုက်ကို လန့်သွားခဲ့တာ ဖြစ်သည်။

"လောဘနဲ့သာသွားခဲ့ရင် လှေမှောက်လို့သေပြီပေါ့ကွာ။ အခု ငါတို့မှာက သိုက်ထဲက ပစ္စည်းတွေကို လိုချင်လောဘ လုံးဝမရှိခဲ့လို့သာ အသက်ချမ်းသာရာ ရခဲ့တာပေါ့"

ဟု ကိုမောင်ဘုက ခဏခဏ ပြောတတ်သည်။

ကိုမောင်ဘုပြောတာကို မောင်ရိုးလည်း ယုံသည်။ တခြားလူတွေလည်း ထိုအတိုင်းပဲ ပြောကြသည်။ ထို့ကြောင့်ပင် ကြာညိုအိုင်ရွာသားများသည် ကြာညိုအိုင်သိုက်ထဲမှ ရတနာပစ္စည်းများအပေါ် စိတ်နှင့်ပင် လောဘမဝင်ရဲခဲ့ကြတာ ဖြစ်သည်။

"တကယ်တော့ကွာ သိုက်ပစ္စည်းဆိုတာ ဘုရားလှူထားပြီးသား ပစ္စည်းကွ၊ အဲဒီပစ္စည်းကို ပြစ်မှားရင် အင်မတန်





အပြစ်ကြီးတာ၊ ဆရာတော်ဘုရားက ပြောတယ်။ ဘုရားပစ္စည်းကို စားတဲ့သုံးတဲ့လူဟာ ဘယ်တော့မှ မပြောင်မြောက်ဘူးတဲ့ကွ၊ ဘုရားသိုက်တွေ လိုက်တူးစားနေတဲ့ လောဘသားသိုက်ဆရာတွေဟာလဲ တစ်နေ့ ဘေးကြီးတွေ့ကြရတာပဲ တဲ့ကွ"

ကိုမောင်ဘုပြောပြသည့် စကားများကို ကြောက်လည်းကြောက်၊ စိတ်လည်းဝင်စားပြီး နားထောင်နေဆဲ မောင်ရိုးတို့ ရွာဆီသို့ ဦးတည်လာနေသည့် ယောကျ်ားကြီး လေးယောက်ကို လှမ်းမြင်ရလေသည်။

* * *

ကြာညိုအိုင်ရွာသည် လမ်းဆုံးရွာ ဖြစ်သည့်အတွက် တခြားရွာသို့ သွားမည့်ခရီးသွားများ ဖြတ်သန်းသွားလာခြင်း မရှိပါ။ ထို့ကြောင့် လူစိမ်းရောက်လျှင် သိသာသည့်အတွက် သတိပြုမိတတ်ကြသည်။

"ကိုမောင်ဘု ရှေ့လာနေတဲ့ လူကြီးလေးယောက်က ဧည့်သည်တွေ ထင်တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



“နေဦးဗျ သူတို့ကြည့်ရတာ ကျိုးကြည့် ကြောင်ကြည့်နဲ့ နည်းနည်းလေးမှ ဣန္ဒြေမရဘူး။ ဧည့်သည်တွေရော ဟုတ်ရဲ့လား”

မောင်ရိုးတို့ ကြည့်နေဆဲမှာပင် ဧည့်သည်လည်း ဟုတ်ပုံမရသည့် လူကြီးလေးယောက်သည် ရွာဘက်သို့ လာသည့်လမ်းကို မလျှောက်ဘဲနှင့် ကြာညိုအိုင်ကြီးရှိရာဘက်သို့ သွားသည့်လမ်းအတိုင်းထွက်သွားကြတာကို တွေ့ရလေသည်။

“ဟာ... ကြာညိုအိုင်ကို သွားနေကြတာကွ၊ ဒီလူတွေ ရိုးမှရိုးရဲ့လား မသိဘူး”

“ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူးဗျ၊ ကျုပ်တို့ လိုက်သွားကြည့်ရအောင်”

“ကောင်းတယ်၊ ဇော်ကြာ လူစိမ်းတွေ ဘုမသိ ဘမသိနဲ့ ကြာညိုအိုင်ကြီးထဲ ဆင်းနေလို့ ဒုက္ခရောက်နေဦးမယ်”

“သိုက်ဆရာတွေ ဖြစ်နေရင် ပိုပြီးတောင် ဒုက္ခရောက်ကြရဦးမယ်။ လာ... လာ အမြန်သွားကြည့်စို့”

ကာလသားအုပ်စု သွားတော့ မောင်ရိုးကပါ လိုက်သွား





ကြည့်မိသည်။ သိုက်ဆရာဖြစ်နေခဲ့ရင် ဘာတွေဖြစ်ကုန်မလဲဟု တွေးရင်း ရင်တထိတ်ထိတ် ဖြစ်လာသည်။

အဘိုးတို့ကတော့ သိုက်ဆရာတွေအကြောင်း၊ သိုက်တူးကြသည့်အကြောင်း ပြောပြဖူးသည်။ မောင်ရိုးကိုယ်တိုင်တော့ တစ်ခါမှ မမြင်ဖူးပါ။ ထိုကြောင့် သိုက်ဆရာဖြစ်ပါစေဟုလည်း ဆုတောင်းမိသည်။

အဲဒီလို ဆုတောင်းမိပြီးမှ အပြစ်ဖြစ်နေတော့မှာပဲဟု တွေးမိသည့်အတွက် သိုက်ဆရာ မဖြစ်ပါစေနဲ့ဟုလည်း ပြန်ပြင်ဆုတောင်းမိပြန်သည်။

ကာလသားတွေကလည်း ထင်မြင်ချက်တွေ အမျိုးမျိုးပေးနေကြသည်။

“သိုက်ဆရာသာ ဖြစ်လို့ကတော့ကွာ ဝိုင်းရိုက်လွှတ်လိုက်မယ်။ နောက် ကြာညိုအိုင်အနားကို မသီဝံ့အောင် ပညာပေးလွှတ်လိုက်မယ်” ဟု ကြိမ်းမောင်းသည့် သူလည်းရှိသည်။ တချို့ကလည်း...

“သိုက်တူးချင် တူးစမ်းပါစေ၊ ဘာဖြစ်မယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း စောင့်ကြည့်နေလိုက်စမ်းမယ်။ ဒီလူတွေ ဘာမှရမှာတော့ မဟုတ်ဘူး” ဟု ပြောကြသည်။

ပြောရင်းဆိုရင်း ဆယ့်ငါးမိနစ်စာလောက် လမ်းလျှောက်သွားလိုက်တော့ ကြာညိုအိုင်ကြီး၏ အစပ်ကို ရောက်သွားပြီး လူစိမ်းများကို တန်းတန်းမတ်မတ် တွေ့ရလေသည်။

လူစိမ်းလေးယောက်သည် ကြာညိုအိုင်ကြီးနှင့် မလှမ်းမကမ်းတွင်ရှိသည့် သပြေပင်အိုကြီး ပေါက်ရောက်ရာနေရာ သပြေပင်ကုန်းပေါ်တွင် အကျအနရှိနေကြလေသည်။

သပြေပင်ကုန်းပေါ်တွင် တစ်ဖက်ရပ် တဲငယ်ကလေးတစ်လုံးရှိလေသည်။ ရွာကျောင်းမှ ကပ္ပိယကြီး အမိဋ္ဌာန်ပုတီးစိပ်ရန်အတွက် ထိုတဲကလေးကို ဆောက်လုပ်ထားခြင်းဖြစ်သည်။

အခု လူစိမ်းလေးယောက်သည် တဲပေါ်သို့ရောက်နေကြတာ ဖြစ်သည်။ သူတို့ပုံစံက ကိုယ့်အိမ်ကိုယ့်ယာတွင် နေကြသလိုလို ဖြစ်သည်။

ကိုမောင်ဘုက မောင်ရုံးတို့ကို အသာလှည့်ပြောသည်။





“စကားကို ယဉ်ယဉ်ကျေးကျေး ပြောကြမယ်နော်။ ဒီလူတွေ ကြည့်ရတာ သိပ်တော့ မဟုတ်ဘူး သတိထားကြ”

မောင်ရုံးက ဘယ်လိုမျိုး မဟုတ်တာလဲဆိုတာကို အကဲမခတ်တတ်ဘဲ ကိုမောင်ဘုနောက်မှ အသာကပ်လိုက်လာမိသည်။

လူစိမ်းလေးယောက်တွင် ဥပမိခပ်ကောင်းကောင်းနှင့် သျှောင်တစောင်း ထုံးထားသော လူကြီးသာ အသက်ခြောက်ဆယ်လောက်ရှိပြီး ကျန်သုံးယောက်ကတော့ အသက် အစိတ်သုံးဆယ်အရွယ်များပဲ ရှိသေးသည်။

အဘိုးကြီးသည် ဆရာဖြစ်ပုံရပြီး လူငယ်သုံးယောက်ကတော့ အဘိုးကြီး၏ တပည့်များဖြစ်လိမ့်မည်ဟု မောင်ရုံးက ခန့်မှန်းမိသည်။ သူတို့အုပ်စုထဲတွင် ခေါင်းဆောင်ဖြစ်သည်ကို မောင်ဘုက စုံစမ်းမေးမြန်းသည့်အလုပ်ကို စတင်လုပ်လေသည်။ အငယ်ဆုံးဖြစ်သည့် မောင်ရုံးကတော့ ဟိုဘက်ဒီဘက်ရှိ လူများကို မျက်စိသူငယ်၊ နားသူငယ်နှင့် စောင့်ကြည့်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးတို့က ခရီးသွားတွေလား" ဟု မေးလိုက်တော့ သျှောင်တစောင်းနှင့် လူကြီးက...

"မဟုတ်ဘူးကွယ့် ကိစ္စနဲ့လာတာ" ဟု ပြန်ဖြေသည်။

"ကျွန်တော်တို့က ကြာညိုအိုင်က ကာလသားတွေပါ။ ကူညီစရာရှိရင် ကူညီလို့ရအောင် ဦးကြီးတို့ရဲ့ လာရင်းကိစ္စကို သိပါရစေ ခင်ဗျာ" ဟု ကိုမောင်ဘုက ယဉ်ယဉ်ကျေးကျေး မေးသည်။

မောင်ရုံးကတော့ ရင်တထိတ်ထိတ်။

သျှောင်တစောင်းနှင့် လူကြီးသည် စူးရှသော မျက်လုံးနက်နက်များဖြင့် သူတို့အုပ်စုကို တစ်ယောက်စီ လိုက်ကြည့်သည်။

အဘိုးကြီး၏အကြည့်သည် စူးရှလွန်းပြီး ရင်ဘတ်ထဲအထိမြင်အောင် ကြည့်ရှုလိုက်ရသလိုမျိုးခံစားရပြီး ထိုအကြည့်ကြောင့်ပင် ကြောက်ရွံ့အားငယ်သည့် ခံစားချက်မျိုးကိုမောင်ရုံးက ခံစားလိုက်ရလေသည်။

တခြားသူတွေကို ကြည့်လိုက်တော့လည်း သူ့လိုပဲ





ခံစားနေရဟန်တူ၏။ အားလုံး၏ မျက်နှာများပေါ်တွင် စိတ်လက်မအီမသာ ဖြစ်သွားဟန် အရိပ်အငွေ့များ အစိုင်းသားတွေ့မြင်ရလေသည်။

"ကျုပ်တို့ရဲ့လာရင်းကိစ္စကို မပြောခင် တစ်ခုမေးစမ်းပါရစေဦး။ မောင်ရင်တို့ မချမ်းသာချင်ကြဘူးလား။ ရွှေတွေငွေတွေ တစ်သက်လုံး မကုန်အောင် မလိုချင်ကြဘူးလား"

မောင်ရုံးတို့လူစုက အဘိုးကြီးကို အဖြေပြန်မပေးဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

မောင်ရုံးက အသက်ငယ်သည့်အတွက် ထိုစကား၏ အဓိပ္ပာယ်ကို နားမလည်သေးသော်လည်း ကိုမောင်ဘုတို့ကတော့ ထိုစကား၏ အဓိပ္ပာယ်ကို နားလည်ပြီး ထိုလူကြီးကို မယုံသင်္ကာမျက်လုံးများနှင့် ဝိုင်းကြည့်နေကြလေတော့သည်။

"မောင်ရင်တို့က ကျုပ်ပြောတာကို မယုံကြဘူးလား။ အမ်း... မယုံတော့လဲ လက်တွေ့ပြရသေးတာပေါ့ကွယ်။ မောင်ရင်တို့ကို ကယ်မဖို့ အချိန်ကျလို့ ကျုပ်လာခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သျှောင်တစောင်းနှင့် အဘိုးကြီးသည် ဟန်ပန်ကြီးတစ်ခွဲသားဖြင့် ကွမ်းအစ်ကြီးထဲမှ ကွမ်းကို ယာစားနေပြန်သည်။ ပြီးမှ သူတို့ကို ပြောသည်။

"ကဲ... ထိုင်... ထိုင်၊ မောင်ရင်တို့ ထိုင်ကြ"

မောင်ရိုးတို့ အားလုံးသည် ထိုလူကြီး၏ စကားကို မလွန်ဆန်နိုင်ဘဲ တဲရှေ့မြေကွက်လပ်ကလေး၌ တိုးဝှေ့ထိုင်ချလိုက်ချိန်မှာပင် ရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ဘုရားသည် သပြေပင်ကုန်းပေါ်သို့ ကြွရောက်လာလေတော့သည်။

* * *

ကြာညိုအိုင်ရွာသားများသည် ဘာသာတရားကိုင်းရှိုင်းသူများ ဖြစ်သည့်အားလျော်စွာ ဆရာတော်ဘုရားကို ရိုသေလေးစားကြပြီး ဆရာတော်ဘုရား၏ အဆုံးအမအောက်၌ အသက်မွေးဝမ်းကျောင်း ပြုနေထိုင်ကြသူများ ဖြစ်လေသည်။

သျှောင်တစောင်းနှင့် လူကြီးသည် ဆရာတော်ဘုရားကိုလည်း အရေးတယူရှိပုံမရပါ။ မကောင်းတတ်လို့ နေရာ





ပေးရသည့်ပုံစံမျိုးဖြင့် တဲပေါ်မှ ဆင်းပေးလေသည်။

ဆရာတော်ဘုရားသည် အေးဆေးစွာ နေရာယူပြီး လူစိမ်းများကို တည်ငြိမ်စွာ မေးမြန်းလေသည်။ မောင်ရိုးကတော့ ဆရာတော်ဘုရားနှင့် သျှောင်တစောင်းထုံးထားသည့် အဘိုးကြီးတို့ ပြောဆိုနေကြသည့် စကားများကိုသာ အာရုံစိုက်၍ နားထောင်နေမိလေသည်။

"ဒကာကြီးတို့ ဘယ်ကလာကြတာလဲ"

"တပည့်တော်တို့ မြစ်ဝကျွန်းပေါ်က လာတာပါ ဘုရား"

"ခရီးဝေးတာပဲ"

"မှန်ပါ့ဘုရား"

"ဘယ်လိုကိစ္စကြောင့် လာခဲ့တာလဲ ဒကာ"

"အလုပ်လုပ်ဖို့ အချိန်ကျလို့လာခဲ့တာပါ ဘုရား"

"ဒကာကြီးတို့ လုပ်ကြမယ့်အလုပ်ကို ဘုန်းကြီးအနေနဲ့ သိထားမြစ်ရင် နာခံနိုင်ပါ့မလား"

ဆရာတော်၏ အမေးကို အဘိုးကြီးက မဆိုင်းမတွဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြေသည်။

"သည်းခံပါ အရှင်ဘုရား၊ တပည့်တော်တို့နောက်ကို ဆုတ်မှာ မဟုတ်... မဟုတ်ပါဘူး"

"မေတ္တာရပ်ခံရင်ရော ဒကာ"

"သည်းခံပါ အရှင်ဘုရား"

အဘိုးကြီး၏အသံသည် ပြတ်ပြတ်သားသား ဖြစ်နေပြီး ဆရာတော်ကတော့ ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေလေသည်။ တစ်ခဏတာ တိတ်ဆိတ်သွားပြီးမှ ဆရာတော်က ဆက်မိန့်သည်။

"ဒကာကြီးက တယ်ပြီး မိုက်မဲတာကိုး၊ မျက်မှောက်ဘဝအတွက်လဲ မကောင်း၊ သံသရာအတွက်လဲ မကောင်းတဲ့ အမှုကိစ္စကို ဘာကြောင့် ပြုချင်ရတာလဲ"

"တပည့်တော် နောက်မဆုတ်နိုင်ပါ ဘုရား"

"ဘုရားသိုက်ထဲက ပစ္စည်းတွေကို ဒကာကြီး လွယ်လွယ်နဲ့ရမယ် ထင်လို့လား"

အဘိုးကြီးက ဘာမှပြန်မဖြေပါ။





"ဘုရားသိုက်" ဆိုသည့် စကားကို ကြားလိုက်ရတော့မှပဲ ထိုအဘိုးကြီးသည် ကြာညိုအိုင်သို့ သိုက်တူးဖို့အတွက် ရောက်လာသည့် သိုက်ဆရာဖြစ်ကြောင်း မောင်ရှုံးက သဘောပေါက်သွားတော့သည်။

ကိုမောင်ဘုတို့ ကိုသံဒိုင်တို့၏ မျက်နှာများကို ကြည့်လိုက်တော့ မကျေမနပ်ဖြစ်နေဟန်များ အထင်းသား ပေါ်လွင်နေလေသည်။

"ဒကာကြီးတို့ရဲ့အကျိုးကိုရှေ့ရှုပြီး ဘုန်းကြီး နောက်တစ်ကြိမ် ထပ်တားပါတယ်"

"သည်းခံပါ အရှင်ဘုရား"

"ဒကာကြီး စဉ်းစားပါဦး"

"မှန်ပါ၊ သည်းခံပါဘုရား"

ဆရာတော်ဘုရားသည် စိတ်မချမ်းမြေ့ဟန်ဖြင့် ထိုင်ရာမှ ထရပ်လိုက်လေသည်။

"အင်းလေ ဒါဆိုရင်လဲ ဒကာထိုက်နဲ့ ဒကာကြီးရဲ့ ကံပေါ့။ မောင်ဘုတို့ မြတ်ဆုံးတို့ သွားစို့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်ဘုက ဆရာတော်ဘုရားကို လက်အုပ်ချီ၍ လျှောက်တင်လေသည်။

"မှန်ပါ၊ တပည့်တော်တို့ကို မဖြစ်မနေ တားမြစ်ပေးခွင့်ပြုပါ ဘုရား"

ဆရာတော်က ခေါင်းခါယမ်းပြသည်။

"တပည့်တော်တို့ရဲ့ ကြာညိုအိုင်ရွာအနီးအနားမှာ မြေတစ်လက်မမှ အတူးအဆွ မခံသင့်ပါဘုရား"

ကိုမောင်ဘုပြောသည့် စကားကို အဘိုးကြီးက ခပ်ကြွားကြွား လေသံနှင့် ခွန်းတုံ့ပြန်လေသည်။

"ကျုပ်တို့ကလဲ မြေတစ်လက်မမှ မတူးပါဘူး မောင်ရင်၊ ကျုပ်အမိန့်နဲ့ သိုက်တံခါးကို ဖွင့်ခိုင်းမှာပါ။ မောင်ရင်တို့ထဲက ဆန္ဒရှိတဲ့သူငယ်တွေ ကျုပ်ဆီလာလို့ရပါတယ်"

"ခင်ဗျားကြီး ဆရာတော်ဘုရားရှေ့မှာတောင် အတင့်ရဲလှချည်လားဗျ"

"အထင်မလွဲပါနဲ့ မောင်ရင်၊ ကျုပ်က မောင်ရင်တို့ကို ကောင်းစားစေချင်တဲ့ စေတနာနဲ့ပါ"





"တော်ဗျာ တောက်"

တင်းမာလာသည့် ကာလသားများကို ဆရာတော်ဘုရားက ဝင်ထိန်းပြီး သပြေပင်ကုန်းမှ ပြန်ခေါ်လာလေသည်။

"မောင်ဘု စိတ်ကိုထိန်းစမ်း။ အကုသိုလ် မဖြစ်စေနဲ့၊ သတ္တဝါတိုင်းဟာ ကိုယ်ပြုတဲ့ကံကိုပဲ ကိုယ်ပိုင်ဥစ္စာအဖြစ် ရတာကွယ့်။ ကောင်းတဲ့ကံကိုပြုရင် ကောင်းကျိုးကိုရမယ်၊ မကောင်းတဲ့ကံကိုပြုရင် မကောင်းကျိုးကိုရမယ်။ ဒါ မဖောက်မပြန် အမြဲမှန်ကန်တဲ့ နိယာမပဲ။ လာ... လာ ကိုယ့်နေရာကိုယ် ပြန်ကြတော့"

ဆရာတော် အဆုံးအမကို အမြဲတမ်း နာခံခဲ့သည့် ကြာညိုအိုင်ရွာ ကာလသားများက ဆရာတော်နှင့် လိုက်ပါလာကြချိန်တွင် သျှောင်တစောင်းနှင့် သိုက်ဆရာကြီးသည် မြိန့်မြိန့်ကြီးပြုံးလျက် သပြေပင်ကုန်းပေါ်၌ ကျန်ရစ်ခဲ့လေ၏။

* * *

သပြေပင်ကုန်းတွင် သိုက်ဆရာရောက်နေပြီး သိုက်တူးတော့မည်ဆိုသည့် သတင်းကို ကြာညိုအိုင်ရွာ၏ နေရာအနှံ့



www.burmeseclassic.com

www.burmeseclassic.com



အပြားတွင် ပြောဆိုနေကြလေသည်။

တစ်ရွာလုံး၏ စိတ်အဝင်စားဆုံး အကြောင်းအရာသည် ထိုကိစ္စပဲ ဖြစ်လေသည်။

အထူးသဖြင့် သိုက်ဆရာအဘိုးကြီး ပြောလိုက်သည့် မြေတစ်လက်မတောင် မတူးဘူး။ သိုက်တံခါးကို ဖွင့်ခိုင်းမှာ ဆိုသောစကားကို ပို၍ စိတ်ဝင်စားကြလေသည်။

တချို့က သိုက်တူးလို့ရသွားမှာကို စိုးရိမ်တကြီး ဖြစ်နေကြသည်။ တချို့ကတော့ သိုက်ဆရာတွေပဲ ဒုက္ခရောက်ကြလိမ့်မည်ဟု သေချာပေါက် ပြောနေကြသည်။

ဘယ်လိုနည်း ဘယ်လိုပုံစံဖြင့် ဒုက္ခရောက်မည်ဆိုတာကိုတော့ မည်သူမှ တပ်အပ်မပြောနိုင်ကြပါ။ ဆရာတော်ဘုရား၏ အဆုံးအမကြောင့် သိုက်သမားတွေကို ဒီအတိုင်းကြည့်နေရသော်လည်း ကာလသားများက မကျေနပ်ပါ။

ပိုဆိုးတာကတော့ ကပ္ပိယကြီးသည် သိုက်ဆရာကြီး၏ လူယုံတပည့်ဖြစ်နေတာပဲ ဖြစ်သည်။ ထိုကိစ္စကို မောင်ရှုံးကိုယ်တိုင်လည်း မယုံနိုင်အောင် ဖြစ်ရသည်။ ကပ္ပိယကြီးကို





ကြာညိုအိုင် ရွာသားတစ်ယောက်ဟု သူယူဆထားမိလို့ပဲ ဖြစ်သည်။ ကိုမောင်ဘုက နာနာကြည်းကြည်း ပြောသည်။

"အဲဒီလူကြီးက အကြံသမားကြီးကွ၊ ကြာညိုအိုင်ရွာကို ရောက်လာတာ သိုက်တူးချင်လို့ပဲ။ ဒါကြောင့် ဆရာတော်ဘုရားအနားမှာ ကပ္ပိယလုပ်ပြီး ကြာညိုအိုင်ကို အနီးကပ်လေ့လာနေတာကွ။ အခွင့်ပေါ်တော့မှ သူ့အပေါင်းပါတွေကို လှမ်းခေါ်လိုက်တာ"

ကာလသားတွေကလည်း ဝိုင်းပြောကြသည်။

"ဒါကြောင့် အဲဒီလူကြီးက သပြေပင်ကုန်းပေါ်မှာ အမြဲဒွာန်ပူတီး စိပ်နေပါတယ်လို့ သတင်းလွှင့်ပြီး ကြာညိုအိုင်ကြီးကို စောင့်ကြည့်နေတာပေါ့"

"ဟုတ်ပါ့ကွာ၊ အကြံကြီးပါပေ့"

"အခုတော့ သူ့လူတွေဆီ ရောက်သွားရော မဟုတ်လား"

"ရွာဘက်ကို ခြေဦးတောင် မလှည့်ရဲတော့ဘူး"

"ငါတို့ကလဲ ဆရာတော် စကားကြောင့်ပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် သိုက်သမား အုပ်စုကိုဝိုင်းရိုက်ပြီး မောင်းထုတ်ပစ်တယ်"

"ဆရာတော်ဘုရားက ဒီလူတွေကို ဘာကြောင့် ရအောင် မတားတာလဲ မသိဘူး"

"ဘုရား[illegible]ည်းတွေကို သူတို့[illegible]ရနိုင်[illegible] သိနေလို့ဖြစ်မှာပေါ့ကွ"

ဒီလိုနှင့်ပင် ရွာသားများ စိတ်ဝင်စားသောနေ့သို့ ဆိုက်ရောက်လာလေတော့သည်။

ထိုနေ့သည် လပြည့်နေ့ ဖြစ်လေသည်။

သိုက်ဆရာများ၏ လှုပ်ရှားမှုကို တစေ့တစောင်း အကဲခတ်နေကြသည့် ကာလသားအုပ်စုသည် ထိုနေ့၏ ထူးခြားမှုကို သတိပြုမိခဲ့ကြလေသည်။

ထိုနေ့မှာပင် ချောင်တစောင်းနှင့် သိုက်ဆရာကြီး အပါအဝင် လူငါးယောက်တို့သည် ကြာညိုအိုင်ကြီး၏ရှေ့တွင် မြေနေရာရွေးချယ်နေကြတာကို တွေ့ရလေသည်။

မောင်ရုံးကတော့ တစ်ခါမှ မမြင်ဖူးသည့် သိုက်တူး





ခြင်းကိစ္စကို အတော်စိတ်ဝင်စားမိပြီး လူကြီးတွေတားသည့်ကြားထဲက ကာလသားအုပ်စုထဲ ဝင်ရောက်ကာ လိုက်ကြည့်မိသည်။

သူတို့အုပ်စုသည် သိုက်ဆရာကြီးတို့ အုပ်စုကို မြင်နိုင်လောက်သည့်နေရာရှိ ကပ်စေးနဲ့ချုံများနောက်ကနေ ကြည့်ရှုနေကြခြင်း ဖြစ်သည်။

"အစ်ကိုမောင်ရုံး၊ သူတို့ကြီးတွေနဲ့ ဟားနေတာ ဘာလုပ်တာလဲဗျ"

မောင်ရုံးက ကာလသားခေါင်းကို မောင်ဘုကို တိုးတိုးလေး ကပ်မေးလိုက်ခြင်း ဖြစ်သည်။

"အဲဒါ စည်းတားတာကွ"

သိုက်ဆရာကြီးတို့ အုပ်စုသည် အနီရောင် အဝါရောင်ကြိုးများနှင့် စည်းဝိုင်းတစ်ခုတား၍ ထိုစည်းဝိုင်းထဲ၌ ဝင်နေကြလေသည်။ စည်းဝိုင်းထဲတွင် ကန်တော့ပွဲများ၊ အခြားပစ္စည်းများကို ဝင်လုလု နေရောင်အောက်၌ မဝင်မရှား လှမ်းမြင်ရသည်။ စိတ်ဝင်စားစရာကောင်းတာက တူးဆွစရာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တူး၊ ဂေါ်ပြား အစရှိသည့် အရာများသည် တစ်ခုမှ မတွေ့ရခြင်းပဲ ဖြစ်သည်။

နေဝင်သွားသည်နှင့် စည်းဝိုင်းပတ်ပတ်လည်ဘွင် ဖယောင်းတိုင်များကို ထွန်းညှိတာ တွေ့ရသည်။ ထို့နောက် သိုက်ဆရာကြီး၏ ဂါထာလိုလို၊ မန္တာန်လိုလို ရွတ်ဖတ်သည့် အသံဝါကြီးကို ကြားရလေတော့သည်။

ကြာညိုအိုင်ကြီးနှင့် အနီးပတ်ဝန်းကျင်သည် လေမတိုက်ဘဲ ငြိမ်သက်တိတ်ဆိတ်နေသည်မှာ ချောက်ချားဖွယ်ရာပင် ကောင်းနေလေသည်။

အကယ်၍ သိုက်ဆရာကြီး၏ ရွတ်ဖတ်သံကြီးသာ ရှိမနေဘူးဆိုရင် ကြာညိုအိုင်ဝန်းကျင်သည် သုသာန်တစ်စပြင် အလား ထင်မှတ်ရမှာ သေချာလေသည်။

နေဝင်ပြီး မကြာခင်မှာပင် ပြည့်ဝန်းသည့်လကြီးက အရှေ့ဘက် ကောင်းကင်ယံမှ ထွက်ပြူလာလေသည်။

ကြာညိုအိုင် ရေပြင်သည် ငြိမ်သက်နေပြီး အိုင်ကြီးထဲမှ ကြာညိုပန်းပွင့်များသည်ပင် ယိမ်းထိုးလှုပ်ရှားခြင်း ရှိမနေ





ပါ။ လရောင်အောက်တွင် ကြာညိုအိုင်ကြီး၏ အလယ်ဗဟိုရှိ ကျွန်းနေရာသည် အဖြူရောင်အခိုးအငွေ့များ ပတ်ချာဝိုင်းလျက် ငြိမ်သက်စွာ ရှိနေလေသည်။

သိုက်ဆရာကြီး၏ ရွတ်ဖတ်သံကတော့ ဖြည်းဖြည်းမှန်မှန် ပေါ်ထွက်လျက်ရှိနေဆဲ။ စည်းဝိုင်းထဲရှိ သိုက်သမားနောက်လိုက်များကလည်း ငြိမ်သက်စွာ ရှိနေကြလေ၏။

ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲဟု ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေရင်း နာရီအချို့ကို ဖြတ်ကျော်ကုန်ဆုံးစေသည် အထိ ဘာတစ်ခုမှ ထူးခြားမလာသည့်အခါမှာတော့ မောင်ရှိုးတို့ လူစုက စိတ်ပျက်စ ပြုလာလေသည်။

အတက်ကြွဆုံး၊ အသိချင်ဆုံး မောင်ရှိုးသည်ပင် မှက်များ၊ ခြင်များ၏ ကိုက်ခဲသည့်ဒဏ်ကို စိတ်ပျက်စ ပြုလာမိပြီး ဖြစ်သည်။

ဖယောင်းတိုင်မီးများ၏ အလယ်တွင်ရှိနေသည့်သိုက်ဆရာကြီးတို့၏ အုပ်စု၏ မပြောင်းလဲဘဲရှိနေသည့် မြင်ကွင်းကို စူးစိုက်ကြည့်နေရတာလည်း စိတ်ပျက်ဖွယ် ဖြစ်လာလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ပြီးတော့ သိုက်ဆရာကြီး၏ ရွတ်သံဖတ်သံများကလည်း ငြီးငွေ့စိတ်ပျက်ငိုက်မျဉ်းဖွယ်ရာ ဖြစ်လာလေတော့၏။ ထိုအချိန်တွင် သူ့လိုပဲ ခံစားနေရသည့် ကာလသားများက တီးတိုးသံဖြင့် သိုက်တူးခြင်းကိစ္စကို ဝေဖန်နေကြလေတော့သည်။

"ဒီလိုနဲ့ပဲ မိုးလင်းတော့မယ် ထင်ပါရဲ့" ဟု တစ်ယောက်က စပြောလိုက်တာနှင့် တခြားသူများကပါ ထင်မြင်ချက် ပေးကြ၏။

"အေးလေ ဘာမှမလုပ်ဘဲ ဒီအတိုင်းထိုင်ရွတ်နေသတဲ့"

"ညောင်ထောက်ရွာဘုရားမှာ သိုက်ဆရာတွေ သိုက်တူးတုန်းက မြေကြီးကို တူးတာကွ"

"အဲဒီလူတွေ ပစ္စည်းတွေ ရသွားသလား"

"မရပါဘူးကွာ တပည့်တစ်ယောက်က စည်းဖောက်ပြီး ထွက်ပြေးလို့တဲ့ နေပူပူ လှည်းလမ်းက ဖုန်တောထဲမှာ သိုက်ဆရာကြီးနဲ့ သူ့တပည့်နှစ်ယောက် ရေကူးနေရတာမှ





အကြိုက်ပဲ ဘေးကလူတွေခေါ်မှပဲ ရပ်တော့တယ်။ စည်းဖောက်ပြီး ထွက်ပြေးတဲ့လူလဲ ရူးသွားတယ်ကွ"

"ဘာကြောင့် ဖုန်ထူထူမှာ ရေကူးရတာလဲ"

"သူတို့မျက်စိထဲမှာ လှည်းလမ်းက ဖုန်တွေကို ရေပြင်ကြီးလို့ မြင်ပြီး ရေမနစ်အောင် ကူးရတော့တာပေါ့ကွာ။ အဲဒါမျိုးကလား ဘေးလူမကယ်ရင် သေတောင်သေတယ်"

"အဲဒီလိုဖြစ်အောင် ဘယ်သူလုပ်တာလဲ"

"သိုက်အစောင့်တွေက လုပ်တာပေါ့။ တချို့သိုက်ဆရာတွေဆိုရင် ကျားလိုက်လို့ ပြေးရတာတို့ မြွေလိုက်လို့ ပြေးရတာတို့ ဖြစ်ကြတယ်တဲ့"

မောင်ရုံးကတော့ လောလောဆယ် သိုက်တူးနေသည့်လူတွေထက် ကာလသားတွေ၏ တီးတိုးစကားကို ပို၍ စိတ်ဝင်စားမိပြီး နားထောင်နေမိသည်။

"အခု သိုက်ဆရာက မြေမတူးပါလား"

"အေး... ရေထဲက သိုက်ဆိုရင် မတူးဘဲသိုက်တံခါးဖွင့်ပေးအောင် လုပ်ရတယ်တဲ့။ တော်ရုံသိုက်ဆရာလဲ မလုပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးတဲ့ကွ၊ သိုက်ဆရာက အနိုင်ရလို့ ဥစ္စာစောင့်တွေ သိုက်တံခါးကို ဖွင့်ပေးတော့မှ အထဲဝင်ပြီး တနိုင်သယ်ယူရတာလို့ လူကြီးတွေပြောတာကို ကြားဖူးတာပဲ"

ဒါဆို ပိုလို့ပင် စိတ်ဝင်စားဖို့ကောင်းတာပဲဟု မောင်ရိုးက တွေးလိုက်မိဆဲ ကာလသားခေါင်းကိုမောင်ဘုက တီးတိုးသံများကို ဟန့်သည်။

"ရှူး တိတ်တိတ်နေစမ်း။ မင်းတို့ ဘာတွေမြင်မြင် သူတို့အနားကို မသွားရဘူးနော်"

ထိုစကားကို အတွေ့အကြုံရှိသည့် လူကြီးတွေက အသေအချာပြောဆိုမှာ ကြားထားတာ ဖြစ်သည်။

အဘိုးကလည်း မောင်ရိုးကို အသေအချာမှာထားသည်။

"ဥစ္စာစောင့်တွေကလဲ သိပ်မာယာများတာ လူကလေးရဲ့။ ရွှေတွေ ငွေတွေလာပုံပေးတာတို့၊ ချောချောလှလှ မိန်းကလေးတွေက စားစရာ၊ သောက်စရာတွေနဲ့ လာကြတာတို့ ဖြစ်တတ်တယ်။ ဒါကြောင့် သိုက်ဆရာတွေနဲ့ လာကြတာတို့ ဖြစ်တတ်တယ်။ သိုက်ဆရာတွေအနားမှာ ရွှေပုံမြင်လို့လဲ လောဘမထွက်နဲ့ ပြေးမကောက်မိစေနဲ့" ဟု သူ့ကို





ပြောပြထားသည်။

"အင်း... ငါကို မောင်ဘုရ ကြည့်ရတာ တူမတူပါ မလားဗျ"

ကာလသားတစ်ယောက်က ကိုမောင်ဘုကို ပြောလိုက်ခြင်း ဖြစ်သည်။

"ဟေ့ကောင် စကားမများနဲ့တော့ တစ်ယောက်လက်ကို တစ်ယောက် ကိုင်ထား လုံးဝ လွှတ်မပေးနဲ့ ကြားကြလား"

"ဟုတ်ကဲ့"

ကိုမောင်ဘုခိုင်းလို့သာ ဆုပ်ကိုင်ထားရသော်လည်း လက်များက လျော့တိလျော့ရဲ ဖြစ်နေလေသည်။

ဘာမှမထူးဘဲ သတိအနေအထားနှင့် နေရသည့်အတွက် သတိက အိပ်မဝင်။

ထိုအချိန်မှာပင်...

မောင်ရိုးတို့ ခြေဖဝါးအောက်မှ မြေပြင်သည် သိမ့်ခနဲ တုန်ခါသွားသလို ခံစားလိုက်ရပြီး အားလုံး အလန့်တကြား ဖြစ်သွားရလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... လှုပ် လှုပ်သွားတယ်"

"ဧလျှင်လား အဲဒါ ဧလျှင်လှုပ်တာလား"

သူတို့ကာလသားအုပ်စု လှုပ်လှုပ်ရွရွ ဖြစ်သွားသည့် အချိန်မှာပင် 'ဝေါ' ခနဲ အသံကြီးကို စတင်ကြားရလေသည်။

ထိုအသံကြီး ဘယ်ကလာမှန်း မသိပါ။ အသံကြီးနှင့် အတူလေများပါ စတင်တိုက်ခတ်လာသည်။ လေနှင့်အတူ တိမ်မည်းများပါ ပါလာတာကို တွေ့ရလေသည်။

သိုက်ဆရာကြီးသည် ကြိမ်လုံးကြီးတစ်လုံးကို ကိုင်ထားပြီး စည်းဝိုင်းထဲ၌ မတ်တတ်ရပ်နေတာ ကိုလရောင်ဖြင့် လှမ်းမြင်ရသည်။

ထူးဆန်းတာကလေးသည် မောင်ရုံးတို့ရှိနေသည့် နေရာတွင် သိပ်မတိုက်ဘဲ သိုက်တူးမည့်အုပ်စုရှိနေသော နေရာ၌ ဟူးဟူးရားရား တိုက်ခတ်နေခြင်းပဲ ဖြစ်သည်။

သိုက်သမားကို ထွန်းညှိထားသည့် ဖယောင်းတိုင်များ အားလုံးလည်း မီးငြိမ်းကုန်ကြပြီး စည်းဝိုင်းထဲမှ ပစ္စည်းအချို့ လေနှင့် လွင့်ပါကုန်တာကို တွေ့နေရသည်။





သိုက်ဆရာကြီးကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အဝတ်အထည်များသည် လေနှင့် ကျွတ်ထွက်ပါသွားတော့ မလားဟုပင် ထင်မှတ်ရလောက်အောင်ပင် ကြမ်းတမ်းစွာ လွင့်ပါနေလေသည်။

သိုက်ဆရာကြီး၏ တပည့်များသည် စည်းဝိုင်းထဲ၌ ယောက်ယက်ခတ်နေကြပြီး ဆရာကြီးကတော့ လက်ထဲမှ ကြိမ်လုံးနှင့် မြေပြင်ကိုရိုက်ကာ တစ်စုံတစ်ရာတွေ အော်ဟစ် နေလေသည်။

ပြင်းထန်သည့် လေတိုးသံ လေတိုက်သံများကြောင့် သိုက်ဆရာကြီး၏ အသံကို ပီပြင်စွာ မကြားရပါ။

အရှေ့မှ မြင်ကွင်းကို စိတ်ဝင်စားမိသလို သဘာဝ ဝန်းကျင်၏ ရုတ်တရက် အပြောင်းအလဲကိုပါ ကြောက်လန့် တုန်လှုပ်မိသွားသော်လည်း မောင်ရုံးတို့အနေအထားက နောက်လှည့်ပြေးဖို့ မဖြစ်နိုင်တော့ပါ။

တိမ်မည်းများသည် ပြည့်ဝန်းစွာသာနေသည့်လမင်း ကြီးကို ဖုံးသွားလိုက်ပြန်၊ ဖယ်ပေးလိုက် ဖြစ်ဖြစ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖတ်ဝန်းကျင်သည်လည်း ထင်းတစ်လှည့် မှောင်တစ်လှည့် ဖြစ်နေလေသည်။

ထို့ကြောင့် သိုက်သမားများသည်လည်း သူတို့မြင်ကွင်းမှ ပျောက်သွားလိုက် ပေါ်လာလိုက် ဖြစ်နေလေသည်။

မောင်ရုံးက ရှေ့မြင်ကွင်းကို အာရုံစိုက်၍ အသက်ပင် မရှူနိုင်ဘဲ ကြည့်နေမိသည်။

သိုက်ဆရာကြီး၏ ကျယ်လောင်သောအသံကို တစ်ချက် တစ်ချက်တွင် ကြားရပြီး ထိုအသံကြီးသည် အော်ဟစ် အမိန့်ပေးနေသည့် အသံဖြစ်သည်ကို ဆိုတာကိုတော့ အကဲခတ်ရ၏။

သို့သော်...

ဘာတွေ အမိန့်ပေးမှန်း သဲကွဲစွာ မကြားရပါ။

"ဖွင့်"

"အခုချက်ချင်းဖွင့်"

ဆိုသည့်အသံကိုတော့ ကြားရသည်ဟု ထင်မိသည်။ သို့သော်လည်း မသေချာပါ။ အသံများက လေသံတင်မကဘဲ





ဘောင်ဘင်ခတ်သံများကိုပါ ကြားလာရလေသည်။

လရောင်ရှိသည့်အချိန်တွင် ဘောင်ဘင်ခတ် လှုပ်ရှားနေသည့် ကြာညိုအိုင်ကြီး၏ မျက်နှာပြင်ကို ချောက်ချားဖွယ် လှမ်းမြင်ရသည်။

တစ်ခုခုတော့ ဖြစ်နေပြီဆိုတာကို သိသော်လည်း ဘာတွေဖြစ်နေမှန်း မောင်ရုံး မခန့်မှန်းတတ်။ ကြောက်ရွံ့မှုကြောင့် သူ့ဒူးခေါင်းအစုံက တဆတ်ဆတ် တုန်ယင်နေလေသည်။

"ကို... ကိုမောင်ဘု ဘာ... ဘာတွေ ဖြစ်ကုန်ပြီလဲ"

"တစ်ခုခုတော့ ဖြစ်နေပြီကွ"

"ဆရာ... ဆရာတော်ဘုရားကို သွားပင့်ရင် ကောင်းမလား၊ ရွာထဲကလူကြီးတွေကို သွားခေါ်ရင် ကောင်းမလား"

"မင်း သွားရဲလို့လား"

"တစ်ယောက်တည်းတော့ သွားရဲမလားဗျ"

ကိုမောင်ဘုတို့ ပြောနေသည့်စကားများကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန် သူ့ကို ရှာထဲပြန်ပြေးခိုင်းလျှင်လည်း ပြေးရဲမည် မဟုတ်ဟု မောင်ရိုးက တွေးနေဆဲ...

"ဟာ... လာပြီ ဆရာကြီး၊ ကျားတွေ ကျားတွေ လာနေပြီဗျ"

"မိကျောင်းတွေ၊ မိကျောင်းတွေလဲ ရေထဲက တက်လာပြီဗျ" ဟု ကျယ်လောင်စွာ အော်ဟစ်ကြသည့် သိုက်ဆရာကြီး၏ တပည့်များအသံကို ကြားလိုက်ရလေသည်။

ထိုအချိန်တွင် လရောင်ရှိနေသည့်အတွက် သိုက်ဆရာကြီး တို့လူစုကို မောင်ရိုးတို့ဖက်မှ အထင်အရှား မြင်တွေ့ရသည်။

အံ့သြစရာကောင်းတာက ထိုလူများ ကြောက်လန့်အော်ဟစ်နေသည့် ကျားကိုရော၊ မိကျောင်းကိုပါ မောင်ရိုးတို့ဘက်မှ လုံးဝ မတွေ့ရခြင်းပဲ ဖြစ်လေသည်။

"ဟင်... ဘာကောင်မှ မရှိဘဲ အော်နေပါလား" ဟု ပြောလိုက်သည့် ကာလသားတစ်ယောက်၏ အသံကို ကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် သိုက်ဆရာကြီး၏





ဟိန်းဟောက်မာန်မဲသံကို ကြားရလေသည်။

"ဟိတ်ကောင်တွေ စည်းဝိုင်းအပြင်ကို တစ်ယောက်မှ မထွက်မိစေနဲ့နော် ငြိမ်ငြိမ်နေကြစမ်း"

"ကျား... ကျားကြီးတွေ ကျွန်တော်တို့ကို ကိုက်တော့မယ်"

"မိကျောင်း မိကျောင်းတွေလဲ နီးလာပြီ"

"ကယ်... ကယ်ပါဦး ဆရာကြီး"

"ဟေ့ ပါးစပ်တွေကို ပိတ်ကြစမ်း။ အပြင်ကို မကြည့်နဲ့ မျက်လုံးတွေကို မှိတ်ထား ဘာမှမရှိဘူး။ ဘာကောင်မှ မရှိဘူးကွ၊ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ထား၊ စည်းမဖောက်စေနဲ့။ အောင်တော့မယ် အောင်တော့မယ်"

ကြည့်နေဆဲမှာပင် တိမ်မည်းတစ်သုတ်က လမင်းကြီးကို ဖျတ်ခနဲ ဖုံးအုပ်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်သွားသည့်အချိန်မှာပင် သိုက်ဆရာကြီးက ဝမ်းခေါင်းသံဖြင့် ဝမ်းသာအားရ အော်လိုက်သောအသံကြီးကို ကြားလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်ပြီ အောင်ပြီကွ"

ထိုအချိန်တွင် လေတိုက်သံများက ရုတ်တရက် ငြိမ်ကျသွားလေသည်။

လရောင်မရှိသည့်အတွက် မည်သည့်အရာကိုမှ မမြင်ရဘဲ ဖြစ်နေသည့်အတွက် မောင်ရုံးက အားမလိုအားမရဖြစ်မိဆဲ သိုက်ဆရာကြီး၏အသံကို ထပ်မံကြားရလေသည်။

"အောင်ပြီကွ အောင်ပြီ၊ ငါ့အမိန့်နဲ့ သိုက်တံခါးဖွင့်သွားပြီ ဟား... ဟား... ဟား"

အသံကြီးသည် ရူးသွပ်နေသူတစ်ယောက်၏ အသံမျိုး ဖြစ်နေလေသည်။

"ဟာ... သိုက်တံခါး ဖွင့်သွားပြီဗျ"

"ဘာမှလဲ မမြင်ရဘူး"

"ကျုပ်တို့ သွားကြည့်ကြမလား ကိုမောင်ဘ"

စိတ်လှုပ်ရှားသံဖြင့် ကာလသားတစ်ယောက်က မေးလိုက်ခြင်း ဖြစ်သည်။

မောင်ရုံးစိတ်ထဲတွင်လည်း သွားကြည့်ရလျှင် အတော်ကောင်းမှာပဲဟု စဉ်းစားမိသည်။

သိုက်တံခါး ဖွင့်သွားပြီဆိုတာ တကယ်လား။ အဲဒီသိုက်တံခါးဟာ ဘယ်နေရာရှိတာလား။ တကယ်ပဲ တံခါးဖွင့်သွားပြီဆိုရင် အထဲကို ဝင်ကြည့်လို့ရနိုင်သလား။ တံခါးရဲ့ အတွင်းဘက်မှာ ဘာတွေရှိနေသလဲ။

စသည့်အတွေးများဖြင့် မောင်ရုံးက မောင်ဘတစ်ယောက် သွားကြည့်ပါစေဟု ဆုတောင်းမိသော်လည်း သူ့ဆုတောင်းမပြည့်ပါ။

"မသွားနဲ့ သွားလို့မဖြစ်ဘူး။ အခြေအနေ မဟန်ဘူးကွ လက်တွေကို မလွှတ်နဲ့ ငြိမ်ငြိမ်သာနေ" ဟု ကိုမောင်ဘက အမိန့်ပေးသည်။

ကိုမောင်ဘစကားကို မည်သူကမျှ စောဒကမတက်။

ထို့ကြောင့် မောင်ရုံးကပါ ငြိမ်နေလိုက်ရသည်။ စိတ်ထဲမှာတော့ အပြေးအလွှား သွားကြည့်ချင်စိတ်များ ပြည့်ကျပ်နေ၏။ ဒါပေမဲ့ သူတစ်ယောက်တည်း သွားကြည့်နိုင်လောက်အောင်တော့ သတ္တိမရှိတာ သေချာလေသည်။




www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကြာညိုအိုင်ဆီမှ ရေသံများကို စတင်ကြားရပြီး မကြာခင်အချိန်မှာပင် လမင်းကြီးက တိမ်မည်းများအောက်မှ ပြန်ထွက်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားလေသည်။

လရောင်အောက်တွင် တွေ့လိုက်ရတာကတော့ သိုက်ဆရာကြီးနှင့် တပည့်လေးယောက်တို့သည် ကြာညိုအိုင်ကြီးထဲသို့ တန်းမတ်စွာ ဆင်းနေကြခြင်းပဲ ဖြစ်၏။

ဆရာကြီးသည် ရေအနက် ရင်ဆို့နေရာလောက်သို့ပင် ရောက်နေပြီဖြစ်ပြီး ထိုနောက်မှာတော့ တပည့်လေးယောက်စလုံး တန်းစီပြီး ဆင်းလိုက်နေကြလေသည်။

အားလုံးသည် ပျော်ရွှင်မြူးထူးနေသည့် ပုံစံများဖြင့် အပြေးအလွှား ဆင်းနေကြတာမို့ ကြည့်နေဆဲမှာပင် သိုက်ဆရာကြီးက ရေအောက်သို့ စုန်းစုန်းမြုပ်သွားလေ၏။

ပြီးတော့ တစ်ယောက်ပြီး တစ်ယောက်သိုက်ဆရာကြီးနည်းတူရေအောက်သို့ ရောက်သွားကြတော့သည်။

နောက်ဆုံး တစ်ယောက်၏ ပြတ်လုပြတ်ခင်အချိန်ကို





ရောက်တော့မှ ကြည့်နေမိသည့် ကာလသားများ သတိဝင်လာပြီး

"ဟေ့လူ ... ဟေ့လူ" ဟု အော်ဟစ်တားမြစ်သော်လည်း မမီတော့ပါ။ နောက်ဆုံး တစ်ယောက်၏နည်းတူပင် ရေအောက်သို့ နစ်မြုပ်သွားလေသည်။

ဘယ်လောက်မှ မကြာသောအချိန်မှာပင် ရေအောက်သို့ နစ်မြုပ်သွားလေသည်။

ဘယ်လောက်မှ မကြာသောအချိန်မှာပင် မောင်ရှုံးတို့၏ မျက်စိရှေ့မှ လူငါးယောက် ပျောက်ကွယ်သွားလေတော့သည်။

* * *

အံ့ဩစိတ်၊ ထိတ်လန့်စိတ်များဖြင့် အားလုံးက ဒေးကြောင်တိတ်ဆိတ်နေမိပြီး ပထမဦးဆုံး အသိပြန်ဝင်လာသူက ကာလသားခေါင်း ကိုမောင်ချစ် ဖြစ်သည်။

"ဟာ ... သွားပြီ ဒီလူတွေတော့ ဒုက္ခရောက်ကုန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မီးတုတ်တွေ မီးတွန်း"

"မြန်မြန်လုပ် မြန်မြန်လုပ် သွားကြည့်ကြရအောင်"

"ရေနစ်ပြီး သေကုန်ပြီထင်တယ်ဗျ"

"မတ်တတ်စင်းစင်းကြီး ရေမြုပ်သွားတာ ဒီတစ်ခါပဲ မြင်ဖူးတယ်"

မောင်ရှုံးကတော့ မကြာခင်က မြင်တွေ့ခဲ့ရသည့် မြင်ကွင်းကို ယုံပင် မယုံနိုင်ဘဲ ရင်တွေ တထိတ်ထိတ် ဖြစ်နေလေသည်။

ထိတ်လန့်မှုကြောင့် အာခေါင်တွေ ခြောက်သွေ့ပြီး အပြင်းအထန် ရေငတ်နေမိသည်။

ဒီလူကြီးတွေဟာ ဘာကြောင့် ရေထဲကို ပြေးဆင်းသွားကြရတာလဲ။ ဖွင့်သွားပြီဆိုတဲ့ သိုက်တံခါးကနေ သူတို့တစ်တွေ သိုက်ထဲကို ဝင်သွားကြတာများ ဖြစ်နေလေမလား သူတွေးသလို ဟုတ်ပါတယ်ဆိုလျှင် သိုက်ဆရာကြီးတို့ လူစုဟာ ဘယ်လိုပုံစံမျိုးနဲ့ ရေထဲက ပြန်တက်လာကြမလဲ။ ရွှေငွေရတနာတွေ အပြည့်အသိပ် ထည့်ထားတဲ့အိတ်ကြီးတွေကို





ထမ်းပိုးပြီး ပြန်တက်လာကြမည်လော။

ဘယ်လိုပုံစံတွေနဲ့ လာကြမလဲ။ အတွေးများနှင့်ပင် မောင်ရှုံးက ကာလသားများနှင့် ရောနှောတာ ကြာညိုအိုင်ကြီး၏အစပ်သို့ ရောက်သွားလေတော့သည်။

သူတို့ရောက်သွားသောနေရာသည် သိုက်ဆရာကြီးနှင့် တပည့်များ ပျော်မြူးရွှင်ပြစွာ အိုင်ကြီးထဲသို့ ဆင်းချသွားသည့်နေရာလည်း ဖြစ်လေသည်။

မောင်ရှုံးတို့ ရောက်သွားသည့်အချိန်တွင် ကြာညိုအိုင်ကြီး၏ ရေပြင်သည် ငြိမ်သက်အေးဆေးနေပြီး လူငါးယောက် နစ်မြုပ်ပျောက်ကွယ်သွားပါသည်ဟု ပြောလျှင်ပင် ယုံချင်စရာ မရှိတော့ပါ။

ကပ္ပိယကြီးနှင့် ခင်မင်သံယောဇဉ်ကြီးခဲ့သည့် ကာလသားခေါင်း ကိုမောင်ဘုက ကြာညိုအိုင်ကြီး၏ အစပ်ကနေ ကပ္ပိယကြီးကို တကြော်ကြော်ဖြင့် အော်ခေါ်ကြည့်နေလေသည်။

"ကပ္ပိယကြီး ကပ္ပိယကြီး"

"ဗျို့ ကပ္ပိယကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ အော်ခေါ်ပါစေ တုံ့ပြန်သံ မကြားရပါပဲ ကြာညိုအိုင်ကြီးသည် ပကာတိ ငြိမ်သက်တိတ်ဆိတ်နေလေသည်။ အိုင်ကြီး၏ အလယ်ရှိ ကျွန်းနေရာတွင် အဖြူရောင် အခိုးအငွေ့များက ထုထပ်သိပ်သည်းနေပြီး လရောင်အောက်၌ တိမ်မှိုင်တိမ်လိပ်ကြီးတွေအလား ထင်မှတ်ရလေသည်။

ကာလသားများသည် စောစောက ကြုံတွေ့ခဲ့ရသည့် မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်ကြီးကို အံ့သြတုန်လှုပ်စွာ တစ်ယောက်တစ်ခွန်း ဝေဖန်နေကြလေသည်။

"ဒီလူတွေ သိုက်ထဲကိုများ တကယ်ဝင်သွားကြတာလား မသိဘူး"

"မဖြစ်နိုင်ပါဘူး။ အခုလောက်ဆိုရင် ရေနစ်ပြီး သေနေလောက်ပြီ"

"ရေအောက်က ရေငုပ်ပြီး သိုက်နန်းရှင်တွေရှိတဲ့ ကျွန်းကို သွားကြတာ ဖြစ်နိုင်မလား"

"မဖြစ်နိုင်ပါဘူးကွာ။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ လောဘ မပါဘဲ ရိုးရိုးသားသား သွားကြတုန်းကတောင် ငါတို့ရောက်





အောင် သွားလို့ရလို့လား။ အခု လူတွေက သိုက်တူးတဲ့လူတွေ၊ ဘုရားပစ္စည်းတွေကို အသာငမ်းငမ်းတက်နေတဲ့ လောဘသားတွေ ဒီတော့ ကျွန်းရှိတဲ့နေရာကို ဘယ်လိုလုပ်ပြီး သွားလို့ရနိုင်မှာတဲ့လဲ"

"အခု လောက်ဆိုဥစ္စာရှူးတွေ သေလောက်ပြီ ... မိုးရင် ကြည့်နေ၊ နောက်ရက်မှာ သူတို့ရဲ့ အလောင်းတွေ ပေါ်လာလိမ့်မယ်"

စသည်ဖြင့် ပြောဆိုနေကြစဉ်ဲ ရွာထဲမှ လူကြီးများရောရွာဦးကျောင်းမှ ဆရာတော်ဘုရားပါ သူတို့ရှိရာသို့ ရောက်လာကြပြီပဲ"

"လောဘသားတွေ ဘာဖြစ်ကုန်ကြပြီလဲ"

ဆရာတော်ဘုရားက မေးခြင်းဖြစ်သည်။

"မှန်ပါ သိုက်တံခါးပွင့်ပြီ အောင်ပြီလို့အော်ကြပြီး ရေထဲဆင်းသွားကြပါတယ် ဘုရား... ဘုရား"

"လောဘ လောဘ ကြောက်စရာကောင်းလှပါလား"

ဆရာတော်ဘုရား အပါအဝင် ဘယ်သူမှ ဘာမှလုပ်



www.burmeseclassic.com

www.burmeseclassic.com



မပေးတတ်၊ လုပ်မပေးနိုင်ဘဲ အားလုံး ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့ရလေတော့သည်။

အလောင်းတွေ ပေါ်လာတော့မှပဲ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးမည်ဟု ရွာသားက ဆုံးဖြတ်လိုက်ရလေသည်။

သို့သော်...

သိုက်ဆရာကြီးနှင့် တပည့်နောက်ပါ လေးယောက် စုစုပေါင်း လူငါးယောက်တို့၏ အလောင်းများသည် ပြန်ပေါ်လာခြင်း မရှိဘဲ ထူးဆန်းစွာ စုတ်စမြုပ်စ ပျောက်သွားလေ၏။

ထိုအဖြစ်အပျက်ကြောင့် နောက်ထပ် သိုက်ဆရာများလည်း ကြာညိုအိုင်သို့ ရောက်မလာကြတော့သလို ကြာညိုအိုင် ရွာသားများ ကိုယ်တိုင်သည်လည်း ထိတ်လန့်တုန်လှုပ်ပြီး ကြာညိုအိုင်ကြီးနှင့် ပတ်သက်သမျှ လုံးဝ မစပ်စုရဲခဲ့ကြသော သည်မှာ နှစ်ပေါင်းများစွာ ဖြစ်သွားလေတော့သည်။

* * *



## အခန်း (၈)

"ကဲ... အဲဒါ ငါ့အဘိုးရဲ့ မျက်မြင်ကိုယ်တွေ့ စာတင်လမ်းပဲ မေ ပုံပြင်မဟုတ်ဘူးနော်"

ခင်က ပြောနေသော စကားကို လက်စသတ်လိုက်သည်။ ခင်ပြောတာတွေကို မေကြာညိုက မယုံတစ်ဝက် ယုံတစ်ဝက် ရင်ထဲတွင်လည်း မေးခွန်းပေါင်းများစွာ ဖြစ်နေမိသည်။

သိုက်ဆရာတွေ ဘယ်ရောက်သွားကြတာလဲ။ သေနစ်သေသွားကြလျှင် အလောင်းကတော့ ပေါ်လာမှာ သေချာသည်။ မြစ်ချောင်းဆိုလျှင်လည်း ရေစီးနှင့် မျောပါသွားသည်

www.burmeseclassic.com



ဟု ပြောလို့ရနိုင်သည်။ အခုတော့ ရေစီးမရှိသည့် ရေအိုင်ထဲမှာမို့ အလောင်းတွေ ဘယ်လိုမှ မျှောပါမသွားနိုင်ပါ။

ထို့ကြောင့် ...

အလောင်းတွေ ပြန်မတွေ့ဘူးဆိုသည့် စကားကို ယုတ္တိမရှိဘူးဟု မေတ မေးလိုက်မိသည်။

အဲဒီအချိန်မှာပင် သော်က သူမ သိချင်နေသည့် အကြောင်းအရာကို မေးလိုက်လေသည်။

"ဟဲ့ ... ခင်ရဲ့ သိုက်ဆရာတွေရဲ့ အလောင်းက လုံးဝပြန်ပေါ်မလာဘူးဆိုတော့ နင်ဟာက ဟုတ်ရဲ့လားဟာ၊ တကယ် သေသွားတယ်လို့ရော ဖြစ်နိုင် ပြောလို့ရနိုင်ပါ့မလား"

"အေးလေ ငါ့အဘိုးကလဲ အဲဒီသိုက်သမားငါးယောက် သေသွားတယ်လို့ မပြောပါဘူး။ ရွာသားတွေက သေပြီလို့ ထင်ကြတယ်။ ဒါပေမဲ့ အလောင်းတွေကတော့ လုံးဝ ပေါ်မလာခဲ့ဘူးလို့ ပြောတာလေ"

မေတ ဝင်ပြောလိုက်သည်။





"ဒါဆိုရင် သေသွားတာ မဟုတ်ဘူးလို့ သတ်မှတ်ရင်လဲ ရနိုင်တာပေါ့ဟ"

"ဗဲ ... မသေရင် ဘယ်ရောက်သွားကြသလဲ"

ထိုမေးခွန်းကို သော်က သူမမျက်နှာကို ကြည့်၍ မေးလိုက်တာမို့ ပခုံးတွန့်ပြလိုက်မိသည်။

"ငါတို့ မမေးနဲ့လေ သော်ရဲ့ ခင့်ကို မေးပေါ့"

ခင်က ပြောပြန်သည်။

"မသေဘူးဆိုရင် တစ်နည်းနည်းနဲ့ ပြန်ရောက်လာသင့်တာပေါ့ဟာ၊ ဘာအစအနမှ မတွေ့ရတော့ဘူးဆိုတော့ သေတာဖြစ်ဖို့ များမနေဘူးလား ခင်ရဲ့"

"ဟင့်အင်း မဖြစ်နိုင်ဘူး။ အဘိုးက ပြောတယ်။ တစ်ပတ်တိတိ ကြာညိုအိုင်ကြီးရဲ့ ပတ်ပတ်လည်မှာ ရွာသားတွေ စောင့်ကြည့်နေခဲ့ကြတာ နေ့နေ့ညညပဲတဲ့ဟ"

"စောင့်မကြည့်တော့တဲ့ အချိန်ကျမှ ရေထဲကနေ ပြန်တက်လာကြတယ်ဆိုရင်ရောဟ"

"နေပါဦး၊ ဘယ်လိုလူမျိုးက ရေထဲမှာ ခုနစ်ရက် ရှစ်



www.burmeseclassic.com

www.burmeseclassic.com



ရက် အသက်ရှင်နေနိုင်မလဲပြော"

"အေးနော် အဲဒါလဲ ဟုတ်တာပဲ"

"ဒါမှမဟုတ် သိုက်တံခါး တကယ်ပွင့်ပြီး အဲဒီလူတွေ တကယ်ပဲ သိုက်ထဲကို ရောက်သွားသလားမှ မသိတာ"

"သိုက်ထဲရောက်သွားခဲ့ရင်လဲ အချိန်တန်ရင် ပြန်လာရမှာပေါ့ မို့ရဲ့"

"ဩော်... ဟိုမှာ အိမ်ထောင်တွေ၊ ဘာတွေကျကုန်ရင် ဘယ်သူပြန်လာတော့မှာလဲ။ ဥစ္စာစောင့်မလေးတွေက ချောချောလှလှလေးတွေ မဟုတ်လား"

ပြောပြီး မကြာညိုတို့ သုံးယောက်က တဟားဟား ရယ်မောကြတော့ ခင့် မျက်နှာက ပျက်ယွင်းနေသည်။ သူမတို့ကိုလည်း တားသည်။

"အပြောင်အပြက်တွေ မပြောကြနဲ့ဟာ၊ ခရီးသွားလာနေတုန်းမှာ မကောင်းဘူး"

မေက ခင့်ကို နောက်ပြောင်ပြီး မေးလိုက်သည်။

"မကောင်းဘူးဆိုတာ ဘာကိုပြောတာလဲ။ ဘာ





မကောင်းတာလဲ"

"မေ တော်တော့ဟာ လမ်းခရီးမှာ ဒုက္ခရောက်နေပါမယ်"

သူမက ရယ်လိုက်မိသည်။

"နင်ကလဲဟာ နှစ်ဆယ့်တစ်ရာစုမှာ အယူသည်းမနေပါနဲ့။ တစ်ခါတလေ ခရီးသွားရတုန်း ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါးပေါ့"

"ဟုတ်တယ်လေ ခင်ရဲ့"

သူမကို ဝိုင်းပြောသည့်အတွက် ခင်က ငြိမ်သက်သွားသည်။ မျက်နှာကတော့ သူမတို့ ဝိုင်းပြောသည့်အတွက် မေကတော့ ဥစ္စာစောင့်အကြောင်း၊ သိုက်အကြောင်းတွေ မပြောတော့ဘူးဟု ဆုံးဖြတ်ပြီး စကားပြောဖို့ အကြောင်းအရာအသစ်တစ်ခုကို စတင်တူးဆွလိုက်လေသည်။

"ဟဲ့...မို့ နင့်ကို နင့်အိမ်က ယောကျ်ားပေးစားတော့မလို့ဆို ဟုတ်လား"

"အေးလေ ဟုတ်တော့မလိုလိုနဲ့ဟာ။ ငါကလဲ မီဘ



www.burmeseclassic.com

www.burmeseclassic.com



အားကိုးနဲ့ ရည်းစားတောင် ထားတာမဟုတ်ဘူး။ အခုတော့ တလွဲတွေ ဖြစ်ကုန်ပြီလေ"

"ဘာဖြစ်လို့လဲ မို့ရဲ့"

"မပြောချင်ပါဘူးဟာ။ ငါ့အမေလေ ဘယ်လိုကနေ ဘယ်လိုဖြစ်တယ် မသိဘူးဟေ့။ အိပ်မက်မက်တယ်တဲ့ အိပ်မက်ထဲမှာ အဘိုးကြီးတစ်ယောက်က လာပြောတယ်ဆိုပဲ။ နင့်သမီးကို ယောက်ျားပေးစားတာနဲ့ ငါတို့ ပြန်ခေါ်မယ်တဲ့။ အဲဒါနဲ့ပဲ အမေက ငါ့ကို ယောက်ျားပေးစားဖို့ အစီအစဉ် ဖျက်လိုက်ရော"

"အလို ဒါဆိုရင် နင်ကလဲ သိုက်ကလာတာပဲပေါ့"

"အေး...အေး အမေ အိပ်မက် မက်တာပါဆိုနေမှ"

သော်နှင့် မို့က တဟားဟား ရယ်လေသည်။

ခင့်မျက်နှာက စောစောကထက် ပိုပျက်လာသည်။ မကြာညိုကတော့ ငိုချင်ရယ်ချင် ဖြစ်သွား၏။

သိုက်အကြောင်း ဥစ္စာစောင့်အကြောင်း မပြောဖြစ်အောင် စကားလမ်းကြောင်း တမင်တကာ ပြောင်းပစ်လိုက်





ပါမှ ထိုအကြောင်းအရာဆီသို့ပဲ တည့်မတ်စွာ ရောက်လာလို့ ဖြစ်သည်။

စပြီးမှ မပြောနဲ့တော့လို့ တားဖို့လည်း မဖြစ်နိုင်။

ပြီးတော့ မို့ပြောသည့် အိပ်မက်မက်ဆိုတာကို သူမ ကိုယ်တိုင်လည်း စိတ်ဝင်စားမိသည်။ ထို့ကြောင့် ရှောင်လွှဲ မနေတော့ဘဲ ဆက်ပြောလိုက်ရလေတော့သည်။

"ဟုတ်ရဲ့လား မို့ရာ"

"ဟုတ်တယ်ဟာ အဲဒီအိပ်မက်ကြောင့် စေ့စပ်ဖို့ စကား ပြောဆိုထားပြီးမှ မျက်နှာအပျက်ခံပြီး ဖျက်လိုက်တာဟ၊ အမေလဲ တော်တော်လန့်သွားပုံရတယ်"

"နင်က ငါတို့ကို ပြောမပြဘူး"

"သြော်... အမေရဲ့ အကြောင်းပြချက်က ရှက်စရာကြီး ဆိုတော့ ငါလဲ ဘယ်သူ့ကိုမှ မပြောပြတော့ဘူးပေါ့ဟာ။ အခု နင်တို့က မေးလို့ လွှတ်ခနဲပြောလိုက်မိတာ"

"နင်လဲ ကြာညိုအိုင်သိုက်က လာတာပဲလားတော့"

သော်က စပ်ဖြဲဖြဲ မျက်နှာပေးနှင့် မေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ခင်က စိတ်ဆိုးသွားသည့်ပုံစံမျိုးဖြင့် ထအော်လေသည်။

"တော်ကြတော့ဟာ။ နင်တို့ပြောနေတာတွေက အပျော်သဘောကနေ ဒုက္ခတွေ့ရမယ့်စကားတွေ ဖြစ်လာပြီ။ အဲဒီလောက် ပြောနေတဲ့ကြားထဲက နင်တို့ ဆက်ပြောနေရင် ကားရပ်ခိုင်းပြီး ငါ ဆင်းနေခဲ့လိုက်မယ်။ ဒီကားကို ငါ ဆက်မစီးရဲတော့ဘူး"

ခင်က မျက်ရည်တွေပင် ဝဲနေတာမို့ မေကြာညိုတို့လည်း ငြိမ်နေလိုက်ရတော့သည်။

ခင့်ကို ကြည့်ရတာ အတော့် စိတ်ကသိကအောက် ဖြစ်နေပုံရသည်။

သူမကိုတော့ ခင် ကြောက်လန့်နေတာကို နားလည်သဘောပေါက်ပေးလို့ရသည်။

ငယ်ငယ်လေးကတည်းက ကြာညိုအိုင်ရွာတွင် မွေးဖွားကြီးပြင်းခဲ့ရသည့် ခင်သည် ကြာညိုအိုင်ကြီးနှင့် ပတ်သက်သမျှ အယူအစွဲအားလုံးကို အမွေရထားပေလိမ့်မည်။ ဒီတော့ ခင် ကြောက်လန့်နေတာကို အပြစ်ပြောလို့မရတော့ပါ။





နေရောင်ရင့်ရင့်ကြောင့် ကားထဲသို့ တိုးဝင်သည့်လေများက အနည်းငယ် နွေးထွေးလာသည်။ ထို့ကြောင့် သူမတို့က အနွေးအင်္ကျီတွေကို ချွတ်ပစ်ပြီး ထိုင်ကြသည်။

လမ်းဘေးဆိုင်ငယ်လေး တစ်ဆိုင်ရှေ့တွင် ကားခဏထိုးရပ်ပြီး ကားမောင်းသည့် ဇော်ထွဋ်နှင့်သက်ဦးက အပြောင်းအညာ ဖြေကြသည်။

ပြီးတော့ ဇော်ထွဋ် မောင်းနေရာမှ သက်ဦးက တစ်လှည့် ပြောင်းမောင်းသည်။

သူမတို့သုံးယောက် စကားမပြောဖြစ်တော့ဘဲ ငြိမ်သက်သွားတော့မှ ခင်က စိတ်မကောင်း ဖြစ်သွားပုံရသည်။ လေပျော့ကလေးနှင့် သူစိတ်တိုသွားရသည့် အကြောင်းရင်းကို ရှင်းပြလေသည်။

"နင်တို့က ကြာညိုအိုင်အကြောင်းကို အခုမှ ငါပြောလို့သိရတာဆိုတော့ ဘယ်လိုလုပ်ပြီး အကြောင်းအစုံအလင်ကို သိနိုင်မှာလဲ။ အရမ်းကြမ်းတာဟ"

"ဘယ်လိုကြမ်းတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကရတွေပြောရင် ကားမှောက်တာတို့၊ လှည့်မှောက်တာတို့၊ လှေမှောက်တာတို့နဲ့ ကြုံရတာပေါ့"

"ဘုရားရေ ကြောက်စရာကြီး"

"အေးလေ ငါက ရွာမှာ ခဏခဏ ကြုံဖူးတာတော့ ပိုကြောက်တာပေါ့ဟာ။ အဲဒါကြောင့် ယုံတာ၊ မယုံတာထား စကားတွေ၊ ဘာတွေပြောတဲ့အခါမှာ သတိထားပြီး ပြောရတယ်"

"နင်ကလဲ အစကတည်းကပြောတာ မဟုတ်ဘူး၊ အခုမှ ပြောရသလားဟဲ့"

သော်က ခင်ကို အပြစ်တင်နေပြန်သည်။

သူမကတော့ အတွေးနယ်ချဲ့နေမိသည်။

"ဥစ္စာစောင့်ဆိုတာ တကယ်ပဲရှိသလား။ သူတို့ဟာ တကယ်ပဲ ရွှေငွေရတနာတွေကို စောင့်ရှောက်နေကြသလား၊ သိုက်ဆရာတွေဆိုတာရော တကယ်ပဲရှိသလား"

အတွေးများ အမျှင်တန်းရင်း မေကြာညိုက ငိုက်မျဉ်းလာသည်။ ကျန်လူများကို ကြည့်ရတာလဲ ငိုက်မျဉ်းနေပုံရ





သည်။ ခင်တစ်ယောက်ကတော့ ပွစိပွစိနှင့် ဘာတွေရွတ်ဖတ်နေမှန်း မသိပါ။ သူမက ဘာမှမေးကြည့်မနေတော့ဘဲ ခင့်ကို အသာလွှတ်ထားလိုက်သည်။

ခဏနေတော့ သော်ထံမှ အသက်ရှူသံ မှန်မှန်ကြားရသည်။

သော် အိပ်ပျော်သွားလေပြီ။ သူမကတော့ မအိပ်မိအောင် ကြိုးစားထိန်းချုပ်နေမိသည်။

သူတို့၏ ကားလေးက အရှိန်ပြင်းပြင်းနှင့် ခရီးနှင်နေဆဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကားကို မနားတမ်း မောင်းခဲ့ပြီး လမ်းဆုံလမ်းခွဲရှိရာ မြို့ငယ်ကလေးသို့ ရောက်သောအချိန်သည် ညနေခြောက်နာရီ ဖြစ်လေသည်။

ခင် ဦးဆောင်မှုဖြင့် သူမတို့အားလုံးသည် စပ်စုတ်စုတ် ခပ်ချာချာ ထမင်းဆိုင်ကလေးတွင် ညနေစာကို တက်သုတ်ရိုက်ပြီး အမြန်စားရလေသည်။

နေအလင်းရောင် ပျောက်သွားတာနှင့် အအေးဓာတ်က ကြီးစိုးလာပြီး ပတ်ဝန်းကျင်ကလည်း မှောက်မိုက်သွားတာ အလွန်ပင် မြန်ဆန်လှ၏။





ထမင်းစားပြီး ခရီးဆက်တော့ ကားကို ဇော်ထွန်းက မောင်းပြီး ခင်က လမ်းပြပေးဖို့အတွက်ကား ရှေ့ခန်းတွင် သွားထိုင်လေသည်။

သက်ဦးကတော့ ကားနောက်ခန်းတွင် သူမတို့နှင့်အတူ ပြန်လာထိုင်သည်။

အအေးဓာတ်ရယ်၊ အမှောင်ရယ် ခင် ပြောပြထားသည့် အကြောင်းအရာများရယ်ကြောင့် ကြောက်စိတ်ဝင်ချင်နေသည့် သူတို့သုံးယောက်က သက်ဦးနောက်မှာ လာထိုင်တော့မှ အနည်းငယ် အားရှိလာသည်။

သက်ဦးကလည်း ညည်းညူသည်။

"ဟာ... တော်တော်ဝေးတာဟ၊ ထင်တောင် မထင်ဘူး။ အခုလဲ ငါးနာရီလောက် ထပ်မောင်းရဦးမယ်တဲ့ဟ"

"ဒီလောက် မှောင်မှောင်ကြီးထဲမှာ"

"မမှောင်ပါဘူး မီသော်ရာ၊ ကားမီးထိုးလိုက်ရင် လင်းနေတာပဲဥစ္စာ"

သော်က သက်ဦးကို မျက်စောင်းပစ်ထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးထိုးရင်လင်းတာကတော့ နှင်ပြောမှလားဟဲ့။ ငါ ပြောတာက ကားအနောက်မှာ ကျန်ရစ်ခဲ့မယ့် အမှောင်ထု ကြီးကို ပြောတာ"

"အဲဒါလဲ မပူနဲ့ မကြာခင် လထွက်တော့မယ်"

မေ ဝင်ပြောလိုက်တော့ သက်ဦးက မေ့ဘက်လှည့်လာသည်။

"နေစမ်းပါဦး မေ၊ နှင်က ဘာဖြစ်လို့ ဒီခရီးကို စိတ်ဝင်စားသွားရတာလဲ။ ငါနှင့်ကိုမေးချင်နေတာ ကြာပြီ"

"မရောက်ဖူးတဲ့ နေရာမို့ပေါ့ဟာ"

သူမက ပြီးစလွယ် ဖြေလိုက်သည်။

သက်ဦးက ထပ်မေးချင်ပုံရသည်။

ထိုအချိန်မှာပင် မို့က ဝမ်းသာအားရ ထအော်သည်။

"ဟာ... လမင်းကြီး ထွက်လာပြီ"

လှမ်းကြည့်လိုက်တော့ သစ်ပင်ပုပုလေးများ၏ ထိပ်ဖျားတွင် အနီရောင်ဖက်သို့ လူနေသည်။ လကြီးက မီးပုံးတစ်ခု ချိတ်ဆွဲထားသလို ပုံစံမျိုးဖြင့် ရှိနေတာကို တွေ့ရလေသည်။





"ကြည့်စမ်း မေ၊ လမင်းကြီးကို ကြည့်ရတာ နီနီကြီးနဲ့ ကြောက်စရာကြီးနော်။ အရင်ကလနဲ့ မတူသလိုပဲ"ဟု သော်က ပြောသည်။ သူမစိတ်ထဲမှာလည်း သော် ပြောသလို ခံစားနေရတာမို့ ခေါင်းညိတ်ပြလိုက်တော့ သက်ဦးက တဟားဟား အော်ရယ်လေသည်။

"နှင်တို့ မိန်းကလေးတွေဟာလေ ကြောက်စရာမရှိ ကြဖန်ကြောက်နေတော့တာပဲ။ ဒီမှာ ကမ္ဘာဦးကတည်းက လဆိုတာ ဒီတစ်ခုပဲရှိတယ်။ အခု တွေ့နေရတဲ့လနဲ့ အရင်က တွေ့ခဲ့တဲ့လ မတူဘူးတို့ ဘာတို့ညာတို့ လုပ်မနေနဲ့ အရူး မလေးတွေ"

"အံမာ အံမာ မရူးလို့သိတာပေါ့ သက်ဦးရဲ့။ နှင်သာ ရူးနေလို့မသိတာ။ လမင်းကြီး အရောင်ပြောင်းနေတာ နှင် မမြင်ဘူးလား"

သက်ဦးကလည်း မလျှော့ပါ။

"ဟ အဲဒါ လထွက်လာစမို့ပေါ့။ တဖြည်းဖြည်းနဲ့ မြင့်လာရင် အဝါရောင် ဖြစ်သွားမှာ မယုံရင်ကြည့်နေ"



www.burmeseclassic.com

www.burmeseclassic.com



"အားလေး နောက်မှ ဝါဝါ မဝါဝါ အစုလောလော ဆယ် ထူးဆန်းနေတာတော့ အမှန်ပဲ"

"မထူးဆန်းပါဘူးဟာ ဘာဆန်းလို့လဲ"

သူမတို့ ငြင်းခုန်နေကြဆဲမှာပင် လမင်းကြီးက တဖြည်းဖြည်း မြင့်တက်လာသည်။

ကားကလေးသည် မီးလင်းနေသည့် မြို့ကလေးများ၊ ရွာကလေးများကို ဖြတ်သန်းမောင်းနှင်နေပြီး လမ်းသိပ်မကောင်းသည့်အတွက် နောက်ခန်းတွင် ထိုင်သည့်သူမတို့မှာ ဆန်ကောထဲ ဆီးဖြူသီး ထည့်လှုပ်သလို ဖြစ်နေရလေတော့သည်။

တစ်ချက်တစ်ချက် ချိုင့်ခွက်ကြီးကြီးများထဲသို့ ကားဘီးကျသွားတတ်ပြီး ကားကလေးက မြောက်တက်သွားတတ်သေးသည်။

လမ်းသိပ်မကောင်းတာကြောင့် ခရီးကလည်း ထင်သလောက် မတွင်ပါ။

တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသည့် ဒေသအသစ်





ကို ညကြီး အချိန်မတော်တွင် ဖြတ်သန်းလာရသည့်အတွက် ကြောက်ရွံ့သလိုလို၊ အားငယ်သလိုလို လာမိတာကိုပဲ နောင်တရသလိုလို ခံစားရသည်။

လရောင်အောက်တွင် လယ်ကွင်းများ၊ ရွာငယ်လေးများကို ဖြတ်သန်းလာရသလို၊ သချိုင်းကုန်းများကိုလည်း ဖြတ်သန်းလာရပြန်သည်။

ရွာလေးတစ်ရွာကို ကျော်ဖြတ်လိုက်တိုင်း ရွာအလွန်တွင် မြေပုံကလေးများနှင့် သစ်သားမှတ်တိုင်များ ထိုးထိုးထောင်ထောင် ဖြစ်နေသည့် သချိုင်းမြေပုံများကို တွေ့ရသည်ချည်း ဖြစ်သည်။ တချို့နေရာများ၌ အုတ်ဂူများကိုလည်း တွေ့ရလေသည်။

ဘာပဲဖြစ်ဖြစ်လရောင် ပျနီတိမှုန်မွှားအောက်တွင် သချိုင်းကုန်းများကို တွေ့မြင်ရတိုင်း သူမက ကြက်သီးထချင်မိသည်။ မကြည့်ဘဲနှင့်လည်း မနေနိုင်ပြန်၊ ရွာငယ်ကလေးတစ်ရွာကို ဖြတ်ကျော်လာတိုင်း သူမ၏ မျက်လုံးတွေက ရွာသချိုင်းကလေးကို အလိုလို ရှာဖွေမိလျက်သား ဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မိုနှင့်သော်ကတော့ သက်ဦးနှင့် ဟိုအကြောင်း၊ ဒီအကြောင်း တွေရာလေးပါးများကို ပြောဆိုနေပြီး မကြာညို ကတော့ သူတို့ စကားဝိုင်းထဲတွင် ဝင်မပါနိုင်ဘဲ ပတ်ဝန်းကျင်ကိုသာ ရင်ခုန်စိတ်လှုပ်ရှားစွာ ရှုစမ်းနေမိလေတော့သည်။

သက်ဦးတို့ ဘာတွေပြောဆိုနေကြသည်ကိုလည်း သူမက စိတ်မဝင်စားမိ။ ထိုကြောင့် သူတို့ပြောနေသည့် စကားများကလည်း နားထဲသို့ ဝင်မလာနိုင်ပါ။

လမ်းဘေးတွင် သချိုင်းကုန်းတစ်ခုကို တွေ့လိုက်ရတိုင်း မကြာညို ရင်ထဲတွင် အေးခနဲ အေးခနဲ ခံစားလိုက်ရပြီး နှလုံးခုန်သံများကလည်း မြန်ဆန်လာလေသည်။

လည်ချောင်းဝတွင်လည်း တစ်စုံတစ်ခု တစ်ဆို့လာသလို ခံစားရလေသည်။

ကြည့်နေရင်း ကြည့်နေရင်း ကြောက်စိတ်များက ပိုမိုဆိုးရွားလာတာမို့ မျက်လုံးကို မှိတ်ထားလိုက်သော်လည်း သချိုင်းကုန်းများကတော့ သူမ၏ အမြင်အာရုံထဲမှ လုံးလုံးလျားလျား ထွက်မသွားကြဘဲ ထင်ရှားစွာ စွဲမြဲနေတာကတော့ ဆိုးဝါးလွန်းလှသည်။

ဘာကြောင့် ဒီလောက်တောင် ကြောက်လန့်နေမိတာလဲဆိုတာကို မေက ကိုယ်ဘာသာကိုယ် စဉ်းစားလို့မရ။ စာကယ်ဆို သူမသည် သတ္တိနည်းပါးသူ တစ်ယောက်တော့ မဟုတ်ပါ။ ပြီးတော့ ကားပေါ်တွင် လိုက်ပါလာရင်း ကြောက်လန့်နေရအောင်ကလည်း သူမတစ်ယောက်တည်း လိုက်လာခဲ့ရတာ မဟုတ်။ အသားချင်းထိပြီး ထိုင်နေကြသည့် အဖော်များလည်း ပါသေးသည်။

ကြောက်စိတ်ပြေအောင် မကြာညိုက ဘုရားဂုဏ်တော်များကို ပွားများနေမိသည်။ သို့သော် ဘုရားဂုဏ်တော်များ ပွားများနေမိသည်။ သို့သော် ဘုရားဂုဏ်တော်များ ပွားများသည့်အထဲသို့လည်း စိတ်ကို လုံးလုံးလျားလျား နှစ်မြှုပ်မထားနိုင်ဘဲ ဖြစ်ရပြန်သည်။

ကားကလေးသည် ရွာကလေးပေါင်းများစွာ သချိုင်းပေါင်းများစွာကို ဒယီးဒယိုင်ဖြင့် ဖြတ်ကျော်လာခဲ့ပြီး ဖြစ်




သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ခရီးအဆုံးကိုတော့ ရောက်ဖို့မနီးစပ်နိုင်သေးပါ။

ထိုအချိန်တွင် သော်သည် သူမ၏ လက်ဖျားများကို အမှတ်မထင် ဆုပ်ကိုင်လိုက်ပြီး စိုးရိမ်တကြီး မေးမြန်းလေသည်။

"ဟာ… နှင့်လက်တွေ အေးစက်နေပါလား မေ၊ ဘာဖြစ်တာလဲ"

သော်အသံကြောင့် မို့ကလည်း သူမလက်ကိုသာ ကိုင်ကြည့်သည်။

"ဟုတ်ပါရဲ့ဟာ ချမ်းနေတာလား၊ စောင်ခြုံမလား"

သက်ဦးကလည်း စိုးရိမ်စွာ မေးမြန်းသည်။

"နှင် နေကောင်းရဲ့လား မေ၊ စကားလဲ တစ်ခွန်းမှ မပြောဘူး။ ဘာဖြစ်နေလဲ"

အားလုံးက ဝိုင်းမေးတော့ အံ့ဩစရာကောင်းလောက်အောင်ပင် မေ့ရင်ထဲသို့ ငိုချင်စိတ်တွေ ဝင်လာပြီး ငိုသံပါပါနှင့် ပြန်ဖြေလိုက်မိလေသည်။

"ငါ… ငါ အရမ်းကြောက်နေလို့ဟာ၊ ဘာမှန်းမသိဘဲ





နဲ့ကို ရင်ထဲက အေးစိမ့်အောင် ကြောက်နေတာဟာ"

သူမ မေးလိုက်သည့်အဖြေကို သက်ဦးတို့သုံးယောက်က မျှော်လင့်ထားပုံ မရပါ။

ထိုကြောင့် ချက်ချင်း မတုန့်ပြန်ဘဲ သုံးယောက်စလုံး တိတ်သွားကြလေသည်။ မေကြာညီကပဲ အသံတုန်တုန်ဖြင့် ဆက်ပြောမိသည်။

"တကယ်ပြောတာဟ လမ်းဘေးက သချိုင်းကုန်းတွေကို မြင်တိုင်း အရမ်းကြောက်မိတာပဲ။ နှင်တို့ရော သတိမထားမိကြဘူးလား။ သချိုင်းကုန်းတွေကလဲ အရမ်းများတာပဲဟာ"

သက်ဦးက သူမကို စတင် အားပေးသည်။

"နှင်ကလဲဟာ နယ်ဘက်ကိုထွက်လာရင် ဒီလိုပဲဟ။ ရွာတမ်ရွာမှာ သချိုင်းကုန်းတစ်ခု ရှိတယ်လေ။ တချို့လယ်ပိုင်ရှင် သူဌေးတွေကျတော့ သူတို့ရဲ့ လယ်ထဲမှာပဲ ကိုယ်ပိုင်သချိုင်းလုပ်ထားကြတာဆိုတော့ ကြည့်လိုက်ရင် သချိုင်းကုန်းတွေ များနေသလို ထင်ရတာပေါ့။ အဲဒါ ဘာမှများ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စရာရှိလို့လဲဟာ။ ငါတို့က ကားမောင်းပြီး လာတာပဲ။ သချိုင်းတွေက နောက်မှာ ကျန်ရစ်ခဲ့တာလေ အဝေးကြီးပဲ"

သက်ဦးပြောတာ မှန်ပေမယ့် သူမ၏ ကြောက်စိတ်များကတော့ လျော့ပါးမသွားပါ။ ဘာကြောင့် ဒီလောက်အထိ ကြောက်လန့်နေရသည်ဆိုတာကို သူမဘာသာပင် စဉ်းစားကြည့်လို့ မရနိုင်ဘဲ ဖြစ်ရသည်။

"ကြောက်ရင် ဘေးကိုမကြည့်ဘဲ မျက်စိမှိတ်ပြီး လိုက်ခဲ့ပေါ့ မေရာ၊ မဟုတ်ဘူးလား"

မို့က ပြောခြင်းဖြစ်သည်။

"မျက်စိမှိတ်ထားရင်လဲ တွေ့နေရတာပဲဟ"

ဒီတော့ သော်က အကြံပေးပြန်သည်။

"ဒါဆိုရင်လဲ မျက်စိမှိတ်ထားတဲ့အပြင် ဘုရားတရားကို အာရုံပြုထားပေါ့ဟာ"

"မရဘူးသော်၊ ငါ လုပ်ကြည့်ပြီးပြီ၊ ဘာဖြစ်မှန်းကို မသိပါဘူးဟာ။ ငါ အရင်က ကြောက်တတ်တဲ့သူ မဟုတ်ပါဘူး။ အခုမှ ရင်ထဲမှာ စိမ့်နေတာပဲ။ ဖြစ်နိုင်ရင်ကို နောက်





ကြောင်းတောင် ပြန်လှည့်ပြေးချင်တယ်"

သူမက အဲဒီလိုမျိုးပြောတော့ အားလုံး ဝိုင်းဖျောင်းဖျကြသည်။

"နင်ကလဲဟာ မဟုတ်တာ၊ ငါတို့လဲ နေရာဒေသအသစ်ရောက်နေတဲ့အတွက် ရင်ထဲမှာ တစ်မျိုးကြီး ခံစားရတာပေါ့။ ညဘက် မဟုတ်လား"

"အေးလေ မေရာ၊ နင်လဲ အပျော်ခရီးမှာ ပျော်စရာကောင်းအောင်နေစမ်းပါဟာ၊ ဟိုရောက်သွားရင် ပျော်စရာဖြစ်သွားမှာ"

အားလုံးက ဝိုင်းဝန်းအားပေးနေသည့်အတွက် အားနာပြီး ငြိမ်သက်နေရသော်လည်း သူမရင်ထဲတွင် မငြိမ်သက်နိုင်တာကို သူမကိုယ် သူမ သိသည်။

သော်နှင့်မို့က သူမ၏ လက်ဖဝါးများကို ဆုပ်ကိုင်ပေးထားကြသည်။ ကားလေးကတော့ ခုန်ဆွ ခုန်ဆွဖြင့် ပြေးလွှားနေ၏။

သက်ဦးက သူမကို အာရုံပြောင်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်အလုပ်ဝင်တော့မလို့ဆို ဟုတ်လား မေ"

သက်ဦးပြောသည့် အကြောင်းအရာကို စိတ်မဝင်စားသော်လည်း မကောင်းတတ်လို့ မေ အမြန်ဖြေလိုက်ရသည်။

"အင်း... အလုပ်ဝင်ရတော့မှာမို့ ခရီးထွက်လာတာပေါ့။ အလုပ်ထဲရောက်သွားရင် အားလပ်ဖို့က မလွယ်တော့ဘူးလေဟာ"

"နင်က အတွင်းရေးမှူးလုပ်မှာဆို"

"အေးလေ"

"အဲဒါကို ဇော်ထွင့်က ရင်ပူနေတာ မေရဲ့။ နင်က ကုမ္ပဏီပိုင်ရှင်ရဲ့ အတွင်းရေးမှူး လုပ်မှာဆိုတော့ဟာ ဘယ်လိုပြောရမလဲ။ သူကျုန်ရစ်ဖြစ်သွားမှာကို စိုးရိမ်တာပေါ့"

"ဘာဆိုင်လို့လဲဟာ"

"ဒီလိုဟာ ဘယ်လိုပြောရမလဲ။ နင်က သူဌေးကို စိတ်ဝင်စားသွားရင် သူ့ကို ဘယ်လိုလုပ် ပြန်ချစ်နိုင်မလဲပေါ့ဟာ၊ ပြောရရင် ဇော်ထွင့်က သနားစရာကောင်းပါတယ်"

"ဖသလိုက်ပါလားဟဲ့၊ ငါ့အလုပ်ရှင် သူဌေးဆိုတာ





ငါ့အစ်ကိုအရင်းခေါက်ခေါက်ကြီး နားလည်ရဲ့လား။ အဲဒီဇော်ထွင့်ဟာလေ တုံးသလိုလို၊ ကြောင်သလိုလိုနဲ့။ အဲဒါကြောင့်ပဲ ငါ ကြည့်လို့မရတာ"

"ဟုတ်လား၊ နင့်အစ်ကိုရဲ့ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်မှာ၊ တော်ပါသေးရဲ့ဟာ၊ ဒါဆိုရင် ဇော်ထွင့် ရင်အေးရပြီပေါ့"

"တော်... တော် အဲဒါ ဘာစကားလဲ။ ဇော်ထွင့်ကိုပြန်ချစ်မယ်လို့ ငါ ဘယ်တုန်းကမှ မပြောဖူးဘူးနော် သက်ဦး၊ ကြားထဲကနေ နင် ဝင်မရှုပ်နဲ့ ဇက်ပြုတ်သွားမယ်"

သက်ဦးက စပ်ဖြဲဖြဲနှင့်ငြိမ်သွားပြီး သော်နှင့်မို့ကတော့ ငိုင်းဟားကြသည်။

အခုလို စကားတွေ ပြောနေရတော့ ကြောက်စိတ်လျော့သွားသလိုပါပဲဟု မေက တွေးလိုက်ရင်း ကားအပြင်ဘက်သို့ လှမ်းကြည့်လိုက်သည့် အချိန်မှာပင် အတိတ်တလန့် အော်ဟစ်လိုက်မိလေသည်။

"အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



မေ့အသံက အတော်ကျယ်လောင်သွားတာမို့ အားလုံး အထိတ်တလန့် ဖြစ်သွားကြသည်။

"ဘာလဲ… ဘာလဲမေ၊ ဘာဖြစ်လို့လဲ"

"ငါ… ငါတို့ ကားနောက်ကို မိန်းမကြီးတစ်ယောက် ပြေးလာတာဟ"

"ဘုရားရေ…"

"နင် မျက်စိမှားတာပါဟာ၊ လမ်းဘေးက သစ်ပင်ချ စပ်ကို ရုတ်တရက် ကြည့်လိုက်ပြီး အာရုံမှားတာပါ"

သက်ဦးက ပြောခြင်းဖြစ်သည်။

မေက ကြောက်ရွံ့လွန်းလို့ စကားပင် ဖြောင့်အောင် မပြောနိုင်။ သက်ဦးပြောသလို အာရုံမှား၊ အမြင်မှားတာ မဟုတ်ဘူးဟု သူမဘာသာ သိ၏။

ကားနောက်ကို ပြေးလိုက်လာသည့် မိန်းမကြီး သူမ သေချာမြင်ရတာဖြစ်သည်။ သူမ အော်လိုက်မှပဲ မိန်းမကြီး ပျောက်သွားတာ ဖြစ်သည်။ လရောင်အောက် အသေအချာ တွေ့လိုက်ရသည့် ထိုမိန်းမကြီး၏ ပုံစံကို





ကောင်းကောင်း မှတ်မိလိုက်သည်။ ထို့ကြောင့် မျက်စိမှားတာ ကော ဘယ်လိုမှ မဖြစ်နိုင်ပါ။

"ဘယ်လိုပုံစံမျိုးလဲ မေ၊ နင် တွေ့လိုက်တဲ့ မိန်းမကြီး က ဘယ်လိုပုံစံမျိုးလဲ"

မို့က ထိတ်ထိတ်ပြာပြာ မေးသည်။

"အရင်ခေတ်တုန်းက အဝတ်အစားတွေနဲ့ဟာ၊ ဆံထုံး မြင့်မြင့်ကြီးလဲ ထုံးထားသေးတယ်။ ပြေးလိုက်တယ်လို့သာ ပြောရတာပါ။ တကယ်တော့ အေးအေးဆေးဆေး လမ်းလျှောက်ပြီး လိုက်နေသလိုမျိုးပါပဲ။ ငါ အော်လိုက်တော့မှ ပျောက်သွားတာဟ"

သူမက အသေအချာ အတိအကျပြောပြတော့မှ သက်ဦး က ငြိမ်ကျသွားသည်။ မို့နှင့်သော်ကလည်း ထိတ်လန့်သွား ပြီး နေစရာမရှိအောင်ပင် ဖြစ်နေကြတော့သည်။

"ဟဲ့… အဲဒီမိန်းမကြီးက ငါတို့ကို ကြည့်လာတာလား မေ"

မို့မေးသည့် မေးခွန်းကို ကြားလိုက်ရတော့မှ မေကပါ



www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးဖြန်းဖြန်းထရသည်။

ဘာဖြစ်လို့လဲဆိုတော့ ထိုမိန်းမကြီး၏ နက်မှောင်သော မျက်လုံးများနှင့် သူမ၏ မျက်လုံးအစုံတို့ ဆုံမိခဲ့လို့ပဲ ဖြစ်၏။

"သူ... သူ့မျက်လုံးတွေက နက်မှောင်နေတာပဲ"

"ဘုရား... ဘုရား ကြောက်လိုက်တာ မေရာ"

"ကြက်သီးတွေတောင် ထလာပြီ"

မေတို့ သုံးယောက်က ကားရှေ့ဘက်တွင် အတင်းတိုးကပ်ပြီး ထိုင်ကြသည်။ သက်ဦးကတော့ ကားနောက်မြီးပိုင်းတွင် အရှေ့လှည့်ထိုင်ရတော့မလိုလို၊ အနောက်လှည့်ထိုင်ရတော့မလိုလိုနှင့် ယောင်ချာချာ ဖြစ်နေလေသည်။ ကားခေါင်းခန်းမှ နှစ်ယောက်က သူမတို့ ဖြစ်ပျက်နေတာတွေကို သိပုံမရဘဲ လမ်းကြမ်းကြမ်းတွင် မနားတမ်း မောင်းနေလေသည်။

လမြင့်လာသည်နှင့်အမျှ လရောင်က ပိုမိုလင်းထိန်လာပြီး ကားလမ်းဘေး ဝဲယာတွင် လယ်ကွင်းတွေအစား





မြေလွတ်များ၊ ထင်းတောများကိုသာ ပိုမို တွေ့လာရ၏။ ရွာများ အတွေ့ရကျဲပါးလာသလို၊ လမ်းကလည်း ပိုဆိုးလာသည်။ တချို့နေရာတွင် ကားမောင်းတာနှင့် ဖုန်မှုန့်များ ထလာတတ်ကြသေးသည်။

"တော်တော်ဝေးတာပဲ။ ငါက ဒီလောက်ဝေးမယ်မထင်ဘူးဟု သက်ဦးက မှတ်ချက်ချတာကိုပင် သူတို့သုံးယောက်က စကားပြန်ပြောနိုင်ခြင်း မရှိဘဲ အတွေးကိုယ်စီ၊ ကြောက်စိတ်ကိုယ်စီဖြင့် ဇက်ပုငြိမ်သက်နေမိလေသည်။

သော်နှင့် မို့တို့ ဘာတွေတွေးနေမည်ကို သူမသိပါ။ မေကတော့ အမှတ်မထင် မြင်တွေ့လိုက်ရသည့် ကားနောက်ကို လိုက်လာသည့် မိန်းမကြီးအကြောင်းကိုပဲ တွေးတောမိသည်။

အဲဒီမိန်းမကြီး ဘာလဲ။ ဘယ်သူလဲ။

ဘာကြောင့် ကားနောက်ကနေ လိုက်လာရတာလဲ။ နာနာဘာဝလား၊ ခင်တို့ ပြောသလို ဥစ္စာစောင့်လား၊ ဒါမှ မဟုတ် ရွာသူဆိုတာလား။ အကယ်၍ သူမသာ မအော်မိရင်



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ချင်လို့ လိုက်လာခဲ့တာလဲ။

တွေးရင်း တွေးရင်း မေကြာညိုက နေစရာနေရာမရှိအောင်ပင် ကြောက်လန့်လာခဲ့ပြီး သော်နှင့် မို့နှစ်ယောက်အကြားတွင် ခေါင်းတိုးဝင်ကာ မျက်စိကို စုံမှိတ်ထားလိုက်မိသည်။

ဒီခရီးကို လိုက်လာမိသည့်အတွက်လည်း နောင်တများကို ခံစားနေမိသည်။

သို့သော် ဘာမှ မတတ်နိုင်ပါ။ သူမတို့ စီးလာသည့် ကားကလေးကတော့ လရောင်အောက်တွင် ခနော်ခနဲ့ ကျောက်ခင်းလမ်းများကို ဖြတ်သန်း၍ ကြာညိုအိုင်ရွာသို့ ရှေးရှုမောင်းနှင်နေလေသည်။

* * *



# အခန်း (၁၀)

လရောင်က အတော်ပင်ရင့်လာသည်။ အအေးဓာတ်ကလည်း ပိုမို ဖိစီးလာသည်။ ကားမောင်းနေရသည့် လမ်းကလေးကလည်း ပိုမိုကျဉ်းမြောင်းလာသည်။ အဲဒီလိုပင်…

ကားပေါ်တွင် စီးနင်းလိုက်ပါလာသည့် မေကြာညိုတို့ကလည်း လာမိသည့်ခရီးကို ပို၍ ပို၍ပင် စိတ်ပျက်လာမိလေသည်။

ထိုအချိန်မှာပင်…

ကားလေးသည် အခက်အလက်များ အုံ့ဆိုင်းနေသည့် သစ်ပင်ကြီး တစ်ပင်အောက်မှ အဖြတ်တွင် တုန့်ခနဲ ရပ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဖော်ထွင်"

"ဟဲ့... ကားရပ်ရင်လဲ လင်းလင်းထင်းထင်း နေရာမှာ ရပ်ပါတော့လား အခုတော့"

"လုပ်ပါဟဲ့ သစ်ပင်အောက်မှာ မရပ်ပါနဲ့ အပြင်မှာ ထွက်ရပ်စမ်းပါ"

သက်ဦးရယ်၊ သော်နှင့်မို့ရယ်က ပြောတော့ ဖော်ထွင်က ပြန်ဟောက်သည်။

"နေစမ်းပါဟာ ရပ်ချင်လို့ရပ်ရတာ မဟုတ်ဘူး။ ကားက သူ့အလိုလိုကို ထိုးရပ်သွားတာ နေရာရွေးလို့မရဘူး"

ဖော်ထွင်ပြောမှပဲ မေတို့က ပိုလန့်သွားရပြန်သည်။

"ကဲ... အားလုံးဆင်း၊ သစ်ပင်အရိပ်ကလွန်အောင် ကားကို တွန်းလိုက်ကြရင် မကောင်းဘူးလား။ ဒီအနားမှာ နေရတာ တစ်မျိုးကြီးပဲ"

သော်က ပြောလိုက်ခြင်း ဖြစ်သည်။

"ရှေ့ကိုတွန်းလို့ ရမလားဟ ကုန်းအတက်ကြီးဟာကို အရှုံးမထနဲ့ ငြိမ်ငြိမ်နေ၊ လာ သက်ဦး ကား ဘာဖြစ်





တယ်ဆိုတာ ကြည့်ရအောင်"

"အလကား ဖော်ထွင် ငါ့ကိုများ သူ သိပ်နိုင်နင်းတာပဲ မေ့ကိုသာ ကြောက်တဲ့ကောင်။ မေ ကားတွန်းရွှေ့ဖို့ နင်ပြောစမ်းဟာ၊ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ ပြောရင် ကြက်သီးတောင်ထလာပြီ"

"ရွှေ့ခိုင်းမနေပါနဲ့တော့ဟာ၊ ငါက ကားပေါ်က ဆင်းရမှာကိုတောင် လန့်နေတာဟ"

ကားခေါင်းခန်းမှ ဆင်းလာသည့် ခင်က သူမတို့ပြောနေသည့် စကားများကို နားမလည်ဘဲ ဝင်မေးလေသည်။

"နေစမ်းပါဦး နင်တို့ ဘာတွေဖြစ်နေကြတာလဲ"

ခင်မေးတာကို မဖြေကြသေးဘဲ သူမတို့က ခင်ကို ပြန်မေးကြသည်။

"ဘယ်လိုလဲ ခင်၊ ကားက ဘာဖြစ်လို့ ရပ်သွားတာလဲ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား"

"နင်တို့ ဘာဖြစ်နေကြတာလဲ။ ကားပဲဟာ စက်ချွတ်ယွင်းရင် ထိုးရပ်သွားမှာပေါ့ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခင်ပြောတာကို သူမတို့က အလွယ်တကူ လက်မခံနိုင်ဘဲ ဖြစ်နေမိသည်။

"ဟုတ်ရဲ့လားဟာ"

"နင်တို့ ဘာတွေ ဖြစ်နေကြတာလဲ"

ခင်က ကားပေါ်တက်ထိုင်တော့မှ လမ်းမှာတွေ့ခဲ့သည့် မိန်းမကြီးအကြောင်း သူမက ခင့်ကို ပြောပြလိုက်မိသည်။

သူမပြောပြတာကို နားထောင်ပြီး ခင့်မျက်နှာက အတော်ကို ပျက်ယွင်းသွားလေသည်။

ခင် အသက်ရှူသံတွေ မြန်ဆန်လာတာကိုလည်း သတိထားမိသည်။

ဒါပေမဲ့...

ခင်က ဘာမှမဖြစ်သလို၊ ဘာမှမဟုတ်သလို ပုံစံမျိုးဖြင့် သူမကို ပြန်ပြော၏။

"အလကားပါ မေရယ်။ အဲဒါ လရောင်က ဖမ်းစားတာဟ၊ လရောင်အောက်မှ ခရီးသွားတဲ့သူတွေ ဒီလိုပဲ ကြုံကြရတယ်။ လှေတွေ သင်္ဘောတွေနဲ့သွားတဲ့ သူတွေဆိုရင်





လရောင်ဖမ်းစားတဲ့အတွက် ဖြစ်ချင်ရာတွေဖြစ်ပြီးတော့ ရေထဲခုန်ချတဲ့အထိတောင် လုပ်တတ်ကြတာဟ။ ဘာမှ မဟုတ်ဘူး။ အတွေ့အကြုံအသစ်တစ်ခုလို့သာ သဘောထားလိုက်"

ခင့်ကို ပြန်ခံမငြင်းဘဲ ငြိမ်နေလိုက်သော်လည်း သူမမျက်လုံးတွေကတော့ အငြိမ်မနေနိုင်ဘဲ ပတ်ဝန်းကျင်ကို မဝံ့မရဲ ကြည့်မိသည်။

ကားရပ်သွားသော နေရာသည် သစ်ပင်ကြီးများ သုံးလေးပင် စီတန်းပေါက်ရောက်နေသည့် နေရာဖြစ်တာမို့ သစ်ပင်များ၏ အရိပ်ကြောင့် အမှောင်ကများနေလေသည်။

ကြောက်စိတ်အခံရှိနေတာမို့ မှောင်ရိပ်များကိုပင် မကြည့်ရဲ၊ ကြည့်လိုက်တိုင်း ကြောက်စရာသဏ္ဍာန်တစ်ခုခုကို တွေ့မြင်ရသလိုမျိုး ခံစားရလေသည်။

သော်နှင့်မို့လည်း သူမလိုမျိုး ခံစားနေရဟန်တူသည်။

သူမလိုပင် ပတ်ဝန်းကျင်ကို မဝံ့မရဲကြည့်ပြီး ခင့်ကိုလည်း အပြစ်ပြောနေကြလေသည်။

"ခင်ကလဲဟာ ညဘက်ကြီးမလာဘဲ မြို့ပေါ်မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ပြီး မနက်မှလာရင်ပြီးရော” ဟု သော်က ပြောသည်။

“အေးလေ အခုတော့ အမှောင်ထဲမှာ လန့်စရာကြီး။ သူခိုး၊ ဓားပြတွေရှိရင် ဘယ်လိုလုပ်မလဲ” ဟု မို့ကပါ ဝင်ပြောသည်။

မေကိုယ်တိုင်လည်း ခင့်လုပ်ရပ်ကို သိပ်နားမလည်ပါ။

အကယ်၍ လပြည့်ညနှင့် ကြုံစေချင်သည်ဆိုလျှင်လည်း တစ်ရက်ကြိုလာဖို့ကောင်းသည်။

အခုတော့ လပြည့်ညသန်းခေါင် မတိုင်ခင် ကြာညိုအိုင်ကို အရောက်သွားနေသည့်အဖြစ်က သူမတို့အတွက် စိတ်ကသိကအောက် ဖြစ်စေတာ အမှန်ပင်။

“ဒီလမ်းခရီးမှာ သူခိုး၊ ဓားပြမရှိပါဘူးဟာ။ ပြီးတော့ ရွာတွေလဲ မပြတ်ပါဘူးဟ။ ကြာညိုအိုင်ကိုရောက်ဖို့လဲ သိပ်မလိုတော့ပါဘူး။ ဒီလမ်းမှာ ဘာမှကြောက်စရာ မရှိပါဘူးဟာ။ ငါတို့ဆိုရင် ကားနဲ့တောင် မဟုတ်ဘူး၊ နွားလှည်းနဲ့သွားတာပါဟ”

ခင်က မျက်နှာငယ်လေးနှင့် တောင်းတောင်းပန်ပန်





ပြောနေဆဲ သက်ဦးတို့ထံမှ အသံထွက်လာသည်။

“ကားကလဲ ဘာမှမဖြစ်ဘူး။ ဆီလဲရှိတယ်။ ဘာကြောင့်ရပ်သွားတာလဲ မသိဘူး”

ထိုစကားကြောင့် မေတို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသည်။ ပယောဂလား၊ အနှောင့်အယှက်လားဆိုသည့် အတွေးကို တွေးမိပြီး မေကြာညိုက ကိုယ့်အတွေးကို ကိုယ်ဝေဖန်မိပြန်သည်။

ခေတ်ပညာတတ် တစ်ယောက်အဖြစ် ဘာကိုမှ အယူမသည်းတတ်ခဲ့သည့် သူမက အခုမှ ဘာကြောင့် မဟုတ်တာတွေ လျှောက်တွေးနေရတာလဲ။

ဘာတွေကို ကြောက်လန့်နေရတာလဲ။ တစ်ယောက်တည်း ညမှောင်မှောင်မှာ နေရတာလည်း မဟုတ်၊ အပေါင်းအဖော်တွေနှင့်အတူ နေရတာ ဖြစ်သည်။

ပြီးတော့...

လာခဲ့တာကလည်း အားလပ်ရက် အပျော်ခရီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ပျော်ရွှင်ပေါ့ပါးစွာပဲ ဖြတ်ကျော်ရလိမ့်မည်။

မေကြာညိုက ကြောက်စိတ်နှင့် စိတ်ဖိစီးမှုများ လျော့ပါးသွားအောင် ကိုယ့်ကိုယ်ကို ဖြေသိမ့်မိသည်။

သို့သော်...

သူမ ခံစားနေရသည့် စိတ်တင်းကျပ်မှုများကတော့ လျော့ပါးမသွားခဲ့ပါ။ ဒါပေမဲ့ သူမက ကိုယ့်ကိုယ်ကိုယ် လှည့်စားလိုက်မိသည်။ ဘာမှမဖြစ်သလိုမျိုးပဲ နေပစ်လိုက်သည်။

"သက်ဦး ကား စက်နှိုးကြည့်စမ်းကွာ"

သက်ဦးက ကားစက်နှိုးသည် မရ။ ဇော်ထွဋ်က တစ်လှည့်နှိုးပြန်သည်။ မရပြန်။

ထိုအချိန်မှာပင် မေကြာညိုက ကူးဆန်းစွာ ဝင်ပြောလိုက်မိသည်။

"ကဲ... နင်တို့နှစ်ယောက်စလုံးဖယ် ငါ စက်နှိုးကြည့်မယ်"

ထိုစကားကို လွှတ်ခနဲ ပြောလိုက်မိပြီးမှ မေကြာညိုက





အံ့အားသင့်မိသည်။

စိတ်ကူးလည်းမရှိ စဉ်းစားလည်း မထားဘဲ ဒီစကားကို ဘယ်လိုကြောင့် သူမ ပြောလိုက်မိတာလဲ။

အံ့ဩစရာတော့ကောင်းသည်။

ဇော်ထွဋ်တို့ကတော့ အံ့ဩပုံမရပါ။

ရန်ကုန်မှာလည်း မေက ကိုယ့်ကားကိုယ်တိုင်မောင်းပြီး ကျောင်းတက်လာခဲ့သူမို့ မေ ကားမောင်းမည့်ကိစ္စသည် ဘယ်လိုမှ မဆန်းကြယ်လို့ပဲ ဖြစ်သည်။

ထို့ကြောင့် ဇော်ထွဋ်က အသာတကြည်ပဲ ကားပေါ်က ဆင်းပေးလေသည်။

ပို၍ ထူးဆန်းတာကတော့ စောစောက ဘယ်လိုမှ စက်နှိုးလို့မရသည့် ကားလေးသည် မေ့လက်ထဲမှာတော့ တစ်ချက်တည်းနှင့်ပင် အထစ်အငေါ့မရှိဘဲ စက်နှိုးလို့ ရသွားလေသည်။

"ဟာ... မေက တော်လိုက်တာ"

ဟု ဝိုင်းဝန်းချီးကျူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… စက်နှိုးလို့ရပြီ နင်လာမောင်းတော့" ဟု ပြော ပြီး ကားပေါ်မှ သူမဆင်းလိုက်တာနှင့် နှိုးထားသည့် ကား စက်က ပြန်သေသွားသည်။

ပထမတစ်ကြိမ်တော့ တိုက်ဆိုင်မှုဟု သဘောထား လိုက်မိသည်။

သူမကားစက်ပြန်နှိုး ဇော်ထွဋ်နှင့် လူချင်းလဲ လဲလိုက် တာနှင့် ကားစက်က တီခနဲ ပြန်ရပ်သွားသည်ဖြင့် သုံးကြိမ် တိတိ ဖြစ်လာသည့်အခါမှာတော့ သူမကပဲ ကားမောင်းသည့် တာဝန်ကို ယူလိုက်ရလေတော့သည်။

ဒီလိုနှင့်ပင် သူမ ကားမောင်း၊ ခင်က လမ်းပြဖြစ်သွား ရလေတော့သည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ဒီဟောက်ကြမ်းသည့် လမ်းတွင် သူမကားမောင်းခဲ့ဖူးခြင်း မရှိပါ။

လရောင်လမ်းတစ်ဝက်မှောင်တစ်ဝက် ညကြီးအချိန် မတော်မှာလည်း ကားမောင်းခဲ့ဖူးခြင်း မရှိခဲ့။ ဒါပေမဲ့ အခု တော့ ဇော်ထွဋ်နှင့် သက်ဦးက…





"ဖြစ်ရဲ့လားလေ"

"နင်မောင်းလို့ ဖြစ်ရဲ့လား"

ဟု မေးနေသည့်ကြားထဲကပင်…

"ဖြစ်တယ်"

ဟု ဖြေပြီး သူမက မောင်းဖြစ်သွားလေ တော့သည်။

အဲဒါကပင် မမြင်ရသော စွမ်းအားတစ်ခု၏ တိုက်တွန်း နှိုးဆော်မှုကြောင့် ဖြစ်ကြောင်း၊ ထိုအချိန်က သူမ ကိုယ်တိုင် မရိပ်မိခဲ့တာ။ သေချာပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟုတ်ပြီ ဟုတ်ပြီ ရှေ့က မြေနီလမ်းထဲကို ကွေ့ဝင်လိုက် မေ၊ ဒီလမ်းက ရှေ့နားမှာ ဆုံးသွားပြီဟ၊ ဒီမြေနီလမ်းအတိုင်း သုံးမိုင်နီးပါးသွားလိုက်ရင် ရွာကိုရောက်ပြီ"

ခင်က တတွတ်တွတ်ပြောရင်း သူမကို လမ်းညွှန်ပေးလေသည်။ ကားမောင်းနေရပေမယ့် မေကြာညိုက ရင်တထိတ်ထိတ် ဘာမှန်းမသိသည့် အရာတစ်ခုသည် သူမကို စိုးမိုးဖိနှိပ်နေသည်ဟုလည်း ခံစားနေမိသည်။

ခင် ညွှန်ပြသည့် မြေနီလမ်းကို ချိုးကွေ့ဝင်လိုက်တာနှင့် သူမ၏ ခံစားချက်များက ပိုမိုဆိုးဝါးပြင်းထန်လာကြတော့





သည်။ ခင်ကတော့ တတွတ်တွတ်နှင့် စကားတွေပြောနေလေသည်။

"အရင်ကဆို အခုကားမောင်းလာတဲ့ လမ်းက လှည်းလမ်း မေရဲ့။ မိုးတွင်းဆို ရွှံ့ဗွက်တွေက နွားတောင်မနည်းရုန်းရတယ်။ နွေနဲ့ဆောင်းဆိုပြန်တော့လဲ ဖုန်တွေက ဖြတ်လျှောက်ရင် ဒူးဆစ်တောင် နစ်လောက်တယ်ဟ။ သရက်ပင်စုရွာကို ကျော်ပြီး လိုင်းကားတွေလဲ မရှိဘူးဆိုတော့ လမ်းလဲမပြင်ဘူးပေါ့ဟာ။ နောက်ပိုင်းမှ အဲဒီလှည်းလမ်းကို ဂဝံကျောက်တွေခင်းပစ်လိုက်လို့ အခုလို မြေနီဖြစ်သွားတာ"

လမ်းနံဘေး ဝဲယာတွင် လယ်ကွင်းများ၊ ကိုင်းတောများကို တွေ့ရလေသည်။ ကားထဲရှိ နာရီလေးကို ကြည့်လိုက်တော့ ညဆယ့်တစ်နာရီထိုးပြီး မိနစ်ပိုင်းလောက် စွန်းနေချေပြီ။

"မရောက်သေးဘူးလားဟာ"

ဟု ခင်ကို မေးရင်း လမ်းကွေးလေး တစ်ခုသို့ ချိုးလိုက်တာနှင့် သူမ မျက်စိရှေ့တွင် ရေအိုင်ကြီးတစ်အိုင် ဘွား



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ပေါ်လာလေသည်။

လမ်းသည် ရေအိုင်ကြီးရှိရာသို့ နိမ့်ဆင်းသွားသည့်အတွက် မေက ကားကို သတိထားမောင်းနှင်နေရ၏။

ခင်ကတော့ အားရဝမ်းသာပင် စကားတွေကို မနားတမ်း ပြောဆိုနေတော့သည်။

"တွေ့လား မေ၊ အဲဒါ ကြာညိုအိုင်ကြီးပဲ ငါပြောတဲ့ဘုရားက ရွာနဲ့ ကြာညိုအိုင်ကြီးရဲ့ ကြားမှာရှိတယ်။ အတော်ပဲ ငါတို့ရောက်တာ နောက်မကျဘူး။ ဟော-ကြည့် ဒီနေရာကစပြီး ရှေးဟောင်းဘုရားတွေ အများကြီးပဲ သစ်ပင်ကြီးတွေလဲ ရှိတယ်"

ခင် ပြောသည့်အတိုင်းပင် သစ်ပင်ကြီးများနှင့် ဘုရားအိုး ဘုရားပျက်များကို လရောင်အောက်၌ အထင်အရှားမြင်ရလေသည်။

လသည် ဦးခေါင်းတည့်တည့်သို့ ရောက်လုနီးနေပြီမို့ စေတီပုထိုးပျက်များ၏ အရိပ်က အနည်းငယ်ပဲ အပြင်ထွက်တော့သည်။





သစ်ပင်များ ချုံနွယ်များ စေတီပျက်များ နံဘေးမှ ကားမောင်းလာရင်း ကြာညိုအိုင်ကြီးနှင့် အတော်နီးလာသည့်အချိန်မှာပင် မထင်မှတ်သည့် မြင်ကွင်းက မောင်းနှင်နေသည့်သူမတို့ကားလေး၏ ရှေ့တည့်တည့်တွင် ရုတ်တရက် ပေါ်လာလေတော့သည်။

အဲဒါကတော့ လမ်းတွင် သူမတွေ့ခဲ့ရသည့် သူမတို့ကားနောက်သို့ လိုက်လာခဲ့သော မိန်းမကြီးသည်ကား ရှေ့တည့်တည့် မျက်နှာချင်းဆိုင်တွင် ဘွားခနဲ ပေါ်လာခြင်းပင်ဖြစ်သည်။

ရုတ်တရက်မို့...

ထိတ်လန့်တုန်လှုပ်သွားသည့် မေကြာညိုက ယောင်ဝါးအောင် အော်ဟစ်မိသွားပြီး ကားဘရိတ်ကို အားကုန်ဆောင့်နင်းပစ်လိုက်မိသည်။

သို့သော်...

ဘယ်လိုမှ မရှောင်လွှဲနိုင်ဘဲ ထိုမိန်းမကြီးကို ကားနှင့်ပြင်းထန်စွာ ဝင်တိုက်မိသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

"ဒုန်း..."

"ဝုန်း..."

အပြင်းအထန် ဝင်တိုက်မိပြီးတာနှင့် သူမ၏ ခန္ဓာကိုယ်သည် ထိုင်ခုံကနေ မြောက်တက်သွားသည်။

နောက် ကားရှေ့မှန်ကို သူမ၏ ဦးခေါင်းနှင့် ပြင်းထန်စွာ ဝင်တိုက်မိပြီး မှန်များက တစ်စစီ ကွဲထွက်သွားသည်။

သူမ၏ ခန္ဓာကိုယ်သည် မှန်ကွဲစများကို ဖြတ်ကျော်၍ ကားအပြင်သို့ ထွက်သွားပြီး ပြင်းထန်လွန်းသည့် အရှိန်ကြောင့်လား၊ ဒါမှမဟုတ် တစ်စုံတစ်ရာ၏ ပယောဂကြောင့်လား မသိ။ အဝေးကြီးသို့ လွင့်ထွက်သွားကာ ချုံနွယ်များကို ကျော်ဖြတ်၍ ကြာညိုအိုင်ကြီးကို လှမ်းမြင်နေရသည့် နေရာရှိ မြက်ခင်းထူထူပေါ်သို့ ဖွဲအိတ်တစ်အိတ်ကို ပစ်ချလိုက်သလိုမျိုး ပြုတ်ကျသွားရလေတော့သည်။

* * *



## အခန်း (၁၂)

"အား..."

ကြောက်လန့်တကြား အော်ဟစ်ပစ်လိုက်သော်လည်း အကာယ်တမ်းကျတော့ မေကြာညိုသည် နာကျင်ခြင်းတစ်စုံတစ်ရာကို မခံစားရပါ။

ဒီလောက် အရှိန်ပြင်းပြင်းနှင့် အဝေးကြီးကို လွင့်ထွက်ကျတာတောင် နာကျင်ခြင်း ဝေဒနာကို မခံစားရသည့်အတွက် တအံ့တဩ ဖြစ်သွားရသည့် မေကြာညိုက လူးလဲထိုင်ဖို့ ဟန်ပြင်လိုက်သည့်အချိန်မှာပင် သူမနားသို့ သာယာချိုအေးသော စကားပြောသံတစ်သံ တိုးဝင်လာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစကားသံသည် မိန်းမကြီးတစ်ယောက်၏ အသံဖြစ်လေသည်။

"အို... မထနဲ့ဦး သမီးလေး၊ အရှမ်း မထလိုက်နဲ့ကွယ်"

အသံလာရာကို ကြည့်လိုက်တော့ မေကြာညိုက ထိတ်လန့်ပြီး ထခုန်ချင်သွားလေသည်။

ဘာကြောင့်လဲဆိုတော့ သူမနံဘေးတွင် ထိုင်ပြီး ညင်သာပြုံးရွှင်စွာဖြင့် စကားပြောနေသည့် ချောမောခန့်ညားသော အမျိုးသမီးကြီး တစ်ယောက်ကို တွေ့လိုက်ရလို့ပဲ ဖြစ်လေသည်။

ထိုအမျိုးသမီးကြီးသည် နီညိုရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး ပခုံးပေါ်၌လည်း နီညိုရောင် ယောဂီတစ်ဘက်တစ်ထည်ကို အသာပတ်တင်ထားသည်။

လရောင်အောက်မှာပင် အမျိုးသမီးကြီး၏ ဝါဝင်းလှပသော အသားအရေကို သူမက သတိပြုမိပြီး ထိုအမျိုးသမီးကြီးထံမှ မွှေးပျံ့သည့်ရနံ့တစ်ခုကိုလည်း ခံစားရလေသည်။

ဘယ်က အမျိုးသမီးကြီးလဲ။





ဘယ်သူလဲ ဒီအနားမှာ ဘာလာလုပ်နေတာလဲ စသည့် အတွေးများကို သူမက ယောင်ဝါးဝါးဖြင့် တွေးတောနေခဲ့မှာပင် အမျိုးသမီးကြီးက သူမကို လက်တစ်ဖက် ကမ်းပေးလေသည်။

အမျိုးသမီးကြီး၏ နူးညံ့သည့်လက်ကို ဆွဲ၍ သူမက အားယူထလိုက်ချိန်မှာပင် သူမတို့အနားသို့ ယောက်ျားကြီးငါးယောက်သည် ဝေါလိုလို ကုလားထိုင်လိုလို အရာတစ်ခုကို သယ်မ၍ ရောက်လာကြလေသည်။

လေးယောက်ထဲမှ ယောက်ျားကြီး တစ်ယောက်သည် သူမရှေ့တွင် ရိုကျိုးစွာရပ်၍ ပြောသည်။

"ထိုင်ခုံပေါ်ကို ကြွပါခင်ဗျာ"

"ဟင်... ဘယ်သွားမလို့လဲ"

"သခင်လေး မင်္ဂလာမဏ္ဍပ်မှာ စောင့်နေပါတယ်ခင်ဗျာ"

ထူးဆန်းသည့် စကားကြောင့် မေကြာညိုက ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုယောက်ျားကြီး ပြောနေသည့် စကားကို သူမ လုံးဝ မသိ၊ လုံးဝ နားမလည်။ သို့သော် ထူးဆန်းစွာပင် သူမက မလိုက်ဘူးဟုလည်း မငြင်းဆန်နိုင်ပြန်။

မမြင်ရသည့် အင်အားတစ်ခုသည် သူမအပေါ်သို့ စိုးမိုးလွှမ်းခြုံနေသည်ဟု ခံစားရပြီး သူမသည် သူမရှေ့ရှိ လူများအား ဆန့်ကျင်လိုစိတ်များ ပျောက်ဆုံးနေရလေတော့သည်။

"သခင်မလေး ကြွပါ ခင်ဗျာ"

"အို… ကျွန်မ လမ်းလျှောက်နိုင်ပါတယ်။ လမ်းပဲ လျှောက်ပါရစေရှင်"

ခေါင်းဆောင်ဖြစ်ပုံရသည့် ယောက်ျားကြီးသည် ဘာလုပ်ရမည်မှန်း မသိဟန်ဖြင့် ခေတ္တခဏ ငြိမ်သက်သွားလေသည်။

ဒီတော့မှ မကြာညိုက ထိုယောက်ျားကြီးကို အသေအချာ ကြည့်မိလေသည်။ ထိုလူကြီးသည် ညိုမောင်းသော အသားနှင့် အရပ်အမောင်းကောင်းကောင်း ကြံ့ကြံ့ခိုင်ခိုင်ပုံစံဖြစ်ပြီး ထူးခြားတာကတော့ ထိုလူကြီးသည် နက်မှောင်





သန့်စွမ်းသော ဆံပင်ရှည်ကြီးများကို သျှောင်တစ်စောင်းထုံးထားခြင်းပဲ ဖြစ်လေသည်။

သူမက လမ်းလျှောက်မည်ဟု ပြောတာကို ဘယ်လိုဆုံးဖြတ်ရမည်မှန်း မသိဘဲ ဖြစ်နေစဉ် ငြိမ်နေကြသည့်အထိန်းတော်ကြီးပဲ ယောက်ျားကြီးများကို ဝင်၍ အဆုံးအဖြတ်ပေးလေသည်။

"ကဲပါကွယ် သမီးလေးက လမ်းလျှောက်ချင်တယ်ဆိုရင် လမ်းပဲလျှောက်ပါစေ။ အထိန်းတော်ကြီးပဲ ခေါ်လာခဲ့ပါ့မယ်။ ရှင်တို့ သက်သောင့်သက်သာပဲ သွားကြပါ"

ခေါင်းဆောင် ယောက်ျားကြီးက အရိုအသေပြုပြီး နောက်ဆုတ်သွားလေသည်။

"လာ သမီးလေး"

"အန်တီက ဘယ်သူလဲဟင်။ ကျွန်မကို ဘယ်ခေါ်သွားကြမှာလဲ။ သခင်လေးဆိုတာကရော ဘယ်သူလဲ။ အရမ်းဝေးတဲ့ နေရာဆိုရင် ကျွန်မ လိုက်ခဲ့လို့ မဖြစ်ဘူး။ ကျွန်မသူငယ်ချင်းတွေ ကျွန်မကို လိုက်ရှာပြီး မတွေ့ရင် စိတ်ပူကြလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ် အန်တီ"

"ဩော်... သမီးလေးက ဘာကိုမှ မမှတ်မိတော့ဘဲကိုး။ ကိစ္စမရှိပါဘူး သမီးရယ် သမီးကို အဝေးကြီး ခေါ်သွားမှာ မဟုတ်ပါဘူး။ သမီးသူငယ်ချင်းတွေလဲ သမီးကို ရှာတွေ့မှာပါ မပူပါနဲ့"

ပြောရင်းမှပင် သူမနှင့် အမျိုးသမီးကြီးက စတင်လမ်းလျှောက်ဖြစ်သည်။

အံ့သြစရာကောင်းတာက အမျိုးသမီးကြီး သူမကို ဦးဆောင်ခေါ်နေသည့် နေရာသည် လမ်းမရှိဘဲ လရောင်အောက်တွင် ရေများက တလက်လက်ဖြစ်နေသည့် ကြာညိုအိုင်ကြီးဆီသို့ ဖြစ်နေခြင်းပဲ ဖြစ်၏။

"အန်တီက ဘယ်ကပြန်လာတာလဲ"

"လွမ်းစေတီမှာ ပန်းသွားကပ်တာလေ သမီးရယ်"

"ဟင်... တစ်ယောက်တည်း သွားတာလား"

"အရင်တုန်းကတော့ သခင်မလေး ပါတာပေါ့။ အခုသခင်မလေးက ခရီးသွားနေတဲ့အတွက် တစ်ယောက်တည်းပါပဲ"





"ဩော်..."

တိတ်ဆိတ်စွာ လမ်းဆက်လျှောက်ရင်း သူမက သခင်မလေးဆိုတာ ဘယ်သူလဲ။ ဘယ်ကိုများ ခရီးသွားနေသလဲဟု တွေးတောနေမိသည်။

ဓောဓောက ယောကျ်ားကြီးကလည်း သူမကို သခင်မလေးဟု ခေါ်သွားသေးသည်။

ဘာကြောင့် အဲဒီလို ခေါ်ရတာလဲ။ စဉ်းစားရင်း နောက်လှည့်ကြည့်လိုက်တော့ ဝေါလိုလိုအရာကိုရော ယောကျ်ားကြီး ငါးယောက်ကိုပါ မတွေ့ရတော့ပါ။

ထိုကြောင့်

သူမက အလန့်တကြား ဖြစ်သွားပြီး အမျိုးသမီးကြီးကို မေးလိုက်မိသည်။

"ဟင်... ဟို ဦးလေးကြီးတွေ ဘယ်ရောက်ကုန်ပြီလဲ အန်တီ"

"သူတို့သွားနှင့်ကြပြီ သခင်မလေး"

"အို... ကျွန်မနာမည် မေကြာညိုပါ အန်တီ။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို သခင်မလေးလို့ မခေါ်ပါနဲ့ ကျွန်မက သခင်မလေးလို့ ခေါ်ရအောင် ဘာမှမဟုတ်ပါဘူးရှင်”

အမျိုးသမီးကြီးက နူးညံ့စွာ ပြုံးနေသည်။

ပြီးတော့မှ ရယ်သံစွက်နေသော အသံနှင့် သူမကို ပြောသည်။

“ကောင်းပါပြီကွယ်။ သမီးလေးက မခေါ်စေချင်တော့လဲ မခေါ်ရုံပဲပေါ့ လာ... လာ”

အမျိုးသမီးကြီးသည် သူမ၏ လက်ကို နွေးထွေးစွာ ဆုပ်ကိုင်ပြီး...

“လာ... လာ”

ဟု ခေါ်သော်လည်း လမ်းဆက်လျှောက်စရာ မြေမရှိတော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူမရှေ့တွင် ကြာညိုအိုင်ကြီးက ပိတ်ဆို့နေလို့ ဖြစ်လေသည်။

လရောင်သည် အစွမ်းကုန် ထိန်လင်းနေပြီး ကြာညိုအိုင်ကြီး၏ ရေမျက်နှာပြင်သည် ငွေမျှင်များ ဖျန်းပက်ထားသလို လက်လက်ထနေ၏။





ကြာညိုအိုင်ကြီးထဲမှ လှပသော ကြာညိုပန်းပွင့်များသည် လရောင်အောက်၌ ကခုန်နေကြသယောင် ထင်ရလေသည်။ ကြာညိုအိုင်ကြီးပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသည့် လေထဲ၌ ကြာညိုပန်းရနံ့များ သင်းထုံနေလေသည်။

“ဟင်... လမ်းမှမရှိတော့ဘဲ ကျွန်မတို့က ဘယ်ကို ဘယ်လို ဆက်သွားမှာလဲ အန်တီ”

အမျိုးသမီးကြီးက ပြုံးပြီးပြောသည်။

“ခြေလှမ်းတွေကို ရဲရဲဝံ့ဝံ့လှမ်းပေါ့ကွယ်”

“အို... ရေထဲကို ကျသွားမှာပေါ့။ ဒီလောက်ချမ်းနေတဲ့ အချိန်မှာ ရေစိုရင် ခိုက်ခိုက်တုန်သွားမှာပေါ့။ ပြီးတော့ ကျွန်မလဲ ရေမကူးတတ်ဘူး အန်တီ”

အမျိုးသမီးကြီးက ပြုံးမြဲပြုံးနေပြီ။ သူမကို ခြေလှမ်းတွေ ဆက်လှမ်းဖို့ပဲ တိုက်တွန်းလေသည်။

“သမီးလေး ဘာမှမဖြစ်စေရပါဘူးကွယ်။ ရဲရဲသာလှမ်းပါ မျက်စိမှိတ်ထား”

အမျိုးသမီးကြီး၏ တိုက်တွန်းမှုကြောင့် မကြာညို



www.burmeseclassic.com

www.burmeseclassic.com



က မျက်စိကိုစုံမှိတ်ပြီး အမျိုးသမီးကြီး၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ ခြေလှမ်းတွေကို စတင်လှမ်းမိသည်။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း...

သူမက ခြေလှမ်းတွေကို လှမ်းနေမိသော်လည်း မျက်စိကိုတော့ လုံးဝ ဖွင့်မကြည့်ရဲ။

သူမ၏ ခြေထောက်နှင့် ရေအေးအေးများ ထိတွေ့တော့မည်။ သူမခန္ဓာကိုယ်ကို ရေတွေစိုကုန်တော့မည်ဟု ထင်ထားသော်လည်း ထူးဆန်းစွာပင် ခြေလှမ်းတော်တော်များ လှမ်းပြီးနေသည်အထိ သူမ ခြေထောက်ကိုရော ခန္ဓာကိုယ်ကိုပါ ရေမထိသေးပါ။ ပို၍ ထူးဆန်းတာကတော့ သူမ ခြေထောက်များသည် ရေပြင်ကို နင်းချနေသလိုမျိုး မဟုတ်ဘဲ မြေပြင်ကို နင်းနေရသည့်အတိုင်း ခံစားရတာပဲ ဖြစ်သည်။

"သမီးလေး မျက်စိဖွင့်ကြည့်ပါတော့"

မျက်စိဖွင့်ကြည့်ခိုင်းသော်လည်း သူမက ချက်ချင်း မဖွင့်ရဲ။ သူမ ခန္ဓာကိုယ်တစ်ခုလုံး နွေးထွေးသွားသည်ဟု ခံစားလိုက်ရသည့်အခါကျမှ မေကြာညိုက မျက်လုံးကို ဖွင့်





မရဲ ဖွင့်ကြည့်လိုက်မိသည်။

သူရောက်နေသည့် နေရာသည် ထူးဆန်းစွာ ပြောင်းလဲသွားပြီ ဖြစ်လေသည်။

သူမသည် ကြာညိုအိုင်ကြီးနံဘေးတွင် မဟုတ်တော့ပါ။ သူမ၏ ဘေးပတ်ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များလည်း ရှိမနေတော့ပါ။

သူမ မျက်စိရှေ့တွင် မြင်ရတာက ကြာညိုအိုင်ကြီး မဟုတ်တော့ဘဲ လှပသော အဆောက်အအုံများ ဖြစ်နေလေသည်။

"ကျွန်မ... ကျွန်မ ဘယ်နေရာကို ရောက်နေတာလဲ"

သူမအသံသည် စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေသည်။

"ဒီနေရာဟာ ဘဝဟောင်းက သမီးလေး နေထိုင်ခဲ့တဲ့ နေရာပေါ့ကွယ်"

အမျိုးသမီးကြီးက အေးဆေးစွာ ပြောသည်။

"ဘဝဟောင်းက ဟုတ်လား။ ကျွန်မ ကျွန်မ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး အန်တီ။ ဘာကိုမှလဲ မမှတ်မိဘူး၊ ယုံလဲမယုံဘူး"

"အင်း... သမီးလေး မမှတ်မိတာ မဆန်းပါဘူးကွယ်။ ဘဝဟောင်းကနေ စသွားကတည်းက အမှတ်သညာတွေကို မယူဘဲသွားခဲ့တာကို ဒီတော့ ဘာမှမသိတော့ဘူးပေါ့"

အံ့ဩလွန်းလို့ မေကြာညိုက တဆတ်ဆတ်တုန်ယင်လာသည်။ အမျိုးသမီးကြီး ပြောနေသော စကားများသည် အမှန်စကားတွေလား ဒါမှမဟုတ် သူမကို လိမ်ညာပြောဆိုနေတာလား။

အမျိုးသမီးကြီး၏ ဟန်ပန်အမူအရာသည် လိမ်ညာပြောဆိုတတ်သူမျိုး မဟုတ်လောက်ဟု မေကြာညိုက အကဲခတ်မိပြန်သည်။

ဒါပေမဲ့ အမျိုးသမီးကြီး ပြောနေသည့် စကားများကို သူမက နားမလည်နိုင်။

ဒီနေရာသည် ဘယ်လိုနေရာမျိုးလဲ။ သူမ၏ ပတ်ဝန်းကျင်သည် မှောင်မည်းမနေသလို လင်းထိန်၍လည်း မနေပါ။ အေးမြသည့် အလင်းရောင်တစ်ခုသော လွှမ်းခြုံထားပြီး





ဝန်းကျင်ရှိ အရာဝတ္ထုများကိုလည်း ပြတ်သားစွာ မြင်နေရလေသည်။

ထိုအလင်းရောင်သည် နေ၏ အလင်းရောင်လည်း မဟုတ်၊ လ၏အလင်းရောင်မျိုးလည်း မဟုတ်။ လျှပ်စစ်မီးထွန်းထားသလိုမျိုးလည်း မဟုတ်ဘဲ သူမအနေဖြင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော အလင်းရောင်မျိုးပဲ ဖြစ်လေသည်။

သူမတို့၏ရှေ့တွင် ခမ်းနားသော အဆောက်အအုံများကို တွေ့မြင်နေရသော်လည်း လူသူလေးပါးကိုတော့ မတွေ့ရပါ။ ဘယ်လိုနေရာမျိုးလဲ။ ဒီနေရာမှာ ဘယ်သူတွေ နေကြလဲဆိုသော အတွေးဖြင့် လမ်းဆက်မလျှောက်နိုင်ဘဲ သူမက ဆက်အောက်ဝန်းကျင်ကို လိုက်လံကြည့်ရှုမိတော့မှပဲ ပိုမို၍ အထိတ်တလန့် ဖြစ်သွားရလေတော့သည်။

ဘာဖြစ်လို့လဲဆိုတော့ သူမတို့ ရပ်နေသည့် ဦးခေါင်းပေါ်တွင် ရေတွေကို တွေ့လိုက်ရလို့ပဲ ဖြစ်လေသည်။

"ဘုရား... ဘုရား ကျွန်မတို့ ရောက်နေတာ ရေ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာလား။ ဒါပေမဲ့ ကျွန်မတို့ကိုယ်ပေါ်ကို ရေလဲမစိုဘူး အန်တီ။ ထူးဆန်းလိုက်တာ။ ဒါ... ဒါ ဘယ်လိုနေရာမျိုးလဲ။ ဒီနေရာမှာ ဘယ်သူတွေ နေကြသလဲ။ ကျွန်မ ပြန်ရင် ဘယ်နေရာက ပြန်ရမှာလဲ။ ဘယ်တော့ ပြန်ရမှာလဲ"

မကြာညို၏ အသက်ရှူသံများက မြန်ဆန်နေသလို မေးခွန်းများကိုလည်း မြန်ဆန်စွာ မေးမိသည်။

"သမီးလေးရဲ့ မေးခွန်းတွေက များလိုက်တာ။ ဒါတွေဟာ တကယ်တော့ သမီးလေး ရင်နှီးပြီးသားတွေပါကွယ်။ မမှတ်မိဘူးဆိုတော့လဲ နောက်တော့ တဖြည်းဖြည်း သိလာမှာပေါ့။ အခုတော့ လောလောဆယ် သခင်လေးဆီ သွားရအောင်ပါ။ အားလုံးက သမီးကို စောင့်နေရကြလိမ့်မယ်"

သခင်လေးဆိုသည့် စကားကို ဒုတိယအကြိမ် ကြားလိုက်ရတာမို့ သူမက မေးမိပြန်သည်။

"သခင်လေးဆိုတာ ဘယ်သူလဲ အန်တီ။ ကျွန်မကို စောင့်နေကြတယ်ဆိုတာရော ဘယ်သူတွေလဲ။ ဘာလုပ်ကြမလို့ စောင့်နေတာလဲ"





"သခင်လေးဆိုတာ သမီးရဲ့ ချစ်သူပေါ့။ အခု သမီးကို သူ စောင့်နေတယ်လေ။ သမီးနဲ့သူက လက်ထပ်ကြရမှာ"

အမျိုးသမီးကြီးက စကားကို ခပ်အေးအေးပြောလိုက်ခြင်း ဖြစ်သော်လည်း သူမက ထိတ်ထိတ်ပျာပျာ ငြင်းဆန်လိုက်မိသည်။

"အို... ကျွန်မဆီမှာ ဘယ်က ချစ်သူရှိရမှာလဲ။ ချစ်သူလဲမရှိဘူး၊ လက်ထပ်ရမယ့်သူလဲ မရှိဘူး။ အန်တီ လူမှားနေပြီထင်တယ်။ စောစောက အန်တီပြောတဲ့ သခင်လေးဆိုတာလဲ ကျွန်မ မသိဘူး"

သူမပြောနေသည့် စကားများကို အမျိုးသမီးကြီးက ခပ်ပြုံးပြုံးပဲ နားထောင်နေလေသည်။

"အန်တီက ဘယ်သူလဲ"

"သမီးရဲ့ အထိန်းတော်ကြီးပေါ့။ သမီးလေးနဲ့ မခွဲမခွာ အတူတူနေခဲ့တဲ့ အထိန်းတော်ကြီးပေါ့ သမီးလေးရယ်။ သမီးလေးက အတိတ်ဘဝကို အမှတ်သညာမယူဘဲ ထွက်သွားခဲ့လို့သာ မမှတ်မိတာပါ။ အထိန်းတော်ကြီးကတော့ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့အတွက် နေလို့ထိုင်လို့တောင် မရခဲ့ပါဘူးကွယ်။ တစ်ခါက သမီးလေးကို လွမ်းဆွတ်လွန်းလို့ လိုက်လာပြီးကြည့်ခဲ့ပါသေးတယ်။ ရွှေတိဂုံဘုရားကြီးရဲ့ ရင်ပြင်တော်ပေါ်မှာပေါ့ သမီးလေးနဲ့တောင် စကားတွေ ပြောခဲ့ပါသေးတယ်ကွယ်"

"ရှင်..."

အံ့အားသင့်လွန်းလို့ မေကြာညိုက ဘာမှပြန်မပြောနိုင်ဘဲ ဆွံ့အသွားရလေသည်။

သူမကို ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်မှာ ဗေဒင်လိုလို အကြားအမြင်လိုလို ဟောပြောသွားခဲ့သည့် မိန်းမကြီးသည် အခု သူမရှေ့တွင် ရှိနေသည့် အမျိုးသမီးများလားဟု စဉ်းစားနေဆဲ သာယာသည့် တူရိယာတီးမှုတ်သံများကို ရုတ်တရက် ကြားလိုက်ရပြီး သူမတို့ရှေ့သို့ လူတစ်စုရောက်လာတာကို တွေ့လိုက်ရလေတော့သည်။

* * *



## အခန်း (၁၃)

အတီးအမှုတ် အကအခုန်များနှင့် လာနေသည့် လူစုကို မေကြာညိုနှင့် အမျိုးသမီးကြီးက လမ်းဖယ်ပေးလိုက်ရလေသည်။

ကိုလူများအကြောင်းကို သိလိုသည့်ဆန္ဒ ပြင်းပြလာသည့်အတွက် မေကြာညိုက မမျိုသိပ်နိုင်ဘဲ မေးလိုက်မိသည်။

"သူ... သူတို့က ဘယ်သူတွေလဲ အန်တီ။ အတီးအမှုတ်တွေနဲ့ ဘာတွေလုပ်နေကြတာလဲ"

"သူတို့လား သူတို့က ဒီနယ်က နေထိုင်ကြတဲ့သူတွေပေါ့။ အခု အလှူပွဲတစ်ခုကို သွားကြမလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောပြီး လှည့်ကြည့်တာနှင့် သူတို့ လူစုကို မတွေ့ရတော့ပါ။ လှုပ်တစ်ပြက်အတွင်းမှာပင် ပျောက်ကွယ်သွားကြလေသည်။

သူမက အခုထက်ပိုမို၍ ဒီနေရာအကြောင်း၊ ဒီနေရာတွင် နေထိုင်ကြသူများအကြောင်းကို သိလိုလှသော်လည်း အမျိုးသမီးကြီးကတော့ ထိုထက်ပို၍ ပြောပြချင်ပုံမရဘဲ သူမ လက်ကိုဆွဲကိုင်၍ လမ်းဆက်လျှောက်စေလေသည်။

သူမတို့သည် လှပသော အဆောက်အအုံကြီးတစ်ခုဆီသို့ ဦးတည်သွားနေကြတာ ဖြစ်သည်။

အဆောက်အအုံကြီးအနားသို့ ရောက်တာနှင့် မွှေးပျံ့သော ပန်းရနံ့များကို ရှူရှိုက်မိပြီး သူမ၏ စိတ်အစဉ်သည် ကြည်နူးသွားရလေသည်။

ထို့ကြောင့်...

ခြေလှမ်းကလည်း ပိုသွက်သွားပြီး ဆန္ဒစောစွာ ရှေ့ဆက်တိုးမိလေတော့သည်။

ညီညာလှပသော လမ်းကလေးအတိုင်း လျှောက်သွားပြီး





လမ်းအဆုံးကို ရောက်တာနှင့် ပန်းပေါင်းစုံ ပွင့်ဖူးနေသော ဥယျာဉ်ကြီးတစ်ခုကို ဘွားခနဲ တွေ့မြင်လိုက်ရလေသည်။

အရောင်အသွေး စုံလင်လှသည့် ပန်းများသည် ခဲခဲလှုပ် ပွင့်နေကြပြီး ပန်းများအကြား၌ နွယ်ဒန်းများကိုလည်း တွေ့မြင်ရသည်။ ပန်းပွင့်များ ကပ်တွယ်ပွင့်နေသည့် နွယ်ဒန်းကြီးများသည် လေထဲ၌ ဝေ့ဝဲလှုပ်ရှားနေသည်မှာ မျက်စိပသာဒ ဖြစ်လွန်းလှသည်။

ပန်းဥယျာဉ်ကြီး၏ ညို့ငင်ဖမ်းစားမှုကြောင့် မေကြာညိုက ခြေလှမ်းတွေ ဆက်မလှမ်းနိုင်တော့ဘဲ ရပ်တန့်ကာ ပတ်ဝန်းကျင်တွင် မှိန်းမောသွားရလေသည်။

"အို... သာယာလိုက်တာရှင်။ ဒီလောက် သာယာတဲ့ နေရာမျိုးကို ကျွန်မဖြင့် တစ်ခါမှ မရောက်ဖူးပါဘူး"

"ဒါ သမီးလေး ပိုင်ဆိုင်ခဲ့တဲ့ နေရာပဲလေ"

"မဟုတ်တာရှင် ကျွန်မကို မနောက်ပါနဲ့။ တစ်ခါမှ မရောက်ဖူးတဲ့ အရပ်ဒေသက ပစ္စည်းတစ်ခုကို ကျွန်မက ဘယ်လိုလုပ်ပြီး ပိုင်ဆိုင်ရမှာတဲ့လဲ အန်တီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အထိန်းတော်ကြီးက သမီးလေးကို ဘာဖြစ်လို့ ညာရမှာလဲ။ ဘာကြောင့် နောက်ပြောင်ရမှာလဲ။ ဟောဟိုက အိမ်ကြီးကိုရော၊ ဟောဒီပန်းဥယျာဉ်ကြီးကိုပါ သမီးလေး ပိုင်တယ်။ သမီးဆီမှာ အခြွေအရံ အသင်းအပင်းတွေလဲ အများကြီးရှိတယ်။ သမီးလေးနဲ့ လက်ထပ်မယ့်ချစ်သူလဲ ရှိတယ်"

သူမက တအံ့တသြ ဖြစ်သွားပြီး မယုံသင်္ကာဖြသံဖြင့် ပြန်မေးလိုက်မိသည်။

"ဟုတ်မှလဲပြောပါ အန်တီရယ်။ ဒီလောက် ပြီးပြည့်စုံတဲ့ဘ၀ကို ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက်ဟာ အဲဒါတွေကို ဘာကြောင့် ထားရစ်ခဲ့ရမှာတဲ့လဲ"

"ဒါကတော့ တာဝန်အရ သွားရတာပေါ့ သမီးရယ်။ ဒီနေရာမှာ ရှိကြတဲ့သူတွေဟာ အလှည့်ကျ လူ့ဘ၀သွားရတယ်၊ သာသနာပြုရတယ်၊ ကုသိုလ်ကောင်းမှုတွေ လုပ်ရတယ်။ အလှည့်ကျလာရင် မသွားဘဲနေလို့ မရဘူးကွယ့်။ ကိုယ့်အလှည့် မကျဘဲနဲ့လဲ သွားချင်တိုင်း သွားလို့မရပြန်ဘူး။





အဲဒီလိုပဲ လူ့ဘ၀မှာလဲ ကိုယ်နေချင်သလို နေချင်သလောက် နေခွင့် မရှိဘူး။ မပျော်ရင်လဲ ဒီက ပြန်မခေါ်မချင်း နေရတယ်။ ပျော်နေရင်လဲ ဒီကခေါ်ရင် ပြန်လာရတာပါပဲ"

မေကြာညိုက အမျိုးသမီးကြီး ပြောနေသည့်စကားများကို ယုံရခက်ခက်၊ မယုံရခက်ခက် ဖြစ်နေမိသည်။

မယုံနိုင်ဆုံးကတော့ ဒီလောက် ခမ်းနားလှပသည့် နေရာကို သူမ ပိုင်ဆိုင်သည်ဆိုသည့် စကားကိုပဲ ဖြစ်သည်။ သိချင်လို့ စပ်စုမေးမြန်းလိုက်တိုင်း ပို၍ နားမလည်နိုင်၊ သဘောမပေါက်နိုင်သည့် အကြောင်းအရာများကိုသာ အထပ်ထပ် အခါခါ ကြားနေရသည့်အတွက် မမေးတော့ဘဲ အမျိုးသမီးကြီးပြောသမျှကိုသာ နားထောင် လိုက်တော့မည်ဟု မေကြာညိုက ဆုံးဖြတ်လိုက်သည်။

• သို့သော်...

သူမ၏ ဆုံးဖြတ်ချက်ကို သိချင်စိတ်တွေက တိုက်စား သွားပြန်သည်။

ထို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



သူမက မေးခွန်းတွေ မေးမိပြန်သည်။

"ကျွန်မ... ကျွန်မဟာ တကယ်ပဲ ဒီက ထွက်သွားရတဲ့ သူ ဟုတ်သလား အန်တီ။ ဟုတ်တယ်ဆိုရင် ကျွန်မလဲ သိနေရမှာပေါ့ရှင်။ အခုတော့ ကျွန်မ ဘာကိုမှ မသိဘူး။ အရာအားလုံး ပြောတာကို အစိမ်းသက်သက်တွေချည်းပဲ။ ဒါကြောင့် အန်တီ စိတ်မဆိုးပါနဲ့ အန်တီ။ အန်တီပြောတဲ့ စကားဟာ အမှန်တွေဖြစ်ကြောင်း ကျွန်မကို သက်သေတစ်ခုခု ပြပါ"

"သက်သေပြနိုင်ပါတယ်ကွယ်။ ဒါပေမယ့် အဲဒီလို သက်သေပြလိုက်ရင် သမီးလေး ထိတ်လန့်သွားမှာကိုပဲ စိုးရိမ်တာပါ"

ဟု အမျိုးသမီးကြီးက ပြန်ပြောသည်။ မေကြာညိုက ထိုစကားကို ခြောက်လုံးလှည့်လုံး တစ်ခုများ ဖြစ်နေလေမလားဟု သံသယတွေ တွေးလိုက်သည်နှင့် အမျိုးသမီးကြီးက သူမ၏ အတွေးကိုသိပြီး တုန့်ပြန်စကား ပြောဆိုလေသည်။

"ဩော်... အထိန်းတော်ကြီး ပြောတာကို သမီးလေးက မယုံဘူးပဲ လာ... လာ မယုံရင် ယုံအောင် သက်သေပြမယ်"





ပြောပြောဆိုဆိုပင် အထိန်းတော်ကြီးသည် သူမ၏ လက်ကို ညင်သာစွာဆွဲ၍ ပန်းဥယျာဉ်ထဲကနေ အိမ်ကြီးဆီသို့ ခေါ်ဆောင်သွားလေသည်။

အဲဒီအခါကျတော့မှ အိမ်ကြီး၏ ပြတင်းပေါက်များ တံခါးပေါက်များ အားလုံး ပိတ်ထားကြောင်း သူမက သတိပြုလိုက်မိသလို၊ အပြင်ဘက်က ကြည့်ရတာပင် ခမ်းနားလွန်းသည့် အိမ်ကြီး၏ အတွင်းဘက်တွင် ဘာတွေရှိနေမည်လဲ ဆိုတာကို သိလိုသည့် ဆန္ဒများကလည်း ပြင်းပြလာလေသည်။

တစ်ဆက်တည်းမှာပင် အမျိုးသမီးကြီး ပြောခဲ့သည့် သက်သေပြလိုက်ရင် သမီးလေး ထိတ်လန့်သွားမှာကိုပဲ စိုးရိမ်တာပါဆိုသည့် စကားကြောင့်လည်း စိတ်လှုပ်ရှားမိပြန်သည်။

ဘာပဲဖြစ်ဖြစ် မရည်ရွယ်ဘဲ အမှတ်မထင် ရောက်လာခဲ့သည့် နေရာတစ်ခု၏ အကြောင်းကိုတော့ စုံစုံစေ့စေ့ သိသွားချင်စိတ်တွေကလည်း သူမရင်ထဲ၌ ပြည့်သိပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနှင့်ပင် တံခါးပိတ်ထားသော အိမ်ကြီး၏ တံခါးဝတွင် သူမနှင့် အမျိုးသမီးကြီးက သှဉ်တွဲ၍ ရုပ်တန့်ဖြစ်သွားလေတော့သည်။

ထိုအချိန်အထိ မေကြာညိုသည် အိမ်ကြီးထဲ၌ မည်သည့်အရာများ ရှိနေမည်ဆိုတာကို မခန့်မှန်းတတ်သေးတာ သေချာပါသည်။

* * *



## အခန်း (၁၄)

သူ့ကိုယ်သူ သူမ၏ အထိန်းတော်ကြီးပါဟု ပြောနေသည့် အမျိုးသမီးကြီးသည် ပိတ်ထားသော တံခါးပေါက်ကြီး၏ ရှေ့တွင် လက်တစ်ဖက်ကို အသာအယာ မြှောက်လိုက်တာနှင့် ပိတ်ထားသော တံခါးကြီးက အလိုအလျောက် ပွင့်သွားလေတော့သည်။

အံ့သြထိတ်လန့်သွားသည့်အတွက် မေကြာညိုက ခြေတစ်လှမ်းစာမျှ နောက်သို့ ဆုတ်လိုက်မိလေသည်။

အမျိုးသမီးကြီး၏ လက်ထဲသို့ ရောက်နေသည့် သူမ၏ လက်တစ်ဖက်ကိုလည်း အသာအယာ ရုန်းထွက်မိသွားတော့သည်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး မကြောက်ပါနဲ့ကွယ်"

"ဟုတ်... ဟုတ်ကဲ့ အန်တီ၊ ကျွန်မ မကြောက်ပါဘူး"

အားတင်းပြောလိုက်သော်လည်း သူမ၏ အသံများက တုန်ခါနေလေသည်။

တံခါးပွင့်သွားသည့် အိမ်ကြီးသည် မှောင်မည်းတိတ်ဆိတ်နေပြီး အိမ်ကြီးထဲ ဝင်ဖို့ရာ ဝန်လေးတွန့်ဆုတ်နေမိသည်။

ဒါပေမဲ့ မဝင်လို့လည်း မဖြစ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသမီးကြီးသည် သူမ၏ တောင်းဆိုမှုကြောင့်သာ အိမ်တံခါးကို တံခါးဖွင့်စေလို့ ဖြစ်သည်။

သူမ၏ ခံစားချက်ကို သိနေပုံရသည့် အမျိုးသမီးကြီးသည် အိမ်ထဲသို့ ချက်ချင်းမဝင်သေးဘဲ သူမကို နူးညံ့ခွေးထွေးစွာ မေးနေသေးသည်။

"ဘယ်လိုလဲ သမီးလေး အိမ်ကြီးထဲဝင်ချင်တဲ့ ဆန္ဒမရှိတော့ရင် နောက်ဆုတ်လို့ရတယ်နော်"

အဲဒီလိုကျတော့လည်း မေကြာညိုက အညံ့မခံချင်ပြန်





ပါ။ အိမ်ကြီးထဲ၌ ဘာတွေရှိမည်၊ သူမကို အမျိုးသမီးကြီးက ဘယ်လိုသက်သေပြမည်ဆိုတာကို သိချင်သည့်ဆန္ဒတွေကလည်း ပြင်းထန်နေပြန်သည်။

ထို့ကြောင့်...

သူက အိမ်ကြီးထဲဝင်ဖို့ကိုပဲ သတ္တိမွေး၍ ရွေးချယ်လိုက်ရလေတော့သည်။

"ဟင့်အင်း နောက်မဆုတ်ပါဘူး အန်တီ။ ကျွန်မ အိမ်ကြီးထဲကို ဝင်ချင်ပါတယ်။ ဒါနဲ့ ဒီအိမ်မှာ တစ်ယောက်မှ မနေဘူးလားဟင်"

သူမ မေးသည့်မေးခွန်းကို အမျိုးသမီးကြီးက ရှုပ်ရှုပ်ထွေးထွေး ပြန်ဖြေလေသည်။

"နေတယ်လို့ ပြောရင်ရတယ်။ မနေဘူးလို့ ပြောမယ်ဆိုရင်လဲ မှန်တာပဲကွဲ့"

"ရှင်..."

"ကဲ... လာ သမီးလေး အထဲကိုဝင်စို့"

သူမ ဘာမှထပ်မမေးနိုင်ခင်မှာပင် အမျိုးသမီးကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ဦးဆောင်ပြီး အိမ်ထဲသို့ ဝင်လေသည်။

အံ့သြစရာကောင်းတာကတော့ အစက မှောင်မည်းနေသည့် အိမ်ကြီးသည် အမျိုးသမီး ဝင်သွားတာနှင့် လင်းသွားတာပဲ ဖြစ်လေသည်။

အလင်းရောင်သည် အိမ်ကြီးအပြင်ဘက်က အလင်းရောင်ကို စူးရှခြင်းမရှိဘဲ အေးမြသည့် အလင်းရောင်ပင်ဖြစ်သည်။ ထိုအလင်းရောင်သည် အရာရာကို ထင်ရှားပြတ်သားစွာလည်း မြင်တွေ့ရလေသည်။

အလင်းရောင်ကို တွေ့ရတော့မှ မေကြာညိုက အိမ်ကြီးထဲသို့ ဝင်ရဲခဲ့ပြီး အထဲသို့ ရောက်တာနှင့် သူမက အံ့သြမှင်တက်မိသွားရလေတော့သည်။

အိမ်ကြီး၏ အတွင်းဘက်သည် သူမတူအောင် ခံ့ညားထယ်ဝါလွန်းလှပြီး တဖိတ်ဖိတ် တလက်လက်ပင် တောက်ပနေလေသည်။

ပန်းအိုးကြီးများထဲတွင် လတ်ဆတ်လှပသော အဖြူရောင်ပန်းများကို အလှထိုးထားပြီး မွှေးပျံ့သော ရနံ့သည်





လည်း အိမ်ကြီးထဲ၌ ပျံ့လွင့်နေလေသည်။

မြင်တွေ့ရသော မြင်ကွင်း ခံစား ရှူရှိုက်ရသောရနံ့များသည် သူ့သဘာဝအလျောက် အမှန်တကယ် ရှိနေတာကို မြင်ရတာနှင့် တူလွန်းသည်ဟု တွေးမိတာနှင့်ပင် သူမက ကြက်သီးဖျန်းဖျန်း ထသွားရလေတော့သည်။

အိမ်ကြီး၏ အတွင်းထဲ၌ လူရိပ် လူယောင်လည်း မတွေ့ရ၊ လူသံသူသံလည်း မကြားရ။

သို့သော်...

မေကြာညိုက နောက်ကျောမလုံသည့် ဝေဒနာကို ခံစားရလေသည်။

ထိုကြောင့်...

အမျိုးသမီးကြီး ခေါ်ဆောင်ရာသို့ လိုက်ပါလာရင်း ခြေလှမ်းတစ်လှမ်း နှစ်လှမ်းလှမ်းလိုက် နောက်သို့ လှည့်ကြည့်လိုက်နှင့် ဖြစ်နေရလေတော့သည်။

ထိုသို့...

နောက်လှည့်ကြည့်သည့်အတွက် သူမက လှုံ့ဆန်းတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ထပ်မံ၍ တွေ့ရလေသည်။

အဲဒါကတော့ သူမနှင့် အမျိုးသမီးကြီးတို့ နောက်တွင် ကျန်ရစ်ခဲ့သည့် နေရာများသည် မှောင်မိုက်ကျန်ရစ်ခဲ့ခြင်းပဲ ဖြစ်သည်။

ဒီတော့မှ အမျိုးသမီးကြီး ရှိနေလို့သာ အလင်းရောင် ရှိနေတာပဲဆိုတာကို မေကြာညိုက သဘောပေါက်လိုက်မိ ပြီး အမျိုးသမီးကြီးကိုလည်း ကြောက်လန့်လာမိလေတော့ ၏။

သူမက အမျိုးသမီးကြီး၏ မျက်နှာကို ကြည့်ဖို့ရာပင် မဝံ့မရဲ။ အမျိုးသမီးကြီးကတော့ ချိုသာအေးဆေးသည့် အသံ ဖြင့် သူမကိုစကားတွေ ပြောဆိုရင်း အိမ်ကြီး၏ အတွင်းပိုင်းသို့ လျှောက်ဝင်နေလေသည်။

"သခင်မလေး ရှိတုန်းကတော့ ဒီနေရာမှာ စည်ကား ခဲ့တာပေါ့။ သီချင်းဆိုတဲ့သူတွေကဆို၊ ပန်းကုံးတွေ သီတဲ့သူက သီ၊ တူရိယာတွေ တီးမှုတ်တဲ့သူက တီးမှုတ်နဲ့ သခင်မလေးရဲ့ ရယ်သံကလဲ သိပ်သာယာတာပေါ့။ အင်း... သခင်မလေး





အပြီးပြန်ရောက်လာရင်တော့ ဒီအတိုင်း မနေတော့ပါဘူး။ အရင်ကလိုပဲ သာယာမှာပါ"

အမျိုးသမီးကြီးပြောနေသည့် သခင်မလေးဆိုတာ သူမ ကို ရည်ညွှန်းနေတာများလား။ တကယ်ပဲ သူမဟာ ဒီနေရာ မှာ နေထိုင်ပျော်ရွှင်ခဲ့ဖူးသလား၊ အမျိုးသမီးကြီးကရော သူမ ရဲ့ အထိန်းတော်ကြီးဆိုတာ တကယ်ပဲလား။

မေကြာညိုက ခေါင်းပူအောင် စဉ်းစားကြည့်မိသည်။ သို့သော် အဖြေကိုမရ၊ သူမသည် အမျိုးသမီးကြီး ပြောဆို နေသည့် အကြောင်းအရာ အဖြစ်အပျက်များကို သိရှိမှတ်မိ ၍ နေနေသာသာ စိတ်ထဲတွင် ပိုးတဝါးသော်မှ သိမနေတာ သာရှိသည်။

သူမ အတွေးလွန်နေဆဲ အမျိုးသမီးကြီးက သက်ပြင်း ချပြီး စိတ်ထိခိုက်သည့်အသံဖြင့် စကားဆက်ပြောပြန်သည်။

"အင်း... တကယ်တော့ သခင်မလေးဟာ လူ့ဘဝကို သွားချင်ရှာပါဘူးကွယ်။ သခင်လေးနဲ့ လက်ထပ်ခါနီး ဆဲတဲ့အချိန်ကို သူ့ခမျာ ဘယ်သွားချင်ပါ့မလဲ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျတော့လဲ ငြင်းလို့မှ မရတာ။ သူ့ခမျာ သွားရရှာတာပေါ့။ သွားခါနီးမှာ ငိုလိုက်တာလေ သခင်လေးကလဲ မျက်ရည်ကျ၊ သခင်မလေးကလဲ ငိုနဲ့၊ ရင်ထဲမှာ မကောင်းလိုက်တာ၊ သခင်မလေးကိုယ်စား အထိန်းတော်ကြီးပဲ လူ့ဘဝကို သွားပေးလိုက်ချင်တော့တာပါပဲ”

မေကြာညိုက အမျိုးသမီးကြီး ပြောပြနေတာကို စိတ်ဝင်တစား နားထောင်မိသည်။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ပုံပြင်တစ်ပုဒ်ကို နားထောင်နေရသလိုမျိုးပင် နားထောင်လို့တော့ အတော်ကောင်းတာပဲဟုလည်း တွေးမိလေသည်။

သူမတွေးလိုက်သည့် အတွေးကို အမျိုးသမီးကြီးကလည်း သိဖြစ်အောင် သိသွားပြန်သည်။ ထို့ကြောင့်...

“အခုပြောပြနေတာတွေဟာ ပုံပြင်မဟုတ်ပါဘူးကွယ်” ဟု သူမကို တိုးလျှစွာ ပြောသည်။

ဒီတော့မှ မေကြာညိုက ခပ်မြန်မြန် တောင်းပန်လိုက်ရလေသည်။





“စိတ်... စိတ်မရှိပါနဲ့ အန်တီ။ ကျွန်မအတွက်တော့ အန်တီပြောပြနေတဲ့ အကြောင်းအရာတွေဟာ အင်မတန်မှ ထူးခြားနေလို့ပါ”

အမျိုးသမီးကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး သူမကို ပြန်ပြောသည်။

“သမီးလေး ဘာမှမသိတာဟာ မဆန်းပါဘူးလေ။ သခင်မလေးဟာ ဝမ်းနည်းပူဆွေးပြီး အတိတ်ဘဝကို တသသဖြစ်နေမှာ စိုးတဲ့အတွက် အမှတ်သညာတွေအားလုံးကို ထားရစ်ခဲ့တာပဲ။ ဒါကြောင့် သမီးလေးအနေနဲ့ ဘာမှ မသိတော့တာပေါ့”

“ဟင်... အခု အန်တီပြောနေတဲ့ သခင်မလေးဆိုတာ ကျွန်မလို့ ဆိုလိုနေတာလားရှင်”

အမျိုးသမီးကြီးက ဖြည်းညင်းစွာ ခေါင်းညိတ်ပြလေသည်။

မေကြာညိုက စိတ်လှုပ်ရှားလွန်းသည့်အတွက် အသက်ရှူမြန်ဆန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်... မဖြစ်နိုင်တာ"

"သမီးလေးကို သက်သေပြပါ့မယ်ကွယ်"

အစတုန်းက သက်သေပြမည်ဆိုတာကို စိတ်ဝင်စားမိသော် အခုတော့ သူမက အမျိုးသမီးကြီးပြမည့် သက်သေပြချက်များထက် သူမကို ဒီနေရာသို့ ဘာကြောင့်ခေါ်လာရတာလဲဆိုတာကို ပို၍ သိချင်မိသည်။

ပြီးတော့ သူမကို ပြန်မလွှတ်ဘဲ အိမ်ကြီးထဲမှာ ပိတ်လှောင်ထားတော့မှာလားဟုလည်း သောကတွေ ပွားလာမိသည်။

ထို့ကြောင့်...

သူမက သိချင်တာကိုပဲ ခပ်မြန်မြန် မေးလိုက်မိလေသည်။

"သက်သေပြဖို့ထက် ကျွန်မ... ကျွန်မကို ဘာကြောင့်ခေါ်လာတယ်ဆိုတာကိုပဲ ပြောပြပါ အန်တီရယ်။ ပြီးတော့ ကျွန်မကို ပြန်ပို့ပေးပါရှင်၊ အခုလောက်ဆိုရင် ကျွန်မသူငယ်ချင်းတွေ ကျွန်မအတွက် အရမ်းစိတ်ပူနေလောက်ပါပြီ"





"သမီးလေးကို ဘာကြောင့်ခေါ်လာတာလဲ ဆိုတာကိုတော့ အထိန်းတော်ကြီးလဲ မသိပါဘူးကွယ်။ ဒါဟာ သခင်လေးရဲ့ အစီအမံပါ"

သခင်လေးဆိုတာကို ထပ်ကြားလိုက်ရသည့်အတွက် သူမက တော်တော်ပဲ စိတ်ပျက်သွားရလေသည်။

"သခင်လေးဆိုတာ ဘယ်သူလဲ။ သူက ဘာလဲ။ ဘာကြောင့် ကျွန်မကို ခေါ်ရတာလဲ၊ အို... စိတ်ရှုပ်စရာကောင်းလိုက်တာ အန်တီရယ်။ ကျွန်မ ပြန်ပါရစေတော့ရှင်။ ကျေးဇူးပြုပြီး ကျွန်မကို ပြန်ပို့ပေးပါတော့"

"သမီး သခင်လေးနဲ့ တွေ့ရဦးမှာပေါ့ကွယ်"

မကြာညိုက စိတ်ပျက်လက်ပျက်နှင့် ခါးခါးသီးသီး ငြင်းဆန်လိုက်မိသည်။

သူမရင်ထဲ၌ ခင်တို့ ဇော်ထွဋ်တို့ စိတ်ပူနေကြတော့မှာပဲဆိုတာကိုသာ တွေးမိနေလေသည်။

"ဟင့်အင်း ကျွန်မ မတွေ့ချင်တော့ဘူး။ သူ့ကို ကျွန်မလဲ မသိဘူး ကျွန်မ မသိတဲ့လူတစ်ယောက်နဲ့ တွေ့ရလို့ရော



www.burmeseclassic.com

www.burmeseclassic.com



ဘာများ အကြောင်းထူးမှာတဲ့လဲ"

"အို... သမီးလေးပြောတဲ့ စကားတွေကိုသာ သခင်လေး ကြားသွားရင် အတော် စိတ်ဆင်းရဲသွားမှာပဲကွယ်။ သမီးလေးနဲ့ သူဟာ အရမ်းချစ်ကြတဲ့ ချစ်သူတွေလေ။ သမီးလေး မရှိကတည်း သခင်လေးဟာ အရယ်အပြုံးတောင် မရှိရှာတော့ဘဲ သမီးလေးကို စောင့်နေတာပါကွယ်။ဒါကြောင့် သူ့ကိုတော့ တွေ့သွားသင့်ပါတယ်"

မေကြာညိုက စိတ်ရှုပ်လာသလို၊ စိတ်လည်း တိုလာမိသည်။

သူမ မသိသည့်သူများသည် သူမ မရောက်ဖူးသော နေရာဒေသသို့ အတင်းခေါ်လာခဲ့ပြီး သူမ ဘယ်လိုမှ မသိနိုင်သည့် အတိတ်ဘဝအကြောင်းကို ပြောပြနေသည်။

အတိတ်ဘဝက ချစ်သူနှင့်လည်း တွေ့စေချင်နေသေးသည်။

ထိုအဖြစ်သည် အတော်ကို ဆိုးဝါးအဓိပ္ပာယ်မဲ့သည့် အဖြစ်ပဲဟု မေကြာညိုက တွေးမိသည်။ အခုလိုမျိုး နေရတာ





ပင် အဓိပ္ပာယ်မရှိဟု ထင်လာသည့်အခါမှာတော့ သူမက ပြန်ဖို့အတွက် အတင်းအကျပ် တောင်းဆိုမိသွားတော့၏။

"ဟင့်အင်း ကျွန်မ မတွေ့ချင်ဘူး အန်တီ၊ အန်တီ ပြောနေတာတွေကို ကျွန်မ ယုံလဲမယုံဘူး။ ကျွန်မ ရန်ကုန်မှာနေတယ်။ ကျွန်မ နာမည်က မေကြာညို၊ အခု ကျွန်မ ကြာညိုအိုင်ရွာကို အလည်လိုက်လာတာ။ အခုလောက်ဆိုရင် ကျွန်မသူငယ်ချင်းတွေ ကျွန်မ ပျောက်သွားတဲ့အတွက် ရှာနေလောက်ပြီ ကျွန်မ ပြန်တော့မယ်"

"သမီးလေး ယုံအောင် သက်သေပြဦးမယ်လေကွယ်"

"ရတယ်၊ ကျွန်မ ပြန်တော့မယ် အန်တီ၊ ကျွန်မ ဘာကိုမှ မသိချင်တော့ပါဘူး"

"မဟုတ်တာကွယ် စိတ်အေးအေးထားပါ၊ ခဏဆိုရင် သမီးလေးကို သက်သေပြမယ့် နေရာကို ရောက်တော့မှာပါကွယ်။ ပြီးတော့မှ သမီးပြန်ချင်ရင်လဲ ပြန်ပါ။ သက်သေမပြရသေးဘဲနဲ့တော့ ပြန်လို့မကောင်းပါဘူး"

အမျိုးသမီးကြီး၏ စကားကို သူမက စိတ်ထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်နေမိသော်လည်း အပြင်ဘက်မှာတော့ နာခံလိုက်ရလေသည်။

အဲဒီလိုနှင့်ပင် မေကြာညိုသည် စိတ်ရှုပ်ထွေးစွာဖြင့် အမျိုးသမီးကြီး ခေါ်ဆောင်သွားသည့် နောက်သို့ လိုက်ပါရင်း ကြီးမားကျယ်ဝန်းသည့် အခန်းကြီးတစ်ခုထဲသို့ ရောက်သွားရလေတော့သည်။

* * *



## အခန်း (၁၅)

ကြီးမားကျယ်ဝန်းသည့် အခန်းကြီးထဲသို့ ရောက်သွားတာနှင့် မေကြာညိုက ဘာကြောင့်မှန်းမသိဘဲ ကြက်သီးဖျန်းဖျန်းထသွားကာ အော်ဟစ်ငိုယိုချင်စိတ်တွေ ပေါက်လာမိသည်။

"လာ... သမီးလေး ဘာမှ ကြောက်စရာမရှိပါဘူး"

ဟု အမျိုးသမီးကြီးက ပြောပါမှ သူမက ပို၍ပင် ထိတ်လန့်ရလေသည်။

အခန်းကြီးသည် တိတ်ဆိတ်ငြိမ်သက်နေပြီး အခန်းအလယ်၌ ခုတင်လိုလို၊ ညောင်စောင်းလိုလို အရာတစ်ခုကို ဝိုးတဝါး လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာ၏ နံဘေးတွင်လည်း ခပ်ငယ်ငယ် ခုတင်လို အရာများကို တွေ့ရလေသည်။

တရွေ့ရွေ့ တိုးကပ်သွားတော့မှ ထိုအရာများပေါ်တွင် လူတွေရှိနေကြောင်း တွေ့ရလေသည်။

လူသေတွေလား၊ အိပ်ပျော်နေသည့် လူအရှင်တွေလား ဆိုတာကိုတော့ အနည်းငယ် အလှမ်းကွာနေသေးသည့်အတွက် သူမက ဘယ်လိုမှ မခန့်မှန်းတတ်ပဲ ဖြစ်နေသည်။

"လာ... သမီးလေး"

ဟု ဒုတိယအကြိမ် ထပ်ပြောပြီး အမျိုးသမီးကြီးက သူမကို ခေါ်သွားသည့် ခုတင်ကြီးရှိရာသို့ ဦးတည်ခေါ်သွားလေသည်။

ပိုမို နီးကပ်လာတော့မှ ခုတင်ငယ်များပေါ်တွင် တောင့်မတ် ငြိမ်သက်နေသူ ကိုးယောက်နှင့် ခုတင်ကြီးပေါ်တွင် တစ်ယောက် စုစုပေါင်း ဆယ်ယောက်ရှိကြောင်း သတိပြုမိသည်။

"ဒါ လူသေအလောင်းတွေလား၊ အိပ်ပျော်နေတဲ့ လူတွေလားဆိုသည့် မေးခွန်းကို အပြင်းအထန် မေးချင်မိသော်





လည်း မမေးနိုင်ဘဲ သူမက မြင်တွေ့ရသမျှတွေကိုသာ အကြောက်ကြောက် အလန့်လန့်နှင့် ကြည့်နေမိသည်။

ခုတင်ပေါ်၌ ငြိမ်သက်နေသူများသည် မိန်းမတွေချည်းပဲ ဖြစ်နေပြီး ဝတ်စားထားသည့် အဝတ်အစားများက ရှေးခေတ် နန်းဆန်သူများလို ဗလာထဘီနှင့် ရင်ခံအင်္ကျီများဖြစ်ကြောင်း သတိထားမိသော်လည်း မျက်နှာများကိုတော့ သူမက အသေအချာမကြည့်ရဲသည့်အတွက် မျက်နှာလွှဲထားပြီး အမျိုးသမီးကြီးခေါ်ဆောင်ရာသို့ လိုက်ပါလာမိတော့သည်။

တစ်ယောက်အိပ် ခုတင်များကို ဖြတ်သန်းလာပြီး ကြီးမားခံ့ထည်သည့် ခုတင်ကြီးရှေ့သို့ ရောက်လာလေသည်။ အဲဒီအခါမှာတော့ မကြည့်ဝံ့သော်လည်း မေကြာညိုက ခုတင်ပေါ်ရှိသူ့ထ္ဘာန်ကို ခြေဖျားမှ စတင်၍ ကြည့်လိုက်မိလေသည်။

စစချင်း သူမသည် နီထွေးလှပသော ခြေဖဝါးအစုံရယ်၊ ခြေသည်းလှလှကလေးများရယ်ကို တွေ့ရသည်။ နောက် ဗလာထဘီ၏အောက်မှ တစ်ပိုင်းတစ်စ ထွက်နေသည့် ဒင်း နှစ်ဖြူနုနေသည့် ခြေသလုံးကလေးများကို တွေ့ရသည်။

အတော်လှတာပဲဟု မှတ်ချက်ချရင်း သူမ၏ အကြည့်

www.burmeseclassic.com

www.burmeseclassic.com



များက အပေါ်ပိုင်းသို့ ရွေ့လျားလာမိသည်။ ထိုအချိန်အထိ အမျိုးသမီးကြီးသည် စကားတစ်ခွန်းမှ ဝင်မပြောသေးဘဲ သူမနံဘေး၌ တိတ်ဆိတ်စွာ ရပ်တဲ့နေလေသည်။

မေကြာညိုသည် ခုတင်ပေါ်မှ မိန်းကလေး၏ ပိုးသားထဘီအဖျားမှ အကြည့်ကို တစ်စတစ်စ ရွေ့လာရင်း ထိုမိန်း ကလေး၏ လှပပြေပြစ်မှုကို စိတ်ထဲမှ ချီးမွမ်းမိသည်။

ရင်သားမို့မို့ပေါ် ယှက်တင်ထားသည့် ဖယောင်းသား လက်ချောင်းကလေးများကို ကြည့်လိုက်ရုံဖြင့် မိန်းကလေးသည် အသက်နှစ်ဆယ်ပင် ကျော်လိမ့်ဦးမည် မဟုတ်ဟု သူမက ခန့်မှန်းမိပြန်သည်။

ထိုနောက်...

ပြေပြစ်လှပသော လည်တိုင်ကြော့ကြော့ကလေးကို ကြည့်မိသည်။

နောက် မျက်နှာ...

သေချာတာကတော့ ခုတင်ပေါ်မှ မိန်းကလေး၏ မျက်နှာကို မြင်လိုက်ရတာနှင့် တစ်ပြိုင်နက် သူမသည် လိပ်ပြာလွင့်စဉ်သွားမတတ် အထိတ်တလန့် ဖြစ်သွားရတာဲ





ဖြစ်လေသည်။

ဘာကြောင့်လဲဆိုတော့ ခမ်းနားသည့် အိပ်ရာထက်တွင် ငြိမ်သက်စွာ ရှိနေသည့် မိန်းကလေးသည် သူမကိုယ်တိုင်ဖြစ်နေလို့ပဲ ဖြစ်သည်။

"မြတ်စွာဘုရား"

မတ်တတ်ရပ်နေရာမှ လဲပြို၍ မသွားအောင် ကြိုးစားထိန်းချုပ်ရင်းခုတင်ပေါ်မှ မိန်းမပျိုကို မေကြာညိုက စာအံ့တသြ ကြည့်မိသည်။

ကြည့်ကာ ကြည့်လေ ထိုမိန်းမပျိုသည် သူမနှင့် တူလာလေ ဖြစ်နေသည့်အတွက် ဆက်မကြည့်ရဲတော့ဘဲ မျက်နှာလွှဲပစ်လိုက်ရလေတော့သည်။

"ဘုရား... ဘုရား အဲဒါ အဲဒါ ဘယ်သူလဲ။ ဘာကြောင့် ကျွန်မနဲ့ တူနေရတာလဲ"

စိတ်လှုပ်ရှားမှုကြောင့် သူမ၏ အသံများက တုန်ယင်အားပျော့နေလေသည်။

"အဲဒါ သခင်မလေးပေါ့ကွယ် အဲ့ဒါဟာ သမီးလေးရဲ့ အတိတ်ဘဝက ခန္ဓာကိုယ်ပေါ့။ မေကြာညိုဘဝကနေ



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားတဲ့အခါမှာ သခင်မလေး နန်းမြမန်အဖြစ်နဲ့ ဟောဒီခန္ဓာကိုယ်ဟာ နိုးထလာလိမ့်မယ်ကွဲ့”

“ဘုရားရေ ဒါဆိုရင် ဒါ… ဒါဟာ ကျွန်မကိုယ်တိုင်ပဲ ပေါ့ ဟုတ်လား”

“ဟုတ်တယ် သမီးလေး”

“အို… မယုံဘူး၊ မဖြစ်နိုင်ဘူး။ ဒါဟာ အသက်မဲ့နေဘဲ့ အလောင်းကောင်ကြီးပဲ။ ဘယ်လိုလုပ်ပြီး ကျွန်မ ဖြစ်ရမှာ တဲ့လဲ။ ကျွန်မကို မလိမ်ပါနဲ့ အန်တီ၊ မဖြစ်နိုင်တာတွေ ပြောပြီး ကျွန်မကို မခြောက်ပါနဲ့၊ မလှန့်ပါနဲ့ တောင်းပန် ပါတယ်”

သူမပြောသည့် စကားကို နားထောင်ပြီး အမျိုးသမီး ကြီးက မျက်ရည်များ စီးကျလာလေသည်။

“သမီးလေးရယ် အထိန်းတော်ကြီးကို ယုံပါ။ ဘာ ကြောင့် သမီးလေးကို ခြောက်လှန့်ရမှာလဲ။ ဟောဟိုမှာရှိ နေတဲ့ သူတွေဟာလဲ သမီးလေးလိုပဲ လူ့ဘဝကို ခေတ္တခဏ သွားနေတဲ့သူတွေရဲ့ ကျန်ရစ်တဲ့ ခန္ဓာကိုယ်တွေပဲ။ ဒါတွေဟာ အလောင်းကောင်တွေ မဟုတ်ဘူးကွယ့်။ နာမ်ကင်းမဲ့နေတဲ့





ရုပ်ခန္ဓာတွေပဲ။ လူသေတွေလဲ မဟုတ်ဘူး။ အသက်ရှိလား ဆိုတော့လဲ မရှိဘူး။ အထိန်းတော်ကြီးအနေနဲ့ ဒီလောက်ပဲ ရှင်းပြနိုင်ပါတယ်ကွယ်။ ဒီထက်ပိုပြီး မတတ်နိုင်ပါဘူး။ သူတို့ကို လိုက်ကြည့်ပါဦး”

မေကြာညိုက မငြင်းဆန်နိုင်ဘဲ အမျိုးသမီးကြီးနှင့် အတူ အခြားခုတင်များပေါ်ရှိ ငြိမ်သက်နေသည့် ခန္ဓာကိုယ် များကို လိုက်ကြည့်မိသည်။

ခုတင်ကိုးလုံးပေါ်ရှိ ခန္ဓာကိုယ် ကိုးခုသည် ငြိမ်သက် နေတာသာ တူညီသော်လည်း ရုပ်ရည်နှင့် အသက်အရွယ်များ ကတော့ မတူညီကြပါ။ အားလုံး မိန်းမတွေချည်းပဲ ဖြစ်လေ သည်။

မျက်စိမှိတ်ထားသော မျက်နှာများကို ကျော့ချမ်းစွာ လိုက်ကြည့်ရင်း နောက်ဆုံးတစ်ယောက်၏ ရှေ့သို့ အရောက် တွင် သူမက အလန့်တကြား အော်လိုက်မိပြန်သည်။

ဘာဖြစ်လို့လဲဆိုတော့ ခုတင်ပေါ်တွင် သူမတွေ့မြင် ရသူသည် ဒေါ်ကျင်ဖြစ်နေတာကြောင့်ပဲ ဖြစ်သည်။

“ကျွန်မ… ကျွန်မ သူ့ကို သိတယ်”



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက အံ့ဩဟန်မပြဘဲ ခေါင်းညိတ်ပြလေသည်။

မေကြာညိုကတော့ ဒေါ်ကျင် သူမအပေါ်မှာ သိပ်သံယောဇဉ်ကြီးခဲ့တာပေါ့။ အခုထိ ကျွန်မနဲ့အတူတူနေတုန်း ကျွန်မလိုအပ်သမျှတွေကို လုပ်ကိုင်ပေးနေတုန်း ကျွန်မကို အရိပ်တကြည့်ကြည့်နဲ့ နေတုန်းပါပဲ သူ သူက ဘာကြောင့် ဒီနေရာမှာ ရှိနေရတာလဲ။

"သူဟာ သမီးလေးရဲ့ အထိန်းတော်တစ်ယောက်ပဲလေ။ ဒါကြောင့် လူ့ဘဝမှာလဲ သမီးလေးအနားမှာ လိုက်နေပေးရတာပေါ့။ ဒါပေမဲ့ မကြာခင်မှာ သူဒီကို ပြန်လာရတော့မယ်ကွယ့်။ လူ့ဘဝမှာ သိပ်ကြာကြာ မနေရတော့ဘူး။ သူဟာ သမီးလေးထက်အရင် ဒီနေရာကို ပြန်လာရလိမ့်မယ်"

"ရှင် သူ... သူ ,သေရတော့မယ်လို့ အန်တီ ဆိုလိုတာလား"

အမျိုးသမီးကြီးက ခေါင်းညိတ်ပြသည်။

"မဟုတ်တာရှင်၊ သူက သေရမယ့်အရွယ် မဟုတ်သေး





ပါဘူး။ သေလောက်စရာ ရောဂါဝေဒနာလဲ မရှိဘူး။ ဘာဖြစ်လို့ သေရမှာတဲ့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူ လူ့ဘဝမှာနေရမယ့် အချိန်စေ့သွားလို့ပေါ့ သမီးရယ်။ အထိန်းတော်ကြီး ပြောခဲ့သားပဲ လူ့ဘဝမှာ မပျော်ရင်လဲ အချိန်စေ့အောင် နေရမှာပဲ။ ပျော်တယ်ဆိုရင်လဲ အချိန်စေ့ရင် ပြန်လာရမှာပဲလို့လေ။ အဲဒီ စည်းကမ်းကို အားလုံး လိုက်နာရတယ်"

"အဲဒီ စည်းကမ်းကို ဘယ်သူထုတ်တာလဲ"

"ဒါတွေကို အဘိုးက စီမံနေတာကွယ့်"

"အဲဒီ အဘိုးကို တွေ့လို့ရမလား"

"မရဘူးကွယ့်၊ အဘိုးကို ဘယ်သူမှ တွေ့ခွင့်မရှိဘူး။ ဒါပေမယ့် အဘိုးကတော့ အားလုံးကို မြင်နေရတယ်။ အားလုံးကို ကြားနေရတယ်။ အားလုံးကို သိတယ်"

မေကြာညိုက ဘာမှ မပြောနိုင်တော့လောက်အောင် စိတ်ပင်ပန်းသွားရလေသည်။

အခန်းကြီးထဲတွင် သူမနှင့်တူသည့် ရုပ်ခန္ဓာပိုင်ရှင်ကို တွေ့ရတာ မဟုတ်ဘဲ သူမကို ယိမ်းကျောင်းခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ထိ သူတို့အိမ်မှာပင် နေထိုင်သူသည့် ဒေါ်ကျင်၏ ရုပ်ခန္ဓာကိုပါ တွေ့ရသည့်အတွက် အမျိုးသမီးကြီးပြောသလို သူမသည် သခင်မလေး ဖြစ်သည်ဆိုတာကို ယုံရတော့မလို ဖြစ်နေရတော့သည်။

"သူတို့ ဘတွေကရော"

အခြားရုပ်ခန္ဓာများကို ကြည့်ပြီး မေကြာညိုက မေးလိုက်ခြင်း ဖြစ်သည်။

"သူတို့တွေဟာလဲ လူ့ဘဝကို ခဏသွားနေကြတဲ့သူတွေပေါ့ကွယ်။ အချိန်စေ့တဲ့အခါ ပြန်ရောက်လာကြမယ့်သူတွေပေါ့"

"ဒီခန္ဓာကိုယ်ကြီးတွေဟာ မပျက်စီးဘူးလား အန်တီ"

"ဟင့်အင်း သေဆုံးသွားတာ မဟုတ်တဲ့အတွက် မပျက်စီးဘူး သမီးရယ်"

"ကျွန်မ မနေရဲတော့ဘူး၊ ကြောက်ဖို့လဲ ကောင်းပါတယ်။ ကျွန်မတို့ အပြင်ထွက်ကြပါ စို့ရှင်"

တုန်တုန်လှုပ်လှုပ်ဖြင့် သူမက ပြောလိုက်တော့ အမျိုးသမီးကြီးက မေးသည်။





"ကဲ... သမီးလေးဟာ သခင်မလေးပဲဆိုတာကို ယုံပြီလားကွယ်"

ခေါင်းညိတ်ပြလိုက်မိသလား။

ခေါင်းခါပြလိုက်မိသလား၊ သူမကိုယ်တိုင်ပင် မသေချာလိုက်။ ဒါပေမဲ့ အမျိုးသမီးကြီး ပြန်ပြောသောစကားကြောင့် သူမ ခေါင်းညိတ်ပြမိတာပဲဟု သိလိုက်ရလေသည်။

အမျိုးသမီးကြီးက...

"ကဲ... သမီးလေး ယုံကြည်သွားပြီဆိုရင် သခင်လေးဆီ သွားကြစို့ကွယ်"

ဟု ပြောသည့်အတွက်ကြောင့် ဖြစ်လေသည်။

အဲဒီအခါမှာတော့ ငြင်းဆန်ဖို့ရာ မဖြစ်နိုင်တော့ဘဲ မေကြာညိုက အမျိုးသမီးကြီး ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါလာရလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

ငြိမ်းသက်နေသော ရုပ်ခန္ဓာများရှိရာ အိမ်ကြီးအတွင်းမှ ပြန်ထွက်လာပြီးနောက် သူမနှင့် အထိန်းတော်ကြီးဟု သူ့ကိုယ်သူပြောသည့် အမျိုးသမီးကြီးတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြတော့ဘဲ စောစောက ရောက်ခဲ့သည့် ဥယျာဉ်ကြီးထဲမှ ဖြတ်သန်း၍ လမ်းလျှောက်ဖြစ်လေသည်။

မေကြာညိုသည် စကားပြောချင်စိတ် မေးမြန်းစပ်စုချင်စိတ်များ လုံးဝ မရှိတော့လောက်အောင်ပင် စိတ်ရှုပ်ထွေးနောက်ကျိနေပြီး ကိုယ့်ခြေထောက်ကိုယ် မသယ်ချင်အောင်လည်း လေးလံထိုင်းမှိုင်းနေမိလေသည်။





သူမ၏ အမြင်အာရုံများထဲတွင် ခုတင်ပေါ်၌ ငြိမ်သက်စွာ လဲလျောင်းနေသည့် သူမ၏ ရုပ်ခန္ဓာကိုယ်ကိုသာ စွဲထင်နေမိပြီး ဘယ်နေရာကိုပဲ ကြည့်လိုက်ကြည့်လိုက် ထိုအရာကိုသာ မြင်တွေ့နေမိလေတော့သည်။

ထို့ကြောင့်...

ပထမတစ်ကြိမ် ဖြတ်တုန်းက သာယာလှပလွန်းလှသည်ဟု ထင်ခဲ့သည့် ပန်းဥယျာဉ်ကြီးသည် အခုအခါ၌ သာမန်ပဲ ရှိနေတော့သည်။

ပထမတစ်ကြိမ် ရှူရှိုက်ခဲ့သည့် ပန်းရနံ့များသည် အခုအခါ၌ မမွှေးပျံ့တော့သလို ဖြစ်နေပြန်လေသည်။

မေကြာညိုသည် အတွေးများသည် သူမ၏ အတိတ်ဘဝဆိုတာကို တွေးတောကြည့်မိသော်လည်း အပိုင်းအစသေးသေးလေး တစ်ခုလောက်ပင် မှတ်မိခြင်း မရှိပါ။

အတိတ်ဘဝက သူမပိုင်ဆိုင် နေထိုင်ခဲ့ပါသည်ဆိုသည့် နေရာဒေသကလည်း သူမနှင့် ဘယ်လိုမှ မရင်းနှီးဘဲ အစိမ်းသက်သက် ဖြစ်နေလေသည်။

အဆိုးဆုံးကတော့ သူမတွေ့ရမည့် သခင်လေးဆိုသူ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်၍ လုံးဝ မသိခြင်းပဲ ဖြစ်လေသည်။ ထိုလူ၏ ရုပ်ရည်သွင်ပြင်ကိုလည်း သူမ မသိ၊ အသက်အရွယ်ကိုလည်း မသိ၊ အမျိုးသမီးကြီး၏ အပြောဖြင့်သာ ဘဝဟောင်းက ချစ်သူဟု သိထားရသည်။ ဘယ်လိုပြောဆို ဆက်ဆံရမည် ဆိုတာကိုပင် သူမက မစဉ်းစားတတ်အောင် ဖြစ်နေရလေသည်။

သခင်လေးဆိုသူနှင့် တွေ့ရမှာကို ဝန်လေးတွန့်ဆုတ်နေမိသည်။ သူမ၏ ခြေလှမ်းများက လေးကန်နေသည့် အခါမှာတော့ အမျိုးသမီးကြီးက သခင်လေးဆိုသူနှင့် သူမတို့၏ အတိတ်ဘဝကအကြောင်းကို တတွတ်တွတ် ပြောပြနေလေတော့သည်။

"သခင်လေးဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံပြီး ယောကျ်ားပီသပါတယ်။ သခင်မလေးအပေါ်လဲ အရမ်းချစ်ပြီး သံယောဇဉ် ဆိပ်ကြီးပါတယ်ကွယ်။ ဒီနေရာ ဒီအရပ်မှာတော့ သခင်လေးနဲ့ သခင်မလေးရဲ့ အချစ်ကို ယှဉ်နိုင်တုနိုင်တဲ့သူ မရှိပါဘူး။ လပြည့်ညတွေတိုင်း ကြာညိုအိုင်နားက လွမ်းစေတီမှာ ပန်းသွားလှူဒါန်းနေကြတာဟာလဲ သခင်လေးနဲ့ သခင်





မလေးတို့ ချစ်သူစုံတွဲပါပဲ။ အခုဟာလဲ သခင်မလေးမရှိတဲ့ အချိန်မှာ သခင်လေးက ပန်းလှူတဲ့ကိစ္စကို အထိန်းတော်ကြီးနဲ့ပဲ လွှဲထားပြီး သူကိုယ်တိုင်ကတော့ မင်္ဂလာလက်ထပ်ပွဲ ကျင်းပမယ့်နေရာမှာပဲ သခင်မလေး ပြန်အလာကို စောင့်နေရှာတယ်ကွယ်"

အမျိုးသမီးကြီး ပြောတာကို နားထောင်ရင်း သခင်လေးဆိုတာ ဘယ်လိုလူမျိုးလဲ။

ဒီနေရာက လူတွေရဲ့သက်တမ်းနဲ့ အချိန်ကာလဟာ ဘယ်လိုမျိုးလဲ စသည့်အတွေးများကို မေကြာညိုက တွေးနေမိသည်။

သူမတွေးသည့် အတွေးများကို အမျိုးသမီးကြီးက မသိဘဲနေမည် မဟုတ်၊ ဒါပေမယ့် မသိသလိုပင်နေပြီး သူမကို ဘာမှ ပြန်လည်ရှင်းခြင်း မပြုဘဲ နေတာကို တွေ့ရလေသည်။

ဒီလိုနှင့်ပင် လှပသော ပန်းဥယျာဉ်ကြီးကို ဖြတ်သန်းပြီးနောက် ညီညာပြန့်ဖြူးသော လမ်းမကြီးအတိုင်း ဆက်လျှောက်လာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီး၏ ဝဲယာတွင် ထည်ဝါသော အိမ်ကြီး အိမ်ကောင်းများကို တွေ့ရပြီး သွားလာလှုပ်ရှားနေသော သူများကိုလည်း တွေ့ရလေသည်။

သူမ တွေ့မြင်ရသမျှ လူအားလုံး၏ မျက်နှာများသည် တည်ငြိမ် အေးချမ်းပြီး ကျက်သရေရှိနေသည်ဟု သူမက ထင်မိသည်။ အားလုံးသည် ကိုယ်ဦးတည်ရာကို ကိုယ်အေးဆေးစွာ သွားလာနေကြပြီး ကိုယ်ရောင်ကိုယ်ဝါများကလည်း တောက်ပနေလေသည်။

အားလုံးသည် ရေးကြီးသုတ်ပျာ အလောတကြီးပုံစံမျိုး လုံးဝမရှိဘဲ ဖြည်းဖြည်းမှန်မှန် လှုပ်ရှားနေကြလေသည်။

သူမတို့ လျှောက်နေသော လမ်းမကြီး၏ အဆုံးတွင် ကြီးမားသော၊ ခိုင်ခံ့သော အဆောက်အအုံကြီး တစ်ခုကိုလည်းကောင်း၊ ထိုအဆောက်အအုံ၏ နံဘေးတွင် လက်နက်များကိုင်ဆောင်၍ စောင့်ကြပ်နေသော လူထွားကြီးများကိုလည်းကောင်း လှမ်းမြင်ရသည့်အတွက် သူမက အမျိုးသမီးကြီးကို မေးလိုက် မိလေသည်။

"ရှေ့က မြင်ရတာ ဘာအဆောက်အအုံလဲ အန်တီ၊





အထဲမှာ ဘယ်သူနေလို့ အပြင်ကနေ အစောင့်တွေ စောင့်နေရတာလဲဟင်"

သူမ မေးတာကို အမျိုးသမီးကြီးက စိတ်ရှည်လက်ရှည် ပြောပြလေသည်။

"အဲဒီ အဆောက်အအုံကြီးထဲမှာ ဘယ်သူမှ မနေဘူး သမီးလေး။ အဲဒီအထဲမှာ နောင်ပွင့်တော်မူမယ့် မြတ်စွာဘုရားကို လှူဒါန်းဖို့အတွက် ရွှေငွေရတနာ ပစ္စည်းတွေရှိတယ်။ ဒီမှာရှိတဲ့သူတွေ အားလုံးဟာ အဲဒီပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်ပေးနေတဲ့ သူတွေပေါ့ကွယ်"

မေကြာညိုက အထိတ်အလန့် ပြန်မေးလိုက်သည်။

"အို... ဒါဆိုရင် အန်တီတို့က ဥစ္စာစောင့်တွေလား၊ ကျွန်မ အခုရောက်နေတဲ့ နေရာကရော သိုက်ထဲမှာလား"

အမျိုးသမီးကြီးက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် သမီးလေး၊ သမီးလေး အခုရောက်နေတာဟာ ကြာညိုအိုင်ကြီးရဲ့ အလယ်ဗဟိုမှာရှိတဲ့ သိုက်နန်းထဲမှာပဲ။ သမီးလေး ကိုယ်တိုင်ဟာလဲ သိုက်နန်းရှင်ပဲပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ ဟောဒီ သိုက်နန်းကြီးနေရာ မပြောင်းမရွှေ့သရွေ့ ကြာညိုအိုင်ကြီးဟာလဲ မတိမ်ကော၊ မပျက်စီးဘူးပေါ့ကွယ်”

“ဒီမှာ တွေ့နေရတဲ့ သူတွေထဲမှာ အစေအပါးတွေကို လဲ တွေ့ရတယ်။ သူတို့ကရော ဥစ္စာစောင့်တွေ သိုက်နန်းရှင်တွေပဲလား အန်တီ”

“မဟုတ်ဘူးကွယ့် အစေးအပါးနဲ့ အစောင့်တွေဟာ လူ့ဘဝမှာ ဘုရားပစ္စည်းတွေကို အလိုလောဘတက်ပြီး သိုက်တူးခဲ့ကြတဲ့သူတွေပေါ့။ သူတို့တွေဟာ သူတို့ပြုခဲ့တဲ့ လောဘအကုသိုလ်ကြောင့် သိုက်နန်းထဲမှာ အစေအပါး ကျေးကျွန်တွေ လာဖြစ်ကြရတာပေါ့ကွယ်။ သမီးလေးကို ဝေါနဲ့ထမ်းဖို့ လာခေါ်တဲ့ လူငါးယောက်ဟာ တိုက်တူးခဲ့တဲ့ လောဘသားတွေထဲမှာ နောက်ဆုံးလူတွေပေါ့ကွယ်။ သူတို့ရောက်လာပြီးတဲ့နောက်မှာ သိုက်နန်းထဲကို အစေအပါးအဖြစ် ထပ်ရောက်လာတဲ့သူ မရှိတော့ပါဘူး”

မကြာညိုက ခင်ပြောပြသည့် သိုက်ဆရာအကြောင်းကို ပြန်သတိရလိုက်ပြီး ကြက်သီးဖျန်းဖျန်း ထသွားရလေ





တော့သည်။

သူမကို ဝေါနှင့် လာကြိုသည့် လူငါးယောက်ထဲမှ ခေါင်းဆောင်လူကြီးသည် ဆံပင်ရှည်များကို သျှောင်ထုံးထားခြင်း ဖြစ်ကြောင်း အမှတ်ရမိပြီး ထိုလူငါးယောက်သည် ကြာညိုအိုင်သိုက်ကို နောက်ဆုံး တူးသွားသည့် သိုက်ဆရာနှင့် နောက်လိုက် အပေါင်းပါများပဲဟု သူမက ယုံကြည်မိသွားလေတော့သည်။

“ဘုရား... ဘုရား ကြောက်စရာ ကောင်းလိုက်တာ”

ဟု မကြာညိုက အသံထွက်၍ ရေရွတ်လိုက်မိသည့် အချိန်မှာပင် သူမနှင့် အမျိုးသမီးကြီးသည် ကြီးမားကျယ်ဝန်းသော ဥယျာဉ်ကြီးနှင့် အိမ်ကြီးတစ်ဆောင်ရှေ့သို့ ရောက်ရှိသွားလေတော့သည်။ အမျိုးသမီးကြီးသည် ရှေ့သို့ ဆက်မသွားတော့ဘဲ ထိုနေရာမှာပင် ရပ်တန့်လိုက်လေသည်။

မကြာညိုကလေး အမျိုးသမီးကြီးနည်းတူ ရပ်တန့်လိုက်ရလေသည်။ ထိုအချိန်မှာပင် ယောကျ်ားတစ်ယောက်၏ တည်ကြည်ခန့်ညားသော အသံကို ကြားလိုက်ရလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နှမတော် ရောက်လာပြီလား"

သေချာတာကတော့ ထိုအသံသည် မေကြာညို၏ နှလုံးသားထဲသို့ တိုက်ရိုက်စီးဝင်သွားခြင်းပဲ ဖြစ်လေသည်။

* * *

## အခန်း (၁၇)

ကြားလိုက်ရသော အသံသည် သူမ၏ နှလုံးသားထဲသို့ စီးဝင်လာပြီး မေကြာညို၏ နှလုံးသားသည် လျှော်လှုပ်သလို သွက်သွက်ခါ ရပ်သွားရလေတော့သည်။

အသံလာရာသို့ လှမ်းကြည့်လိုက်သည့် အချိန်တွင် သူမ၏ နှလုံးသားသည် အထိန်းအကွပ်မဲ့စွာ လှုပ်ရှားသွားရလေသည်။

သူမတွေ့မြင်လိုက်ရတာက မြင့်မားသော အရပ်၊ ထွားကျိုင်းသန်မာသော ခန္ဓာကိုယ်၊ ဝါသော်အသားအရေနှင့် ခန့်ညားလှပသည့် ယောက်ျားပျိုတစ်ယောက် ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုယောက်ျားပျို၏ ညိုမှောင်နက်ရှိုင်းသော မျက်ဝန်းများသည် သူမကို ကြင်နာနွေးထွေးစွာ စူးစိုက်ကြည့်နေလျက် သူမထံသို့ တရွေ့ရွေ့ တိုးကပ်လာလေသည်။

တကယ်ဆို ထိုယောက်ျားပျိုကို သူမ မသိပါ။ ဒါပေမဲ့ သူမ၏ စိတ်များသည် ထိုသူကို ရင်းနှီးနွေးထွေးနေရုံသာမက ရင်ခုန်သံများကပါ မြန်ဆန်လာပြီး နွေးထွေးစွာ ပြန်လည် စူးစိုက်ကြည့်မိသွားတော့သည်။

"နှမတော်"

ပြန်မထူးပေမယ့် သူမက မျက်လုံးကို မလွှဲမိဘဲ ပြန်လည် ကြည့်နေမိသည်။

တကယ်တော့ မျက်လုံးမလွှဲမိတာ မဟုတ်၊ မလွှဲနိုင်တာပဲ ဖြစ်သည်။

မေကြာညိုသည် ယောက်ျားပျိုကို ကြောက်လန့်မှုမဖြစ်မိဘဲ ခြေစုံရပ်၍ ငေးကြည့်နေမိသွားသည်။

ယောက်ျားပျိုသည် တောင်ရှည်ပုဆိုးကို ဝတ်ဆင်ထားပြီး ရှည်လျားနက်မှောင်သော ဆံပင်များကို သျှောင်ထုံးထုံးထားလေသည်။





"နှမတော်"

ဒုတိယအကြိမ် ခေါ်သော်လည်း သူမက ပြန်မထူးနိုင်ဘဲ ငေး၍သာ ကြည့်နေမိသည့် အခါမှာတော့ ယောက်ျားပျိုသည် စိတ်မချမ်းမသာ ဖြစ်သွားသော မျက်လုံးများဖြင့် သူမ၏ မျက်နှာကို ငုံ့ကြည့်ပြီး သူမ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်လေသည်။

"နှမလေးက မောင်တော်ကို မသိတော့ဘူးလား"

မေကြာညို ရင်ထဲသို့ ငိုချင်စိတ်များက အဆားအဆီးမရှိ တိုးဝင်လာပြန်သည်။ ဘာဖြစ်လို့လဲဆိုတာကို စဉ်းစားလို့မရ။

"ကျွန်မ... ကျွန်မ"

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်နေသည့် သူမကို ယောက်ျားပျိုက ပန်းများပွင့်ဖူးနေသည့် ဥယျာဉ်ကြီးအတွင်းသို့ လက်ဆွဲ၍ ညင်သာစွာ ခေါ်ဆောင်လေသည်။

တကယ်ဆို သူ မသိသော ယောက်ျားတစ်ယောက်နှင့် အခုလို တရင်းတနှီး မနေသင့်ဟု မေကြာညိုက တွေးမိသည့် အချိန်တွင် သူမသည် ထိုလူနှင့်နီးကပ်စွာ ထိုင်နေမိပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမကို ခေါ်လာခဲ့သည့် အမျိုးသမီးကြီးသည်လည်း သူမတို့အနားတွင် ရှိမနေတော့ပါ။

"အခုအချိန်ဟာ မောင်တော်တို့နှစ်ယောက် လက်ဆက်ရမယ့် အချိန်ပဲ နှမတော်။ တကယ်ဆိုရင် အခုအချိန်ဟာ နှမတော် လူ့ဘဝကနေ ပြန်လာရမည့်အချိန်ပါပဲ။ ဒါပေမယ့် နှမတော် ပြုရမယ့်ကောင်းမှု ကုသိုလ်တွေ သာသနာလုပ်ငန်းတွေ ဘာတစ်ခုမှ မလုပ်ရသေးတဲ့အတွက် ပြန်မလာရသေးဘူးလို့ အဘိုးက အမိန့်ချတယ်။ ဒါပေမယ့် မောင်တော်တို့နှစ်ယောက်ရဲ့ လက်ဆက်ပွဲကိုတော့ ရအောင်ကျင်းပဖို့ ခွင့်ပြုပေးတယ်လေ။ ဒါကြောင့် နှမတော်ကို ဒီအချိန်မှာ ဒီနေရာကိုရောက်အောင် ခေါ်လိုက်ရတာပေါ့ကွယ်"

အံ့အားသင့်လွန်းလို့ မေကြာညိုက ဘာမှပြန်မပြောနိုင်ဘဲ ဆွံ့အနေမိလေသည်။

အတော်ကြီးကြာတော့မှ သူမက ထစ်ငေါ့တိုးညင်းစွာ စကားပြန်ပြောနိုင်သည်။

"ကျွန်မ... ကျွန်မ ဘာကိုမှ မသိပါဘူးရှင်"

"ဪ... ဘာကိုမှ မသိတော့ဘူးလား နှမတော်ရယ်"





ပြောရင်း ယောကျ်ားပျိုသည် မျက်ရည်တွေ ဝေအိုင်လာပြီး သူမ၏ ပခုံးကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်၍ သူမ၏ မျက်လုံးထဲသို့ တည့်မတ်စွာ ငုံ့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် သူမသည် အဖြစ်အပျက်ပေါင်းများစွာကို တစ်ခဏလေးအတွင်းမှာပင် ရုပ်ရှင်ကြည့်ရသလိုမျိုး ပုံစံဖြင့် မြင်တွေ့လိုက်ရလေတော့၏။

ပထမဦးဆုံး သူမ မြင်တွေ့ရတာက သူမကိုယ်တိုင်နှင့် သူမရှေ့တွင်ရှိနေသည့် ယောကျ်ားပျိုတို့ ကြာညိုပန်းများ တပွေ့တပိုက်ဖြင့် ဘုရားအတူဖူးနေသည့် ပုံရိပ်ဖြစ်သည်။

သူမသည် နန်းတွင်းသူတစ်ယောက်လို ပုံစံမျိုး ဝတ်စားဆင်ယင်ထားပြီး ပြုံးရွှင်ကြည်နူးနေလေသည်။

ယောကျ်ားပျို၏ လက်မောင်းတွင် ခေါင်းမှီနွဲ့ကာ သရောင်အောက်၌ လမ်းလျှောက်နေလေသည်။ မြင်ရုံနှင့်ပင် သူမသည် ထိုယောကျ်ားပျိုအပေါ် အလွန်အမင်း ချစ်ခင်တွယ်တာကြောင်း သိသာလွန်းလှပြီး ယောကျ်ားပျိုကလည်း သူမကို မြတ်နိုးအလေးထားကြောင်း သိသာနေပြန်သည်။

ပန်းဥယျာဉ်ကြီးထဲ၌ အတူလျှောက်သွားသည့် ပုံရိပ်

www.burmeseclassic.com



များ၊ သူမ၏ ရှည်လျားနက်မှောင်သော ဆံနွယ်များပေါ်တွင် ပန်းပန်ပေးနေသော ပုံရိပ်များကို မြင်တွေ့ရပြီးနောက် သူမ၏ မှတ်ဉာဏ်များက တစ်စုံတစ်ရာ ပိတ်ဆို့ထားရာမှ ပွင့်သွားသလိုမျိုး လင်းလက်သွားပြီး အတိတ်ကို ပြန်သတိရမိကာ ရှိုက်ကြီးတငင် ငိုကြွေးမိသွားလေတော့သည်။

"မောင်တော်... မောင်တော်ရယ်"

ငိုညည်းရင်း လက်ဆက်ပွဲကျင်းပဖို့နီးမှ လူ့ဘဝသို့ စေလွှတ်ခံရတာတွေ၊ ဝမ်းနည်းပက်လက် ငိုကြွေးခဲ့ရတာတွေ မသွားရဖို့ တောင်းပန်ခဲ့တာတွေ အားလုံးကို ပြန်မြင်မိသည်။

ဘယ်လိုမှ ရှောင်လွှဲမရတော့သည့်အဆုံး လူ့ဘဝကို ရောက်လျှင် အတိတ်ဘဝကို တမ်းတပူဆွေး မနေရအောင် အမှတ်သညာများ ယူမသွားခဲ့တာကိုပါ ပြန်မြင်လိုက်ရသိလိုက်ရသည့်အချိန်မှာတော့ မေကြာညိုသည် ဝမ်းနည်းပူဆွေးမှုများကြောင့် သတိလစ် မေ့မြောသွားလုမတတ်ပင် ခံစားလိုက်ရတော့သည်။

"နှမတော် စိတ်ကိုထိန်းပါကွယ်"

ချော့မော့သံကို ကြားရတော့မှ ပိုမို ဝမ်းနည်းသွားသည်။





သူမက ရှိုက်ကာ ရှိုက်ကာ ငိုကြွေးနေမိပြီး ချစ်သူနှင့် ခွဲခွာရမှာကို ကြောက်လန့် တုန်လှုပ်သွားမိလေသည်။

"အခု... အခု နှမတော် ပြန်ရောက်လာတာလား၊ အပြီးပြန်လာခဲ့ရတာ မဟုတ်ဘူးလား မောင်တော် အပြီးပြန်လာခဲ့ရတာ မဟုတ်ဘူးလားဟင်"

"မဟုတ်ဘူးကွယ်၊ မောင်တော် တောင်းပန်းလွန်းလို့ ခဏလေး လာခွင့်ပြုတာပါ။ ပြီးရင် နှမတော် လူ့ဘဝမှာ ကောင်းမှုကုသိုလ်တွေပြုဖို့ ပြန်သွားရလိမ့်ဦးမယ်"

"ဘုရား... ဘုရား နှမတော်က မောင်တော့်ဆီကို အပြီး ပြန်လာရတာ မဟုတ်သေးဘူးပေါ့"

"ဟုတ်တယ် နှမတော်၊ အထိန်းတော်ကြီးက မပြောပြဘူးလား"

မောင်တော်သည် သူမကို ယုယကြင်နာစွာ မျက်ရည်သုတ်ပေးလေသည်။

ထို့နောက်...

အိမ်ကြီးအတွင်းသို့ ခေါ်လာလေသည်။

"ဟဲ... အချိန်မရှိတော့ဘူး နှမတော်၊ လက်ဆက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပဖို့ရှိနေတာကြောင့် ပြင်ဆင်လိုက်ပါဦးကွယ်"

ပြောပြောဆိုဆိုပင် မောင်တော်သည် သူမကို အခြွေအရံ မိန်းမဖော်များလက်သို့ ထည့်ပေးလိုက်သည်။ သူမကတော့ မောင်တော်နှင့် ပြန်လည်ခွဲခွာရဦးမည် ဆိုသည့်အသိကြောင့် မရွှင်ပျနိုင်ဘဲ မျက်ရည်တွေက အတောမသတ်နိုင်။

ပူဆွေးသောက ရောက်နေရင်းဖြင့်ပင် သူမသည် လက်ထပ်ပွဲကျင်းပဖို့အတွက် လှပစွာ ဝတ်စားပြင်ဆင်ပြီးသွားပြီ၊ အသင့်စောင့်နေသည့် မောင်တော်ထံသို့ ရောက်သွားရတော့သည်။

မောင်တော်သည်လည်း မရွှင်ပျပါ။ အိမ်ကြီး၏ ခန်းမဆောင်ထဲတွင် ယောကျ်ား၊ မိန်းမ ညှိသည်အပေါင်းစုရုံးရှိနေကြတာကို သတိပြုမိသော်လည်း သူမ၏ စိတ်အာရုံများက သောကများထဲ၌သာ နစ်နေတာမို့ မည်သူ့ကိုမျှ မကြည့်မိ၊ ဘာတွေ လုပ်ကိုင်နေကြသည်ကိုလည်း မကြည့်မိ၊ သူမသည် ကိုယ့်ကိုယ်ကို သိုက်နန်းရှင် သခင်မလေးအဖြစ် ခံစားမိသွားသည်နှင့် မေကြာညီဆိုသည့် ဘဝထဲသို့ လုံးဝပြန်မဝင်ချင်တော့ဘဲ ဖြစ်သွားရတာ သေချာလေသည်။





ဒီလိုနှင့်ပင် သူမနှင့် မောင်တော်သည် လက်ထပ်ပြီး၍ ပြီးစီးသွားလေတော့သည်။

သူမတို့ကိုယ်ပေါ်သို့ ပန်းများနှင့် ကြဲပေါက်ကြတာကို မပျော်ရွှင်နိုင်ဘဲ သူမက မောင်တော်ကိုသာ တောင်းပန်တိုးလျှိုးနေမိလေသည်။

"နှမတော် မပြန်ပါရစေနဲ့တော့ မောင်တော်။ ဒီမှာပဲ နေပါရစေတော့ လူ့ဘဝကို ပြန်မသွားပါရစေနဲ့တော့နော်"

မောင်တော်က ကြေကွဲနေသော်လည်း တည်ငြိမ်သည့်အသံဖြင့် သူမကို နှစ်သိမ့်ဖျောင်းဖျလေသည်။

"ခဏပါပဲ နှမတော်၊ မကြာပါဘူးကွယ်။ အခု ပြန်သွားပြီး လူ့ဘဝမှာ ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ပါ။ ပြီးရင် အပြီးပြန်လာပြီး မောင်တော်နဲ့ ပျော်ပျော်ရွှင်ရွှင် နေကြတာပေါ့ကွယ်"

"ဟင့်အင်း နှမတော် မပြန်ချင်ဘူး။ မပြန်ပါရစေနဲ့"

ဒီကိစ္စဟာ အဘိုးရဲ့အမိန့်အတိုင်းမို့ မောင်တော်ပဲ မတတ်နိုင်ပါဘူး နှမတော်။ တစ်ခုပဲ အသေအချာမှတ်လိုက်မယ်နော်။ နှမတော်ဟာ မောင်တော်နဲ့ လက်ဆက်ပြီးသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



မို့ လူ့ဘဝမှာ လက်ထပ်ခွင့် မရှိတော့ဘူး။ အဲဒါကို အသေအချာ မှတ်ထားပါ"

ကြေကွဲပူဆွေးစွာ ခေါင်းညိတ်ပြရင်း သူမက ချစ်သူ၏ လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားမိသည်။

ဝမ်းနည်းပူဆွေးရလွန်းလို့ သူမ၏ ရင်ဘတ်ထဲ၌ မီးတောက်တော့မလားဟုပင် ထင်မှတ်ရနေရလေသည်။

မောင်တော်သည် သူမ၏ ပါးပြင်တစ်ဖက်ကို ညင်သာစွာ နမ်းပြီး နှုတ်ဆက်လေသည်။

"ကဲ... အချိန်မရှိတော့ဘူး နှမတော်၊ သွားစို့ကွယ် တံခါးဝအထိ မောင်တော် လိုက်ပို့ပေးမယ်။ နှမတော် ပြန်အလာကို တံခါးဝကပဲ မောင်တော် စောင့်နေမယ် သွားစို့"

သူမက တကယ် သွားရမည်ဆိုသည့် အသိကြောင့် လူးလိမ့်ငိုကြွေးမိသည်။

"မသွားဘူး မသွားချင်တော့ဘူး"

"စိတ်ကိုထိန်းပါ နှမတော်၊ ငိုယိုနေလို့လဲ ပြီးသွားမှာ မဟုတ်ပါဘူးကွယ်။ အခု ပြန်သွားပြီး လုပ်စရာရှိတဲ့ တာဝန်တွေကို လုပ်ပါ၊ ပြီးရင် ပြန်လာခဲ့ပါ"





"နှမတော်ကို သနားပါ၊ မောင်တော်နဲ့ မခွဲပါရစေနဲ့"

မောင်တော်သည် စိတ်ထိခိုက်စွာ ခေါင်းခါယမ်းနေသည်။

သူမကလည်း မောင်တော့်လက်မောင်းကို အတင်းဖက်တွယ်၍ မသွားရအောင် ကြိုးစားတောင်းပန်နေမိသည်။

ထိုအချိန်မှာပင် သူမတို့ အနီးသို့ မကြာညိုအဖြစ်နှင့် တုန်းက သူမကို ထိန်းကျောင်းပြုစုခဲ့သည့် ဒေါ်ကျင် ရောက်လာလေသည်။

"ဟင်... သခင်မလေးက ဒီကို ရောက်နေတာလား။ ဟိုကလူတွေကတော့ စိတ်ပူနေလိုက်ကြတာ အရူးမီးဝိုင်းပါပဲလားကွယ်"

ထိုစကားကို ကြားလိုက်ရတာနှင့် သူမ၏ စိတ်အစဉ်သည် မကြာညို ဘဝသို့ ဖျတ်ခနဲ ပြန်ရောက်သွားမိသည်။

ထိုသို့...

စိတ်ပျံ့သွားသည်နှင့် တစ်ပြိုင်နက်တည်း သူမသည် ယောကျ်ားကြီး လေးယောက် ထမ်းပိုးထားသော ဝေါပေါ်သို့ ရောက်ရှိသွားပြီး ဝေါသည် လျင်မြန်စွာ ရွေ့လျားသွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

အဲဒီအခါမှာတော့ သူမက...

“မပြန်ပါရစေနဲ့ မောင်တော်”

“မပြန်ပါရစေနဲ့ မောင်တော်” ဟု အော်ဟစ်တောင်းပန်ရင်း လျင်မြန်စွာ ရွေ့လျားနေသော ဇော်ပေါ်တွင်စီးနင်းလိုက်ပါသွားရလေတော့သည်။

* * *

## အခန်း (၁၈)

“မပြန်ပါရစေနဲ့ မောင်တော်”

“မပြန်ပါရစေနဲ့ မောင်တော်”

သူမက အသံကုန်အော်ဟစ်နေဆဲ ဝေးလံသော အရပ်မှ တိုးလျှသည့် ခေါ်သံကို စတင်ကြားရပေသည်။

“မေ... မေ”

“မေကြာညို”

“မေ သတိရပြီလားဟင်”

“ဟဲ့... ရေပေးပါ”

“ရေကို မတိုက်လိုက်နဲ့နော်၊ ဂွမ်းစကလေးကိုရေဆွတ်ပြီး နှုတ်ခမ်းမှာတင်ပေး”

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် အော်ဟစ်နေသည့် သူမ၏အသံကို တိုးတိမ်ပျောက်ကွယ်သွားသည်။

နောက် သူမကြားနေရသော ဝေးလံသည့် နေရာမှ အသံတိုးတိုးလေးများသည် တစ်စတစ်စနှင့် ပီပြင်ကျယ်လောင်လာကြလေတော့သည်။

"မေ... မေကြာညို"

ဒါ ခင့်အသံဟု သူမက မှတ်မိလိုက်သည်။

"မေ... မေ မျက်တောင်လေးတွေ လှုပ်နေတယ်ဟ ဆရာဝန် ပြေးခေါ်ပါဦး"

ဒါ ဇော်ထွဋ်အသံ...

"မေ..."

"မေရေ သတိရပါတော့"

မို့အသံ သော်အသံ။

သေချာသည် သူမသည် မေကြာညိုဘဝထဲသို့ ပြန်ရောက်လာပြီလား။

လေးလံသော မျက်ခွံများကို အတင်းဖွင့်လိုက်မိသည်။ စစချင်း မြင်ကွင်းတွေက မကြည်လင်ပါ။ မျက်လုံး





ကို ပြန်မှိတ်ထားပြီး ဖွင့်လိုက်တော့မှ ကြည်လင်စွာဖြင့် နံဘေးမှ လူများကို မြင်ရသည်။

သူမကို ဝိုင်းကြည့်နေသော သူများထဲတွင် မောင်တော် မပါပါ။ အထိန်းတော်ကြီးကိုလည်း မတွေ့ရပါ။

အဲဒီအခါမှာတော့ မေကြာညိုက ရှိုက်ကြီးတငင် ငိုချပစ်လိုက်တော့သည်။

"မောင်တော် မောင်တော်ရယ်"

"နှမတော်ကို တကယ်ပဲ ပြန်ခိုင်းလိုက်ပြီပေါ့"

"ဒီလောက် တောင်းပန်နေတဲ့ ကြားထဲက ပြန်ခိုင်းလိုက်ပြီပေါ့"

"မေ ဘာတွေပြောနေတာလဲ"

ခင်က စိုးရိမ်တကြီး မေးသည်။

"မေ ငါတို့ကို သိရဲ့လား"

သူမက ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်မိသည်။ သူမ၏ ခန္ဓာကိုယ်ကို ငုံ့ကြည့်လိုက်တော့ လက်ထပ်ပွဲတွင် ဝတ်ဆင်သည့် အဝတ်အစားများ မဟုတ်တော့ဘဲ မေကြာညို ဘဝက အဝတ်အစားများကိုပဲ ဝတ်ဆင်ထားတာ တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ငါ့ကို ဘယ်သူ ပြန်လာပို့သွားတာလဲဟင်။ ငါ ဒီ နေရာကို ဘယ်လို ပြန်ရောက်လာတာလဲ။ အခု... အခု ဘယ် နေရာကို ရောက်နေတာလဲ"

သူမမေးတာကို ခင်က ပြန်ဖြေသည်။

"နင် အခု ဆေးရုံပေါ်ကို ရောက်နေတာလေ မေရဲ့ ငါတို့ ကားက သစ်တုံးကြီးကို ဝင်တိုက်လိုက်တာလေဟာ၊ ငါက နဖူးပေါက်သွားတယ်၊ နင်က ဒဏ်ရာကြီးကြီးမားမား မရှိဘဲ သတိမေ့သွားလို့ ညတွင်းချင်း တိုက်နယ်ဆေးရုံကို ပို့လိုက်တာလေ။ အခု မနက်ခုနစ်နာရီ ထိုးသွားပြီ မေရဲ့။ နင် သတိလစ်သွားတာ ငါးနာရီလောက်တောင် ကြာတယ်"

ခင် ပြောတာကို သူမက ဘယ်လိုမှ လက်မခံနိုင်။

လုံးဝ မဖြစ်နိုင်တာတွေကို ခင် ပြောနေတာပဲဟု တွေး မိသည်။

ကားတိုက်လိုက်တာကိုလည်း သူမ သိသည်။ ကား ပေါ်ကနေ သူမ လွင့်ကျသွားပြီး ကြာညိုအိုင်ကြီးထဲရှိ သိုက် နန်းထဲသို့ ရောက်ရှိသွားခဲ့သည်။

သိန်းမင်းစာပေ



ငြိမ်သက်နေသော ရုပ်ခန္ဓာများကို တွေ့ခဲ့ရသည်။ ချစ်သူနှင့်လည်း တွေ့ခဲ့ရသည်။ လက်ထပ်ပွဲကိုလည်း ဆင် နွှဲခဲ့ရသည်။

ပြီးတော့...

သူမတို့အိမ်မှ အလုပ်သမား ဒေါ်ကျင်ကိုလည်း သိုက် နန်းထဲ ပြန်ရောက်နေတာ တွေ့ခဲ့ရသည်။ သူမကို လက်ထပ်ပွဲ နေရာကနေ ဝေါနှင့် ပြန်ပို့ပေးခဲ့တာလည်း အမှန်ပင် ဖြစ် သည်။

ဒါကို ခင်တို့က ဘာကြောင့် သူမ သတိလစ်နေတာ ပါလို့ ပြောနေကြရတာလဲ။ ဘာကြောင့် လိမ်ညာနေကြတာ လဲ။

အတွေးကြောင့် စိတ်တိုသွားသည့်အတွက် မေကြာညို ဟာ ဆေးရုံခုတင်ပေါ်တွင် လှဲအိပ်နေရာမှ ဝုန်းခနဲ ထထိုင် လိုက်မိသည်။

"ဘုရားရေ မေ အဲဒီလို မလုပ်နဲ့လေ"

"နင်က နေမကောင်းဘူးလေဟာ"

"နင့်ခေါင်းမှာ ဒဏ်ရာ ရထားတယ် မေရဲ့၊ အရမ်း

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရှားနဲ့"

သူငယ်ချင်းတွေက သူမကို စိုးရိမ်တကြီး ဝိုင်းပြောကြသည်။

"ငါ ဘာမှမဖြစ်ဘူး။ နင်တို့ ငါ့ကို ဘာဖြစ်လို့ ညာနေရတာလဲ။ ဘာကြောင့်လဲ ငါ ကြာညိုအိုင်ထဲက သိုက်နန်းကို ရောက်သွားတာ"

ခင်တို့က သူမကို တအံ့တဩ ကြည့်ကြသည့် အချိန်မှာပင် ဆရာဝန်ဖြစ်ပုံရသည့် ဦးလေးကြီးတစ်ယောက် အနားသို့ ရောက်လာလေသည်။

"လုပ်... လုပ်ပါဦး ဆရာ၊ သူ ကယောင်ကတမ်းတွေ ပြောနေတယ် ဆရာ"

ဇော်ထွဋ်က ဆရာဝန်ကို အားကိုးတကြီး ပြောသည်။

သူမကတော့ ဇော်ထွဋ်ကိုသာ ဒေါသတကြီး အော်ဟစ်ပစ်လိုက်မိသည်။

"ဘာ ငါ ကယောင်ကတမ်း ပြောနေတယ် ဟုတ်လား၊ မဟုတ်ဘူး ငါအမှန်တွေကို ပြောနေတာ၊ နင်တို့ကသာ ငါ့ကို ညာနေတာ ငါအခုမှ နင်တို့ဆီကို ပြန်ရောက်လာတာ





လေ"

"မဟုတ်ဘူး မေ၊ နင် ငါတို့နဲ့ တစ်လျှောက်လုံး အတူတူရှိနေတာပဲ။ နင် သတိမေ့လို့ ငါတို့မှာ စိတ်ပူလိုက်ရတာ နင်ကို ဘာကြောင့် ညာပြောရမှာလဲ"

သူမကလည်း ဘယ်လိုမှ အလျှော့မပေးနိုင် သူ မမှားသည့်အတွက် မဟုတ်တာတွေကို အဟုတ်လုပ်ပြီးတော့ နားထောင်မပေးနိုင်ဘဲ ဖြစ်နေမိသည်။

"မဟုတ်ဘူး ငါ... ငါ သိုက်နန်းထဲကို တကယ် ရောက်သွားတာ သိလား၊ ခင် ငါ့ကို ဝေါနဲ့လာခေါ်တဲ့ ယောကျ်ား ငါးယောက်ဟာ နင်တို့အဘိုး ငယ်ငယ်တုန်းက ကြာညိုအိုင်သိုက်ကိုတူးခဲ့တဲ့ သျှောင်တစောင်းထုံးထားတဲ့ သိုက်ဆရာကြီးပေါ့"

သူမပြောပြတာတွေကို ခင်တို့အားလုံးက ယုံကြည်ပုံမရဘဲ မျက်စိမျက်နှာပျက်ယွင်းပြီး နားထောင်နေကြလေသည်။

"မေ နင်... နင် ဘာတွေဖြစ်နေတာလဲ။ လုပ်ပါဦး ဆရာ၊ ကျွန်မတို့ သူငယ်ချင်း ဘာတွေဖြစ်နေပြီလဲဟင်



www.burmeseclassic.com

www.burmeseclassic.com



ကယ်ပါဦး ဆရာရယ်"

မို့က ငိုသံပါကြီးနှင့် ဆရာဝန်ကို ပြောလေသည်။

ဆရာဝန်ကတော့ ခင်တို့လို မဟုတ်ဘဲ သူမပြောတာကို ယုံကြည်ပုံရသည်။

ခင်တို့ကို လက်ကာပြပြီး သူမပြောသည့် စကားကိုပဲ အလေးအနက်ထားကာ ဆက်၍ ပြောခိုင်းလေသည်။

"ပြော သမီး၊ ပြောပါ သမီး ဘယ်ကိုရောက်ခဲ့တယ်ဆိုတာ ပြောပြပါ။ ကဲ... က အားလုံး ဒီကသမီးပြောတာကို နားထောင်ကြ ဟုတ်လား"

ဒီတော့မှပင် မေကြာညိုက သူမတွေ့ကြုံလာခဲ့ရသည့် အတွေ့အကြုံ အဖြစ်အပျက်များကို အနှောင့်အယှက်ကင်းစွာ ပြောပြရလေတော့သည်။

* * *



## အခန်း (၁၉)

မေကြာညို ပြောပြသည့် အကြောင်းအရာများကို ခင်တို့အားလုံးက မျက်လုံးအပြူးသားနှင့် နားထောင်နေမိသည်။

ပြောပြနေရင်း စိတ်ထိခိုက် ကြေကွဲနေပုံဖြင့် မေကာငိုရှိုက်နေသေးသည်။

ဇော်ထွဋ်နှင့် သက်ဦးသည် မေပြောပြနေတာတွေကို နားထောင်ရင်း စိတ်မကောင်းစွာ ခေါင်းခါယမ်းနေကြသည်။

ခင်တို့ မိန်းကလေး သုံးယောက်ကတော့ တစ်ယောက်မျက်နှာကို တစ်ယောက် အဓိပ္ပာယ်များစွာ ပါဝင်သည့် အကြည့်များဖြင့် ကြည့်မိကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ မကြာညိုပြောနေသော အကြောင်းအရာများသည် လမ်းတစ်လျှောက်လုံး သူမတို့ ပြောဆိုလာခဲ့သည့် အကြောင်းအရာများကို အခြေခံနေလို့ပဲ ဖြစ်လေသည်။

"သိလား ခင်၊ ငါ ပြန်လာခါနီးမှာ ဒေါ်ကျင်ကို တွေ့ခဲ့ရတယ်။ သူ သိုက်နန်းထဲကို ပြန်ရောက်သွားပြီ ခင်၊ လူ့ဘဝမှာ ဒေါ်ကျင် မရှိတော့ဘူး။ အခုလောက်ဆိုရင် ဒေါ်ကျင် သေသွားလောက်ပြီဟ"

မကြာညိုအသံတွေ တုန်ယင်နေသည်။

ခင်တို့က ဘာပြောလို့ ဘာလုပ်ရမည်မှန်း မသိတော့ မေ ပြောသည့် ဒေါ်ကျင်ဆိုတာ မေ့ကို ငယ်ငယ်လေးကတည်းက ထိန်းကျောင်းလာခဲ့သည့် အဒေါ်ကြီးဖြစ်ကြောင်း ခင်တို့ အားလုံး သိထားသည်။

"မဟုတ်တာ မေရယ်၊ ဒေါ်ကျင်က ဘာဖြစ်လို့ သေရမှာလဲ"

ဟု ဇော်ထွဋ်က လေပြေကလေးနှင့် ဝင်ပြောလေသည်။

မကြာညိုက ဇော်ထွဋ်ပြောတာကို အရေးမလုပ်ဘဲ





သူမ တွေ့ကြုံလာသည်ဆိုသည့် အကြောင်းအရာများကိုသာ ကရားရေလွှတ် တတွတ်တွတ် ပြောဆိုနေလေတော့၏။

"သိပ်သာယာတဲ့ နေရာပဲ။ ပန်းရောင်စုံတွေလဲ ပွင့်လို့၊ အလင်းရောင်ကလဲ သိပ်အေးမြတယ်။ နေရောင်နဲ့လဲ မတူဘူး။ လျှပ်စစ်မီးရောင်လိုမျိုးလဲ မဟုတ်ဘူး။ အိမ်ကြီးတွေကလဲ အရမ်းခမ်းနားတာပဲ"

မကြာညိုသည် ဘယ်သူမျက်နှာကိုမှ မကြည့်ဘဲ သူမ ပြောနေသည့် စကားများထဲ၌သာ နစ်မျောရင်း ပြောဆိုနေဆဲ ခင်နှင့် ဇော်ထွဋ်ကို ဆရာဝန်ကြီးက လက်တို့၍ခေါ်ကာ မေရှိသည့် အခန်းထဲမှ အပြင်သို့ ထွက်လာလေတော့သည်။

အပြင်ရောက်တာနှင့် ဇော်ထွဋ်က စိုးရိမ်တကြီး မေးလေသည်။

"ဆရာ သူ... သူ ဘာဖြစ်သွားတာလဲ ဆရာ"

ဆရာဝန်က တွေးတွေးဆဆပုံစံဖြင့် ပြန်ဖြေလေသည်။

"ဆရာအထင် ပြောရရင် ကားပေါ်က ပြုတ်ကျတဲ့အရှိန်နဲ့ ခေါင်းကိုထိသွားတယ် ထင်တာပဲ မောင်ရင်။ တောမြို့ကလေးက ဆေးရုံမှာ ဓာတ်မှန်တွေ၊ အာထရာဆောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့အတွက် ဆရာအထင်ကို သက်သေပြလို့တော့ မရနိုင်ဘူးပေါ့လေ။ အကောင်းဆုံးကတော့ မြို့ဆေးရုံကြီးကိုသာ အမြန်ဆုံး ခေါ်သွားသင့်တယ်”

“အသက်အန္တရာယ်ရှိသလား ဆရာ”

“အသက်အန္တရာယ်တော့ မရှိပါဘူး။ ခေါင်းကိုထိပေမယ့် ရုတ်တရက် ထိုးအန်တဲ့ လက္ခဏာတို့၊ ခေါင်းမထူနိုင်အောင် မူးဝေနေတဲ့ လက္ခဏာတို့ကို မတွေ့ရဘူးလေ။ ဒါပေမယ့် ခေါင်းဟာ အင်မတန် အရေးကြီးတဲ့ အစိတ်အပိုင်းဆိုတော့ ပေါ့ဆလို့တော့ မဖြစ်ဘူးပေါ့”

“ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်တို့ မြို့ဆေးရုံကို အမြန်ဆုံး ပို့လိုက်ပါမယ်”

“ဒါနဲ့ မောင်ရင်တို့ သူငယ်ချင်းက သိုက်တို့ ဥစ္စာစောင့်တို့ကို တော်တော်ပဲယုံကြည် စိတ်စွဲသလား”

ထိုမေးခွန်းကိုတော့ ခင်ကပဲ ဝင်ဖြေလိုက်ရသည်။

“မကြာညိုက သိုက်တွေ၊ ဥစ္စာစောင့်တွေကို မယုံတတ်ပါဘူး ဆရာ၊ သူ့ထက်စာရင် ကျွန်မတို့ကမှ ဥစ္စာစောင့်ပုံပြင်တွေနဲ့ ရင်းနှီးခဲ့တာပါ”



ဆရာဝန်က တအံ့တသြ ဖြစ်သွားပြီး ပြောသည်။

“ဒါဆို ဘာကြောင့် သိုက်အကြောင်းတွေ ပြောနေ တာလဲ”

“ဟို... ကျွန်မတို့ အလာခရီးမှာ ဥစ္စာစောင့်အကြောင် တွေချည်းပဲ ပြောလာမိပါတယ် ဆရာ”

“သြော်... ဒါကြောင့် ဖြစ်ပါလိမ့်မယ်။ နားထောင် ထားခဲ့တာတွေကို စွဲလမ်းပြီး သူကိုယ်တိုင် တကယ်ဖြစ်ေ သလို ထင်သွားတာပေါ့လေ။ ကဲ... မောင်ရင်တို့လဲ စိ စရာရှိတာ စီစဉ်ပါတော့”

“ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးတင်ပါတယ်”

“ရပါတယ်ဗျာ”

ဆရာဝန် ထွက်သွားတာနှင့် ဇော်ထွဋ်က ခင်ကို အပြ တင်တော့သည်။

“နင်တို့က ပေါက်ကရတွေ လျှောက်ပြောကြတာက် ခင်ရဲ့။ အခုတော့ မေ့ခများ သနားပါတယ်။ ဦးနှောက်ေ ဘာတွေ ပျက်သွားရင် ဒုက္ခပါပဲ။ သူ့မိဘတွေကိုရေ ဘယ်လို ပြောရမလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဇော်ထွဋ်၊ မေ ပြောတာတွေကို ပစ်ပစ်ခါခါတော့လဲ မလုပ်သင့်ဘူး ထင်တယ်ဟ။ ငါတို့ရွာထိပ်က ကြာညိုအိုင်ကြီးမှာ တကယ်ပဲ ဥစ္စာစောင့်တွေ ရှိတယ်"

ခင်က မရဲတရဲပြောမိတော့ ဇော်ထွဋ်က ခင်ကို ဟောက်သည်။

"တော်စမ်းပါဟာ အရူးမထနဲ့၊ နင့်အပြောတွေကြောင့် မေတောင် ဒုက္ခရောက်နေပြီ မဟုတ်လား။ အဓိပ္ပာယ်မရှိတာတွေကို ထပ်မပြောပါနဲ့"

ခင်က ဆက်မပြောဘဲ ငြိမ်သက်နေလိုက်ရပေမယ့် စိတ်ထဲမှာတော့ ဇဝေဇဝါ ဖြစ်နေမိသည်။

မေကြာညိုထံ ပြန်လာတော့ မေသည် သူမတွေ့ကြုံလာခဲ့ရသည့် အကြောင်းအရာများကိုပဲ အပ်ကြောင်းထပ်အောင် ထပ်ခါတလဲလဲ ပြောဆိုနေလေတော့သည်။

"ငါ မောင်တော်နဲ့ လက်ထပ်ပြီးသွားပြီ၊ မောင်တော်က ငါ့ကို မှာလိုက်တယ်။ လူ့ဘဝမှာ ဘယ်သူနဲ့မှ လက်မထပ်ရဘူးတဲ့။ အခု ကောင်းမှုကုသိုလ်တွေလုပ်ဖို့ ငါ ပြန်လာခဲ့ရတာ၊ မကြာခင် မောင်တော့်ဆီကို ငါ ပြန်သွားရ





တော့မယ်။ ငါ ပြန်အလာကို မောင်တော်က သိုက်နန်းတံခါးဝကနေ စောင့်နေလိမ့်မယ်"

မေသည် ထိုစကားများမှလွဲ၍ မည်သည့်စကားများကိုမှ မပြောတော့ပါ။

ခင်တို့အားလုံး၏ မျက်နှာကိုလည်း လုံးဝ မကြည့်တော့ပါ။

စကားတွေ မရပ်မနား ပြောနေသည့်အတွက် ဆရာဝန်က မေ့ကို အိပ်ပျော်သွားအောင် ဆေးတစ်လုံး ထိုးပေးလေသည်။

သို့သော်...

မေက လုံးဝ မအိပ်ပါ။ အရူးတစ်ယောက်လိုပင် မေသည် ရန်ကုန်အိမ်ကို ဖုန်းဆက်နိုင်းလေသည်။

"ခင် ငါ့အိမ်ကို ဖုန်းဆက်စမ်းပါဟာ၊ ဒေါ်ကျင် သေသွားပြီဆိုတာကို ငါသိတယ်"

"အေးပါ ဆက်ပေးပါ့မယ်"

ဟု မေ ကျေနပ်အောင် ပြောနေပေမယ့် ခင်ကတော့ ဒေါ်ကျင် သေသွားပြီဆိုတာကို ငါသိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေကလည်း လုံးဝ အလျှော့မပေးခဲ့ပါ။

"ငါပြောတာတွေကို နင် မယုံဘူး မဟုတ်လား။ ဒါဆို ငါ သိုက်နန်းထဲကို တကယ် ရောက်မရောက် ငါပြောသလို သိုက်နန်းထဲမှာ ဒေါ်ကျင်နဲ့ တကယ် တွေ့မတွေ့ သေချာချင်ရင် ငါ့အိမ်ကို အခုပဲ ဖုန်းဆက်ကြည့်လေ။ ဒေါ်ကျင် သေပြီဆိုရင် ငါပြောတာကို နင်တို့ ယုံရမှာပေါ့"

ဟု ပြောသည်။

ခင်တို့ မိန်းကလေးသုံးယောက်က မေကြာညီပြောတာကို စိတ်ဝင်စားမိသည်။

သို့သော်...

ဇော်တွင်္ဂတို့က အရေးမလုပ်ပြန်ပါ။ ယောက်ျားလေး နှစ်ယောက်က ဘယ်လိုမှ အရေးမပါသည့်ကိစ္စထက် မေ့ကို မြို့ဆေးရုံ အမြန်ပို့ဖို့ကိစ္စကိုပဲ စီစဉ်ကြသည်။

မေကတော့ ဆေးရုံကိုလည်း မသွားချင်၊ ရန်ကုန်ကိုလည်း မပြန်ချင် ကြာညီအိုင်ကြီးဆီသို့ပဲ သူမကို ပို့ပေး၊ ပို့ပေး တတွတ်တွတ် တောင်းဆိုနေလေတော့သည်။





ဒီလိုနှင့်ပင် မေကို မြို့ဆေးရုံသို့ ပို့ပေးဖြစ်သွားသည်။ မေကတော့ သိုက်နန်းအကြောင်း၊ သိုက်နန်းထဲရှိ ပန်းဥယျာဉ်များအကြောင်း ငြိမ်သက်နေသည့် ရုပ်ခန္ဓာတွေအကြောင်း လက်ထပ်ပွဲတွင် ဝတ်ဆင်သည့် သူမ၏ ဝတ်စားဆင်ယင်မှုအကြောင်း၊ သူမ ချစ်သူမောင်တော်အကြောင်း၊ အထိန်းတော်ကြီးအကြောင်း စတာတွေကိုသာ နားထောင်သူရှိရှိ၊ မရှိရှိ မနားတမ်း ပြောဆိုနေလေတော့၏။

သေချာတာကတော့ ခင်တို့၏ အပျော်ခရီးသည် ပန်းတိုင်သို့ မရောက်ဘဲ ဖြစ်သွားရခြင်းပင် ဖြစ်လေသည်။

ခင်တို့ အုပ်စုထဲမှ ယောက်ျားလေး နှစ်ယောက်သည် မေကြာညီပြောသည့် စကားများကကို စိတ်ဖောက်ပြန်ပြီး ပြောသော စကားများအဖြစ် မှတ်ယူထားကြပြီး ခင်အပါအဝင် မိန်းကလေး သုံးယောက်ကတော့ မေကြာညီပြောတာတွေကို မယုံတစ်ဝက် ယုံတစ်ဝက် ခံစားရလေသည်။

သို့သော်...

မေကြာညီပြောနေသည့် အကြောင်းအရာများ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်များကို အနိုင်အမာ ယုံကြည်သည့် လူတစ်စုကလည်း အသေအချာ ရှိနေပါသည်။

အဲဒါကတော့ ကြာညိုအိုင်ရွာတွင် နေထိုင်ကြသည့် ရှေ့မီ နောက်မီ သက်ကြီးရွယ်အိုများပဲ ဖြစ်လေသည်။

* * *



BURMESE CLASSIC

## နိဂုံး

မေကြာညိုခေါင်းတွင် ဆရာဝန်ထင်သလို ဦးနှောက်ကို ထိခိုက်လောက်သည့် ကြီးမားသော ဒဏ်ရာဒဏ်ချက် မရှိခဲ့ပါ။

သို့သော် မေကြာညိုသည် လူအများ မယုံနိုင်သည့် အကြောင်းအရာများကို တတွတ်တွတ် ပြောဆိုနေသည့် အတွက် ဆရာဝန်များအနေဖြင့် ရောဂါအမည် တပ်ရခက်ခဲပြီး ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြသည်။

လူအတော်များများသည် မေကြာညို ပြောသည့် အကြောင်းအရာများကို မယုံကြည်ကြပါ။

သို့သော်...



www.burmeseclassic.com

www.burmeseclassic.com



သဏ်ဆေပြရန် ခက်ခဲသည့် တိုက်ဆိုင်မှုတစ်ခုတော့ ရှိခဲ့လေသည်။

အဲဒါက မေကြာညိုတို့ ကားအက်စီးဒင့် ဖြစ်ခဲ့သည့် လပြည့်ည၏ သန်းခေါင်အလွန်တွင် သူမ၏အဒေါ် ဒေါ်ကျင်သည် ရန်ကုန်အိမ်၌ ရုတ်တရက် သေဆုံးသွားခဲ့ခြင်း ဖြစ်လေသည်။

မေတ္တာဖြင့်...

**စွဲမက်သျှင်**

BURMESE CLASSIC

www.burmeseclassic.com